# ဘဏ္ဍာစိုးဆိုင်ရာအကြံပေးချက်များ

## (အယ်လင်ဂျီဝှိုက်)

- ဥစ္စာဓနေ၏ဘဏ္ဍာစိုးများ
- ဆင်းရဲသောသူတို့တွင် စေတနာစိတ်အားထက်သန်မှုတရားပို၍များသည်
- တစ်ပါးအမျိုးသားတို့၏စီးပွားချမ်းသာ
- လက်ခံနိုင်သောပေးကမ်းခြင်း၏မှန်ကန်သောအကြောင်းရင်းများ

## မာတိကာ


၂၈။ ဥစ္စာဓနေသည်ယုံကြည်၍အပ်နှံထားသောအစွမ်းသတ္တိဖြစ်ခြင်း ------------------------------- ၃
၂၉။ ဥစ္စာဓနေကိုဆည်းပူးခြင်းနည်းလမ်းများ ----------- ၂၀
၃၀။ စီးပွားတိုးတက်ခြင်း၌ဘေးအန္တရာယ် ------------ ၃၃
၃၁။ စာတန်၏ပရိယာယ်များ -------------------- ၄၉
၃၂။ ဥစ္စာဓနေကိုအလွဲသုံးခြင်း -------------------- ၅၄
၃၃။ ဆင်းရဲသားများကိုကိုယ်ချင်းစာနာခြင်း ----------- ၆၀
၃၄။ ရက်ရောခြင်းကိုချီးမွမ်းခြင်း ------------------ ၇၈
၃၅။ ဘုရားသခင်ရှေ့တော်၌အဖိုးထိုက်တန်ခြင်း --------- ၉၂
၃၆။ ကျေးဇူးပြုခြင်းများရရှိသည်နှင့်အညီဝေငှပေးကမ်းရမည် ------------------------ ၁၀၁
၃၇။ ဘုရားသခင်သည်လမ်းကိုပြင်ဆင်နေခြင်း --------- ၁၀၇
၃၈။ အကျိုးအမြတ်စုသိမ်းခြင်းအလုပ် -------------- ၁၁၄
၃၉။ ဆောင်ရွက်ခြင်းအားလုံး၌မှန်ကန်သောအကြောင်းရင်း ------------------------- ၁၂၀
၄၀။ စေတနာအလျောက်ပေးကမ်းသောအလှူငွေများ ----- ၁၂၈
၄၁။ ပန်ကြားခြင်း၌ခေတ်ကြိုက်နည်းလမ်းများ --------- ၁၃၅

## (၂၈) ဥစ္စာဓနသည်ယုံကြည်၍အပ်နှံထားသော အစွမ်းသတ္တိဖြစ်ခြင်း

ခရစ်တော်၏နောက်လိုက်များသည် ဥစ္စာဓနကို မထီမဲ့မြင်မပြုရ။ ဥစ္စာဓနကို ဘုရားသခင်ယုံကြည်၍ အပ်နှံထားသော အစွမ်းသတ္တိအနေဖြင့်ကြည့်ရှုရမည်။ ကိုယ်တော်ချပေးတော်မူသောဆုလာဘ်များကို လိမ္မာစွာသုံးစွဲခြင်းဖြင့် သူတို့၌ ထာဝစဉ်အကျိုးကျေးဇူးခံစားရမည်။ သို့သော်လည်း ကျွန်ုပ်တို့သတိထားရမည့်အချက်မှာ– ကျွန်ုပ်တို့စိတ်သဘောကျသုံးစွဲခြင်း၊ စိတ်ဆန္ဒအလျောက်ပြုကျင့်ခြင်းနှင့် ကျွန်ုပ်တို့သဘောရှိပေးကမ်းခြင်း၊ မပေးဘဲထားခြင်းများကိုမပြုလုပ်နိုင်ပေ။ ကျွန်ုပ်တို့သည် ဥစ္စာဓနကိုကိုယ်ကျိုးရှာပြီး ကိုယ်အဖို့လောက်ကိုသာရည်စူး၍ အသုံးမပြုနိုင်။ ကိုယ့်အဖို့သာသုံးစွဲပါက ဘုရားသခင်ကိုလည်းကောင်း၊ လူအချင်းချင်းကိုလည်းကောင်း ထိခိုက်အောင်ပြုလုပ်နေခြင်းဖြစ်၍ နောက်ဆုံးရှုပ်ထွေးခြင်း၊ ဒုက္ခရောက်ခြင်းနှင့် တွေ့ဆုံရပေမည်။

လောကကြီးသည် သူဌေးသူကြွယ်ကိုသာ အခွင့်အရေးပေးမျက်နှာလိုက်၍ ရိုးသားသောဆင်းရဲသားထက်တန်ဖိုးထားကြသည်။ သို့သော်လည်း သူဌေးသူကြွယ်များသည် သူတို့အား





ယုံကြည်၍ အပ်ထားသောဆုလာဘ်များကိုအသုံးပြုသည်အတိုင်း သူတို့၏အကျင့်များသည် ကြီးထွားလျက်ရှိကြသည်။ သူတို့ကို ထာဝရနှင့်ဆိုင်သောကြွယ်ဝခြင်းများအပ်နှံထားဖို့ရန် စိတ်ချရခြင်းရှိ၊ မရှိကို သူတို့သည် ဖော်ပြနေသည်။ ဆင်းရဲသောသူနှင့် ဥစ္စာဓနကြွယ်ဝသောသူနှစ်ဦးစလုံးပင် သူတို့နှင့်ဆိုင်သောထာဝစဉ်မွန်မြတ်သည့်နောင်ကာလကို ဆုံးဖြတ်နေကြ၍ သူတို့သည် အလင်း၌ရှိသောသန့်ရှင်းသူများတို့၏အမွေကိုရရှိဖို့ရန် ထိုက်သင့်သောသူများဖြစ်၊ မဖြစ်ကိုလည်း ထင်ရှားစေကြသည်။ မိမိတို့၏ဥစ္စာစည်းစိမ်ကို ဤကမ္ဘာပေါ်၌ ကိုယ်ကျိုးအဖို့သုံးစွဲသောသူတို့သည် အကယ်၍ သူတို့သည် အခွင့်အရေးပိုရ၍ ဘုရားသခင့်နိုင်ငံတော်၏မပျက်စီးနိုင်သောဘဏ္ဍာများကိုသာရရှိပါက သူတို့သည် မည်ကဲ့သို့ပြုလုပ်ကြမည်ကို သူတို့၏အကျင့်ကဖော်ပြလျက်ရှိသည်။ ဤကမ္ဘာမြေကြီးပေါ်၌ပြုလုပ်နေသည့်ကိုယ်ကျိုးရှာသောကျင့်ဝတ္တရားသည် ကောင်းကင်နိုင်ငံတော်၌ အောင်မြင်နိုင်သည့်ကျင့်ဝတ္တရားများမဟုတ်ပေ။ ကောင်းကင်ဘုံ၌ လူအားလုံးတို့သည် တန်းတူအခြေအနေ၌ရှိကြသည်။

အဘယ်ကြောင့်စည်းစိမ်ဥစ္စာကို “မဖြောင့်မတ်သောငွေဘုရားသခင်” ဟုခေါ်သနည်း။ အကြောင်းမှာ စာတန်သည် မြေကြီးနှင့်ဆိုင်သောဥစ္စာဓနများကိုအသုံးပြု၍ လူတို့ကိုထောင်

ဖမ်းခြင်း၊ လှည့်ဖြားခြင်းနှင့် ရှုပ်ထွေးခြင်းဖြစ်စေလျက် နောက်ဆုံးပျက်စီးခြင်းသို့ရောက်သွားစေကြသည်။ ဆင်းရဲဒုက္ခခံစားနေရသောသူများကိုထောက်ပံ့ခြင်း၊ ကိုယ်တော်၏အမှုတော်တိုးတက်ဖို့ရန်ဆောင်ရွက်ခြင်း၊ လောက၌ ကိုယ်တော်၏နိုင်ငံတော်ကိုတည်ဆောက်ခြင်း၊ အဝေးအရပ်သို့အမှုတော်ဆောင်များကိုစေလွှတ်၍ ခရစ်တော်၏အကြောင်းကိုသွန်သင်ဟောပြောခြင်းအစရှိသောအလုပ်များလုပ်ကိုင်ရာ၌ မိမိ၏ဥစ္စာပစ္စည်းများကိုအဘယ်ကဲ့သို့ခွဲဝေအသုံးပြုရမည့်အကြောင်းကို ဘုရားသခင်သည်ညွှန်ကြားချက်ပေးထားသည်။ ဘုရားသခင်ကယုံကြည်၍အပ်ထားသော ဤကြေးငွေများကို ဤနည်းဖြင့်အသုံးမပြုပါကဘုရားသခင်သည် ဤအရာများအတွက် ဧကန်အမှန်တရားစီရင်မည်မဟုတ်လော။ ခရစ်ယာန်ဟုခေါ်ဝေါ်သောအသင်းသားများသည် ဘုရားသခင်ကယုံကြည်၍ အပ်နှံထားသောကြေးငွေများကိုဤနည်းဖြင့် မိမိတို့၏အာရုံခံစားမှုအတွက် အသုံးပြုနေစဉ်ဝိညာဉ်များကို သူတို့၏အပြစ်ထဲ၌ ဆုံးရှုံးရန်ပစ်ထားကြသည်။

## ကြေးငွေများကို မည်ကဲ့သို့ဖြုန်းတီးသနည်း

ယုံကြည်၍အပ်နှံထားသော ဘုရားသခင်၏မတည်ငွေမြောက်မြားစွာကို ဆေးရွက်ဆေးလိပ်၊ ဘီယာနှင့်အရက်များကိုဝယ်ယူခြင်း၌ အသုံးပြုနေကြသည်။ လူတို့၏တည်တံ့ရေးကိုဖျက်ဆီးသောကြောင့် ဤအာရုံခံစားခြင်းများကို ဘုရားသခင်သည်ပိတ်ပင်ထားသည်။ ဤအရာများကိုလိုက်စားခြင်းကြောင့်ကျန်းမာရေးထိခိုက်ပြီးလျှင် စာတန်၏ဝတ်ပြုရာအရပ်၌ အသက်ကိုပေးအပ်ကြသည်။ ဖောက်ပြန်သောခံတွင်းအလိုသို့လိုက်ခြင်းသည် ဦးနှောက်ကိုခွန်အားနည်းစေ၍ လူသည် ကောင်းမွန်ကြည်လင်စွာမစဉ်းစားနိုင်သောကြောင့် လောကနှင့်ဆိုင်သောအရာများ၌သာ အောင်မြင်ခြင်းရှိ၏။ ဝိညာဉ်ရေးနှင့်ဆိုင်သောအရာများ၌ အသိဉာဏ်ဆုတ်ယုတ်လျက်ရှိကြသည်။ သာမန်ခေတ္တတည်သောအရာတို့ထက် အထက်တန်းကျသည့် သန့်ရှင်း၍ထာဝစဉ်တည်သောအရာများကို ပိုင်းခြားဝေဖန်ခြင်းမပြုနိုင်ကြပေ။

ဘုရားသခင်ပေးထားသောကြေးငွေကိုဖြုန်းတီးရန် စာတန်သည် နည်းပေါင်းမြောက်မြားစွာတီထွင်ထားသည်။ ဖဲရိုက်ခြင်း၊ လောင်းကစားခြင်း၊ မြင်းပြိုင်ခြင်းနှင့်ပွဲကခြင်းများသည် စာတန်ကိုယ်တိုင်တီထွင်ထားခြင်းဖြစ်သည်။ ဤအပျော်အပါးများကိုစိတ်ရောကိုယ်ပါလိုက်စားခြင်းဖြင့် ထာဝရအသက်ရနိုင်သည်ဟုထင်မှတ်စေလျက် ဆက်လက်လုပ်ကိုင်စေသည်။ လူတို့သည်ဤပိတ်ပင်တားဆီးထားသောအပျော်အပါးများကို ငွေမြောက်မြားစွာအရင်းတည်၍ လိုက်စားကြသည်။ ရလဒ်မှာ ဘုရားသခင့်

သားတော်၏အသွေးတော်ဖြင့် ဝယ်ယူခဲ့သောသူတို့၏ခွန်အား တန်ခိုးသည် ယုတ်ညံ့လာ၍ ဖောက်ပြန်ခဲ့လေသည်။ ခရစ်တော် ပိုင်ဆိုင်၍ လူတို့အား ဘုရားသခင်ပေးသနားတော်မူသော ကိုယ်ခန္ဓာ၊ အကျင့်နှင့်စိတ်တန်ခိုးများဖြင့် လူတို့သည် စာတန်အဖို့ သက်စွန့်ကြိုးပမ်းဆောင်ရွက်ပေး၍ သူတို့ကိုဖြောင့်မတ်ခြင်းနှင့် သန့်ရှင်းခြင်းမရှိသောအခြေအနေသို့ပြောင်းလဲလိုက်သည်။

မြင့်မြတ်၍ သန့်ရှင်းသောအခြေအနေမှစိတ်နှလုံး ဖောက်ပြန်သွားဖို့ရန် နည်းလမ်းအမျိုးမျိုးကို တတ်နိုင်သမျှ အားထုတ်ကြံစည်ခဲ့ပြီ။ ရေမလွှမ်းမိုးမီအချိန်က လူများဖောက်ပြန် သကဲ့သို့ ဤကမ္ဘာပေါ်၌ရှိသောသူတို့သည် ထိုနည်းတူ ဖောက်ပြန် လာသောအခါ နယ်နိမိတ်အဆုံးသို့ရောက်တော့မည်။

## နောလက်ထက်၌ဖြစ်သကဲ့သို့

ရေမလွှမ်းမိုးမီအချိန်နေ့ရက်များ၌ ဖြစ်ပျက်နေသော မြင်ကွင်းကို ယနေ့ပြုကျင့်ဖြစ်ပျက်နေသောအရာများတို့၏ မြင်ကွင်းနှင့်ယှဉ်ကြည့်လိုက်သောအခါ ကျွန်ုပ်တို့၏ကမ္ဘာမြေကြီး သည် နောက်ဆုံးကပ်ရောဂါများသက်ရောက်ဖို့ရန် အချိန်တန် နေပြီ။ လူတို့သည် မိမိတို့၏အပြစ်များအားဖြင့် ကမ္ဘာမြေကြီးကို



ယိုယွင်းစေကြပြီ။ စာတန်သည် လူတို့၏အသက်ဝိညာဉ်ကိုရရှိ ဖို့ရန် အသက်တာ၏ပွဲကိုကျင်းပနေသည်။ ခရစ်တော်၏တရား တော်အတိုင်း ပြုကျင့်နေထိုင်သောသူတို့သည် စုံစမ်းနှောင့်ယှက် ခြင်းထဲသို့မရောက်ရန် အစဉ်သဖြင့်စောင့်မျှော်လျက် ဆုတောင်း နေရကြမည်။ သူတို့၏အသက်ဝိညာဉ်ကိုဒုက္ခပေး၍ ယိုယွင်းသော အကျင့်ဖြစ်ဖို့ရန် အုတ်မြစ်ချနေသောပျော်ပါးမှုများအတွက် ကုန်ကျ နေသောငွေသည် ဘုရားသခင်ပိုင်သောငွေဖြစ်ကြောင်းကို အများသောသူတို့သည် သိမြင်ကြဟန်မတူပေ။ မိမိတို့ကိုယ်ကျိုး အတွက် အလိုစိတ်ပြည့်ဖို့ ငွေကိုသုံးဖြုန်းနေခြင်းသည် ဖြောင့်မတ် ခြင်းတရား၏ရန်သူကိုနှစ်ခြိုက်အောင် ချီးမြှင့်ပြုနေခြင်းပင်ဖြစ် သည်။ သူတို့၏စိတ်နှလုံးများကို ဘုရားသခင်ဘက်သို့လှည့်ပါက သူတို့၏ငွေကို လူအချင်းချင်းမြှင့်တင်ပေးခြင်း၌လည်းကောင်း၊ ဒုက္ခဆင်းရဲခံရခြင်းများကိုသက်သာစေဖို့ရန်လည်းကောင်း အသုံးပြုကြလိမ့်မည်။ ကျွန်ုပ်တို့၏ကမ္ဘာ၌ အစာငတ်ခြင်းဘေး၊ အဝတ်အချည်းစည်းရှိခြင်းဘေး၊ ရောဂါအနာဘေးနှင့်သေခြင်း ဘေးများရှိသည်။ သို့သော်လည်း လူမည်မျှအပြစ်များသော လွန်ကျူးခြင်းများကို မပြုလုပ်ဘဲနေကြသနည်း။ လူတို့သည် အစဉ် အလုပ်များနေစေခြင်းငှာ စာတန်သည် တတ်နိုင်သမျှ အရာ ခပ်သိမ်းကိုတီထွင်လျက်ရှိသည်။ ဤကဲ့သို့ပြုလုပ်မှသာလျှင်

လူတို့၌ ငါ၏အသက်ဝိညာဉ်အဘယ်အခြေအနေ၌ရှိသနည်း ဟူသောမေးခွန်းကို မေးမြန်းကြမည်မဟုတ်။

## ခရစ်တော်သည်လူသားတို့၏အိမ်ထောင်၌စိတ်ဝင်စားခြင်းရှိ၏

မြေကြီးနှင့်ဆိုင်သောအရာအားလုံးကို ပိုင်ဆိုင်သော သခင်သည် ကျွန်ုပ်တို့၏ကမ္ဘာသို့ လူပုံသဏ္ဍာန်ဖြင့်ရောက်ရှိလာသည်။ ဘုရားသခင်၏နှုတ်ကပတ်တော်သည် လူဇာတိကို ခံယူ၍ ကျွန်ုပ်တို့တွင်နေထိုင်၏။ ကိုယ်တော်သည် ကျွန်ုပ်တို့ လူသားများ၏အိမ်ထောင်များ၌ မည်မျှစိတ်ဝင်စားခြင်းရှိသည်ကို ကျွန်ုပ်တို့သည် သိမြင်နားလည်ကြမည်မဟုတ်။ ကိုယ်တော်သည် ဝိညာဉ်တိုင်းတို့၏တန်ဖိုးကိုသိတော်မူသည်။ အဖိုးဖြင့်ဝယ်ယူထားသောအမွေခံသည် စာတန်၏တီထွင်ခြင်းများ၌ တပ်မက်စွဲလမ်းခြင်းဖြစ်နေသည်ကို တွေ့မြင်ရသောအခါ ပူဆွေးခြင်းသည် ကိုယ်တော်ကိုနှိပ်စက်လျက်ရှိနေသည်ပါတကား။

လူတို့၏အသက်ဝိညာဉ်များနှင့်ဆိုင်သည့်ပွဲကို ဆင်နွှဲရာတွင် စာတန်၌ စိတ်ကျေနပ်ခြင်းရရှိသောအရာတစ်ခုမှာ ခရစ်တော်၏စိတ်နှလုံးကို နာကြည်းစေခဲ့ခြင်းပင်ဖြစ်သည်။



ကိုယ်တော်သည် ကြွယ်ဝခြင်းရှိသော်လည်း ကျွန်ုပ်တို့အဖို့ ဆင်းရဲခြင်းသို့ရောက်တော်မူသည်။ ကိုယ်တော်ဆင်းရဲခံတော်မူခြင်းအားဖြင့် ကျွန်ုပ်တို့သည် ကြွယ်ဝခြင်းသို့ရောက်ဖို့ဖြစ်သည်။ သို့သော်လည်း ဤမျှလောက်ကြီးကျယ်သောအချက်ကို ရှေ့ထား၍ လောက၌ရှိကြသောလူအများတို့သည် လောကဥစ္စာပစ္စည်းများကို တပ်မက်မောခြင်းဖြင့် ကောင်းကင်နှင့်ဆိုင်သောအရာများကို မေ့မှိန်စေသည်။ သူတို့သည် လောကနှင့်ဆိုင်သောအရာများကို ခင်တွယ်ခြင်းဖြင့် ဘုရားသခင်အထံတော်မှ မျက်နှာလွှဲသွားကြသည်။ လူသည် သတိမရှိ၊ လောကနှင့်ဆိုင်သောအရာများကို မက်မောခြင်းကြောင့် ဘုရားသခင်၏ချစ်ခြင်းမေတ္တာတော်ကို စိတ်နှလုံးထဲမှနှင်ထုတ်လိုက်သည်။ အလွန်ကြီးလေးသော အပြစ်ကို လွန်ကျူးလျက်ရှိသည်။ ဘုရားသခင်၏ချစ်ခြင်း မေတ္တာတော်ကို စိတ်နှလုံးမှနှင်ထုတ်လိုက်သောအခါ လွတ်လပ်လျက်ရှိသောနေရာထဲသို့ လောကကိုချစ်ခြင်းသည် လျင်မြန်စွာစီးဝင်ခဲ့သည်။ ဘုရားသခင်တစ်ပါးတည်းသာလျှင် အသက်ဝိညာဉ်ဗိမာန်ကို ကျင့်ဝတ်ညစ်ညူးခြင်းမှဆေးကြောပစ်နိုင်သည်။

သခင်ယေရှုသည် မိမိ၏အသက်ကို လောကအသက်အဖို့ စွန့်တော်မူသည်။ ကိုယ်တော်သည် လူအပေါ်၌မဆုံးဖြတ်နိုင်

သောတန်ဖိုးကိုထားတော်မူသည်။ လူသည် မိမိကိုယ်ကိုနှစ်သက်၍ သူ၏နှောင်ကောင်းမွန်ရေးကိုစဉ်းစားရန် ကိုယ်တော်အလိုရှိသည်။ လူမျက်စိသည် တစ်ခုတည်းကိုသာအာရုံစူးစိုက်နေပါက ကိုယ်ခန္ဓာတစ်ခုလုံးသည် အလင်းနှင့်ပြည့်ဝနေလိမ့်မည်။ ဝိညာဉ်ရေးအလင်းအာရုံသည် ကြည်လင်ခြင်းရှိပါက မတွေ့မြင်ရသော မှုချဖြစ်သည့်အရာများကို တန်ဖိုးရှိရင်းအတိုင်းတွေ့မြင်၍ ထာဝရကမ္ဘာကိုကြည့်ရှုခြင်းဖြင့် ဤကမ္ဘာမြေကြီး၌ ပို၍ပျော်မွေ့ခြင်းကိုပေးလိမ့်မည်။

ခရစ်ယာန်သည် ဘုရားသခင်၏သစ္စာရှိသောဘဏ္ဍာစိုးတစ်ယောက်ဖြစ်သည့်အချိန်အဆအတိုင်း ပျော်မွေ့ခြင်းနှင့်ပြည့်ဝ၍နေလိမ့်မည်။ ခရစ်တော်သည် အာဒံ၏သားနှင့် ဧဝ၏သမီးတိုင်းတို့ကိုကယ်တင်ရန်တမ်းတနေသည်။ လူတို့သည် အပြစ်၏ချည်နှောင်ထားခြင်းခံနေရသော ကျွန်ဘဝမှလွတ်မြောက်ရန် ကိုယ်တော်သည် အသံကိုလွှင့်၍ သတိပေးတော်မူသည်။ ကိုယ်တော်သည် လူတို့အား သူတို့၏မိုက်မဲခြင်းမှပြောင်းလဲရန် ကျိုးနွံစွာတောင်းပန်လျက်ရှိသည်။ ကိုယ်တော်သည် သူတို့၏မျက်မှောက်သို့ သာ၍မြင့်မြတ်သောလောကကို ယူဆောင်လာပြီးလျှင် "သင်တို့၏ဘဏ္ဍာကို ဤလောက၌မဆည်းပူးကြနှင့်" ဟုမိန့်တော်မူသည်။



## လိမ္မာပါးနပ်သောစုံစမ်းနှောင့်ယှက်ခြင်းများ

ခရစ်တော်သည် ဘေးအန္တရာယ်ကိုတွေ့မြင်တော်မူသည်။ ကိုယ်တော်သည် တစ်ဖက်သားရန်သူ၏လိမ္မာပါးနပ်သောစုံစမ်းနှောင့်ယှက်ခြင်းများနှင့် တန်ခိုးကိုသိမြင်တော်မူသည်။ အကြောင်းမှာ ကိုယ်တော်သည် စာတန်၏စုံစမ်းနှောင့်ယှက်ခြင်းများကို ကိုယ်တိုင်ခံစားတော်မူခဲ့ပြီ။ အာဒံ၏သားနှင့်သမီးများအဖို့ သနားကြင်နာမှုအချိန်ကိုရရှိဖို့ရန် မိမိ၏အသက်ကိုစွန့်တော်မူခဲ့သည်။ အာဒံ၏နားမထောင်ခြင်းကြောင့် ဖြစ်ပျက်သောအကြောင်းများနှင့် သူတို့ရှေ့၌ရှိသောလွန်ကျူးခြင်းများနှင့်တကွ သူတို့အပေါ်၌သာ၍ထင်ရှားသောအလင်းထွန်းလင်းနေခြင်းအားဖြင့် သူတို့၏ဝိညာဉ်သည် နားနေမှုရရှိစေရန် ကိုယ်တော်သည် သူတို့ကိုမိမိထံသို့ခေါ်ဖိတ်တော်မူသည်။ အလင်းသည် သာလွန်ထင်ရှားခြင်း၊ ဘေးအန္တရာယ်ရှိကြောင်းအချက်ပြခြင်းသည် သာ၍ပေါ်လွင်စွာပြခဲ့သည်နှင့်အမျှ အလင်းမှအမှောင်သို့ပြောင်းသွားသောသူတို့အဖို့ ပြစ်ဒဏ်စီရင်ခြင်းသည် သာ၍ကြီးလေးလိမ့်မည်။ ခရစ်တော်မိန့်တော်မူသောစကားများ၏သဘောသည် အလွန်အရေးကြီး၍ ဘေးမကင်းသောကြောင့် ဂရုမစိုက်ဘဲမနေနိုင်ပေ။

လူသည် လောကနှင့်စပ်ဆိုင်သောဥစ္စာပစ္စည်းများကို ရရှိဖို့ရန် ဖောက်ပြန်နေသောအလိုဆန္ဒဖြင့် လှုပ်ရှားလျက်ရှိသည်။ ဥစ္စာပစ္စည်းရရှိဖို့ရန် မရိုးသားသောနည်းလမ်းအမျိုးမျိုးဖြင့် လုပ်ကိုင်လျက်ရှိသည်။ ကောင်းကင်သို့ရောက်ရှိဖို့ရန် ကုန်သွယ်ခြင်းသည် ဧကန်အမှန်စိတ်ချစရာဖြစ်သည်ဟုယူဆ၍ လူတို့သည် ဤအလုပ်ကိုစိတ်အားထက်သန်စွာဖြင့်လုပ်ကိုင်နေကြသည်။ ဘုရားသခင်သည် သူတို့ကိုယုံကြည်၍ အပ်နှံထားသောမတည်ငွေကို သူတို့သည် လောက၏ကုန်ပစ္စည်းများ၌ ချည်နှောင်ထားကြသောကြောင့် လောက၌ရှိသောသူအပေါင်းတို့၏ကိုယ်ကာယနှင့်စိတ်ဒုက္ခရောက်နေခြင်းကို သက်သာစေဖို့ရန် အလုပ်၌လည်းကောင်း၊ ဘုရားသခင်၏နိုင်ငံတော်တိုးတက်ဖို့ရန်ဆောင်ရွက်ရမည့်အလုပ်အတွက်လည်းကောင်း ကြေးငွေမရှိသောအခြေအနေသို့ရောက်လျက်နေကြသည်။ သံချေး၊ ပိုးရွမဖျက်ဆီး၍ သူခိုးမထွင်းမဖောက်မခိုးမယူရာ ကောင်းကင်ဘုံ၌ဘဏ္ဍာကိုဆည်းပူးကြလော့။ အကြောင်းမူကား၊ "အကြင်အရပ်၌သင်တို့၏ဘဏ္ဍာရှိ၏။ ထိုအရပ်သို့ သင်တို့၏စိတ်နှလုံးရောက်တတ်၏" ဟု သခင်ယေရှုမိန့်တော်မူသောစကားတော်ကို ခရစ်ယာန်ဟုခေါ်ဝေါ်သောသူတို့သည် နားထောင်ဖို့ရန် ပျက်ကွက်လျက်ရှိကြသည်။



ဘုရားသခင်သည် လူကိုဖြောင့်မှန်စွာပြုကျင့်ရန်၊ သနားကြင်နာမှုကိုချစ်မြတ်နိုးရန်၊ ဘုရားသခင်နှင့်အတူ စိတ်နှိမ့်ချခြင်းဖြင့်လိုက်လျှောက်ရန် အတင်းအကျပ်မခိုင်းပေ။ ကိုယ်တော်သည် လူတို့အရှေ့၌ အကောင်းနှင့်အဆိုးကိုထားတော်မူ၍ တစ်ခုခုကိုရွေးချယ်လိုက်လျှောက်ခဲ့လျှင် မည်သည့်အကျိုးနှင့်ဆိုးပြစ်ရရှိမည်ကို ထင်ရှားစွာဖော်ပြထားသည်။ "ငါ့နောက်သို့လိုက်လော့" ဟု သခင်ယေရှုသည် ကျွန်ုပ်တို့ကိုဖိတ်ခေါ်သည်။ သို့သော်လည်း ကိုယ်တော်၏ခြေရာတော်၌လျှောက်လိုက်ဖို့ရန် ကျွန်ုပ်တို့ကို မည်သည့်အခါမျှ အတင်းအကျပ်မခိုင်းပေ။ ကျွန်ုပ်တို့သည် ကိုယ်တော်၏ခြေတော်ရာနောက်သို့လိုက်လျှောက်ပါက တွေးဆပြီး ရွေးချယ်ခြင်းသာဖြစ်သည်။ ကျွန်ုပ်တို့သည် ခရစ်တော်၏အသက်တာနှင့်အကျင့်ကိုတွေ့မြင်လာသောအခါ ကိုယ်တော်၏အကျင့်နှင့်တူရန် ပြင်းထန်သောဆန္ဒဖြစ်ပေါ်လာခဲ့သည်။ ထိုနောက် ကိုယ်တော်ကိုသိရှိဖို့ရန် ကျွန်ုပ်တို့သည်လိုက်လျှောက်ကြ၏။ ကိုယ်တော်ထွက်ကြွတော်မူခြင်းသည် နံနက်အချိန်ကဲ့သို့ပြင်ဆင်ခြင်းရှိသည်။ ထိုနောက် ကျွန်ုပ်တို့၏အသိအမြင်၌ "ဖြောင့်မတ်သောသူတို့၏လမ်းသည် တက်သောအရုဏ်ကဲ့သို့ဖြစ်၍ နေထွက်သည်တိုင်အောင် တိုးပွားထွန်းလင်းတတ်၏" ဟု သိမြင်လာကြသည်။ R & H, March 31, 1896.

## ဥစ္စာဓနကိုသိုမှီးခြင်းသည်အပြစ်တစ်ခုမဟုတ်

ကြေးငွေချမ်းသာသောသူသည် သူဌေးဖြစ်လာသောကြောင့် သမ္မာကျမ်းစာသည် ထိုသူအားရှုတ်ချပြောဆိုခြင်းမပြု၊ ဥစ္စာဓနကို သိုမှီးခြင်းသည် အပြစ်တစ်ခုဖြစ်သည်ဟု ပြောဆိုခြင်းမပြု၊ ငွေသည် မကောင်းသောအရာတို့၏အမြစ်ဖြစ်သည်ဟု မပြောဆိုပေ။ ဥစ္စာဓနကိုသိုမှီးနိုင်ဖို့ရန် တန်ခိုးပေးသောသူသည် ဘုရားသခင်ပင်ဖြစ်သည်ဟုပြောဆိုသေး၏။ ဘုရားသခင်ကို အပ်နှံ၍ ကိုယ်တော်၏အမှုတော်တိုးတက်စေဖို့ရန် အသုံးပြုပါက ဤလက်ရုံးရည်သည် အလွန်အဖိုးထိုက်သောအစွမ်းသတ္တိဖြစ်သည်။ သမ္မာကျမ်းစာသည် နှလုံးရည်ထူးခြားလွန်ကဲသောသူ (သို့မဟုတ်) အတတ်ပညာကိုအပြစ်တင်ခြင်းမပြု၊ ဤအရာများသည် ဘုရားသခင်ချပေးသောဉာဏ်မှသက်ရောက်လာသည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏စိတ်နှလုံးကို လျှော်တေအဝတ်နှင့် ခြုံထားခြင်း (သို့မဟုတ်) အိမ်ထောင်၌သက်သာခြင်း၊ အရသာ (သို့မဟုတ်) အကြောင်းညီညွတ်ခြင်းများကိုဖယ်ရှားခြင်းဖြင့် သာ၍ သန့်ရှင်းခြင်းသို့ရောက်အောင် မပြုလုပ်နိုင်ပေ။ ဥစ္စာဓနကို မပျက်စီးနိုင်သောဘဏ္ဍာဖြစ်စေရန် အံတုပြိုင်ဆည်းပူးလာသော



အခါ၌သာလျှင် အန္တရာယ်များသောပစ္စည်းဥစ္စာဖြစ်လာကြောင်းကို သမ္မာကျမ်းစာမှသွန်သင်သည့် ဘုရားသခင်တောင်းဆိုသော အကြံအစည်များ၊ ချစ်ခင်စုံမက်ခြင်းများ၊ ဘုရားသခင်ဝတ်ပြုခြင်းများကို မြေကြီးနှင့်ယခုဘဝဆိုင်ရာအရာများက ဖုံးလွှမ်းသွားသောအခါ ထောင်ချောက်ဖြစ်လာခဲ့သည်။ ထာဝစဉ်လေးနက်သောဘုန်းတန်ခိုးကို ကမ္ဘာမြေကြီး၏အပေါ်ယံပြောင်လဲ့သော စွဲမက်ရာလေးများနှင့် လဲလှယ်နေသောသူများသည် ပညာမရှိသောရွေးချယ်ခြင်းကိုပြုလုပ်နေကြသည်။ ဧသောသည် သူ၏သားဦးအရာကို ပဲဟင်းတစ်ခွက်ရဖို့ရန် ရောင်းချလိုက်သောအခါ ဤကဲ့သို့သောလဲလှယ်ခြင်းမျိုးကို ပြုလုပ်ခဲ့သည်။ မိဒျန်ရှင်ဘုရင်၏ဆုလာဘ်များကိုရရှိရန် ဗာလမ်သည် ဘုရားသခင်၏နှစ်သက်တော်မူခြင်းကို အဆုံးခံလိုက်လေသည်။ ယုဒရှကာရုတ်သည် ငွေအပြားသုံးဆယ်ဖြင့် သခင်ခရစ်တော်ကို သစ္စာဖောက်ခဲ့သည်။

ငွေကိုတပ်မက်ခြင်းသည် မကောင်းသောအမှုအရာ အပေါင်းတို့တွင် မူလအမြစ်ဖြစ်သည်ဟု ဘုရားသခင်၏ နှုတ်ကပတ်တော်သည် ပြစ်တင်ပြောဆိုသည်။ ငွေကို ဘုရားသခင်သည် လူအားပေးကမ်းရာတွင် ကိုယ်တော်၏အမှုတော်၌ သစ္စာရှိစွာအသုံးချရန်ဖြစ်သည်။ ဘုရားသခင်သည် အာဗြဟံကို

ကောင်းချီးပေး၍ သူ၏တိရစ္ဆာန်၊ ရွှေ၊ ငွေများဖြင့် ချမ်းသာကြွယ်ဝသောသူဖြစ်သည်။ ဘုရားသခင်၏ကျေးဇူးပြုခြင်းခံရခြင်းကို သာဓကအနေဖြင့် သမ္မာကျမ်းစာကပြောဆိုသည်မှာ "ဘုရားသခင်သည် ဒါဝိဒ်၊ ရှောလမုန်၊ ယေဟောရှဖက်နှင့် ဟေဇကိတို့အား များစွာသောဥစ္စာပစ္စည်းများနှင့် တန်ခိုးကိုချပေးတော်မူသည်" ဟု မှတ်တမ်းတင်ကြသည်။

ဘုရားသခင်အထံတော်မှရရှိသော အခြားဆုလာဘ်များကဲ့သို့ ဥစ္စာဓနကိုလက်ဝယ်ပိုင်ဆိုင်ရခြင်းသည် တာဝန်ဝတ္တရားပိုလာ၍ ထူးခြားသောစုံစမ်းနှောင့်ယှက်ခြင်းများလည်းပါလာသည်။ ဒုက္ခခံစားရသောအချိန်တွင် ဘုရားသခင်၌ သစ္စာရှိကြသောသူအများအပြားတို့သည် တောက်ပြောင်သောစီးပွားချမ်းသာတိုးတက်ခြင်း၏ဆွဲဆောင်ရာသို့ကျရောက်သွားသောသူမည်မျှရှိပြီနည်း။ ဥစ္စာဓနကိုပိုင်ဆိုင်သောအခြေအနေသို့ရောက်ရှိလာသောအခါ ကိုယ်ကျိုးရှာတတ်သောစိတ်သဘောသည် ပေါ်လွင်လာခဲ့သည်။ ယနေ့ကမ္ဘာကြီးသည် ငွေကိုတပ်မက်သည့်လောဘနှင့် ကိုယ့်အလိုကိုလိုက်စားတတ်သောသူများဖြင့် ပြည့်ဝလျက်ရှိသည်။ R & H, May 16, 1882.



## ကြေးငွေမှုကိုစီမံဆောင်ရွက်တတ်သောသူများကို လိုအပ်နေခြင်း

အထက်တန်းလွှာတစ်စုမှလူများကို ကြင်နာမြတ်နိုးခြင်း၊ ညီအစ်ကိုရင်းကဲ့သို့သဘောထားခြင်းဖြင့် ရှာဖွေရမည်။ ဤအတန်းအစားကို လွန်မင်းစွာဂရုမစိုက်ဘဲနေခဲ့ကြသည်။ ဘုရားသခင်၏အစွမ်းသတ္တိမြောက်မြားစွာအပ်နှံထားခြင်းခံရသောသူများသည် သမ္မာတရားကို ယခင်အချိန်ကကဲ့သို့မဟုတ်ဘဲ တစ်မူထူးခြား၍ကြားသိဖို့ရန် ဘုရားသခင်အလိုတော်ရှိသည်။ အရောင်းအဝယ်အလုပ်များ၌ လုပ်ကိုင်နေသောသူများ၊ ယုံကြည်စိတ်ချရသောအရာရှိများ၊ တီထွင်တတ်သောသူများနှင့် လောကဓာတ်ပညာရှင်များ၊ နှလုံးရည်ထူးခြားလွန်ကဲသောသူများသည် ဧဝံဂေလိတရားတော်၏ခေါ်ခြင်း၌ ပထမဦးဆုံးအခေါ်ခံရသောပုဂ္ဂိုလ်များထဲတွင် ပါဝင်ကြလိမ့်မည်။

ဘုရားသခင်၏တန်ခိုးပေးခြင်းခံရ၍ နေရာတကျစေ့စပ်စီမံထားနိုင်သောအရည်အချင်းရှိသည့်သူများ ဤလောက၌ရှိရာ၊ ဤနောက်ဆုံးသောနေ့များ၌ အလုပ်အကိုင်တိုးတက်ဖို့ရန် သူတို့ကိုလိုအပ်ပေသည်။ အားလုံးတို့သည် တရားဟောဆရာများမဟုတ်ပေ။ သို့သော်လည်း လက်မှုပညာအလုပ်နှင့်ဆိုင်သောအသင်း

အဖွဲ့များ၌ အုပ်ချုပ်ကွပ်ကဲဖို့ရန် လူများလိုလျက်ရှိသည်။ ကျွန်ုပ်တို့၏ကွန်ဖရင့် (သို့မဟုတ်) ယူနီယံ၌ရှိသောပုဂ္ဂိုလ်များသည် ခေါင်းဆောင်များ၊ ပညာပေးသောသူများအနေဖြင့် ဦးစီးနိုင်ကြသည်။ ရှေ့ရေးကိုမြော်မြင်သောသူများကို ဘုရားသခင်အလိုရှိသည်။ ကြေးငွေမှုကိုစီမံဆောင်ရွက်တတ်သောသူများနှင့် ယခုကာလအရေးကြီးချိန်၌ ကျောက်ကဲ့သို့ခိုင်မာစွာရပ်၍ ကျင့်ဝတ္တရားအတိုင်း လိုက်လျှောက်နိုင်သောသူများကို လိုအပ်ပေသည်။ R & H, May 8, 1900.

-၀-

## (၂၉) ဥစ္စာဓနကိုဆည်းပူးခြင်းနည်းလမ်းများ

သတ္တမနေ့မြော်လင့်ခြင်းအသင်းသားများထဲ၌ပင် ဘုရားသခင်၏နှုတ်ကပတ်တော်၏အပြစ်ဖော်ပြခြင်းအောက်၌ နေသောသူများရှိကြသည်။ အကြောင်းမှာ သူတို့၏ဥစ္စာပစ္စည်းများကို ဆည်းပူးခြင်းနည်းလမ်းနှင့် အသုံးပြုခြင်းကြောင့်ဖြစ်သည်။ သူတို့သည် ဘုရားသခင်၏ကျေးဇူးတော်ကိုမထောက်၊ ဆည်းပူးခြင်းနှင့်အသုံးချရာ၌ ဘုရားသခင်အထံတော်၌ စိတ်ပါစွာဆုတောင်းခြင်းကိုလည်းမပြု၊ သူတို့ပိုင်ပြီး ကိုယ်တိုင်လုပ်ကိုင်၍ရရှိသောအနေမျိုးဖြင့် ပြသကြသည်။ သူတို့သည် မြွေပွေးကိုခါးပိုက်ဆောင်ထားသကဲ့သို့ရှိလိမ့်မည်။

ဘုရားသခင်၏လူများအကြောင်းကို ကိုယ်တော်မိန့်တော်မူသည်မှာ- "သူ၏ကုန်သွယ်ခြင်းအမြတ်ရခြင်းအရာတို့သည် ထာဝရဘုရားအဖို့သန့်ရှင်းလိမ့်မည်။ ဆည်းပူးသိုထားခြင်းကိုမပြုရ။" သို့သော်လည်း သမ္မာတရားတော်ကိုယုံကြည်သည်ဟု ဝန်ခံသောသူများတို့သည် သူတို့၏စိတ်အကြံအစည်များ၌ ဘုရားသခင်ကိုအလိုမရှိကြပေ။ ရေလွှမ်းမမိုးမီအချိန်၌ နေထိုင်ကြသောသူများ (သို့မဟုတ်) သောဒုံမြို့သားကဲ့သို့ပင်ဖြစ်ကြ

သည်။ သန့်ရှင်းသောဝိညာဉ်တော်နှိုးဆော်ခြင်းဖြင့် ဘုရားသခင်ကိုသိတတ်သောအသိအမြင်သည် သူတို့၏အကြံအစည်များကိုဖျက်ဆီးလိုက်လိမ့်မည်။ ကိုယ့်အဖို့၊ ကိုယ့်အဖို့၊ ကိုယ့်အဖို့သည် သူတို့၏ဘုရားသခင်ဖြစ်ခဲ့၍ သူတို့၏အာလဖနှင့်ဩမေဂလည်းဖြစ်သည်။

ခရစ်ယာန်များသည် ဘုရားသခင်ညွှန်ကြားချက်အတိုင်း ငွေကိုရှာယူ၍ ကိုယ်တော်ကောင်းချီးပေးနိုင်သောစည်းကမ်းဘောင်အတွင်း၌သာ သုံးစွဲကြရမည်။ ဘုရားသခင်၏ကျေးဇူးတော်ကိုထွန်းလင်းနိုင်သောအရာကိုသာကြည့်ရှု၍ ကိုယ်တော်၏ပစ္စည်းများကိုအသုံးပြုရန် အခွင့်ပေးသည်။ ကိုယ့်အဖို့ကောင်းချီးမင်္ဂလာနှင့်အခြားသူများအဖို့လည်း ကောင်းချီးမင်္ဂလာဖြစ်စေနိုင်သည်။ လောကကမ္ဘာကြီး၏ဆိုရိုးစကားပုံကိုလိုက်သောသူတို့သည် ဘုရားသခင်၏သီးသန့်မှတ်သားချက်ပုံစံအတိုင်းမလိုက်၊ လုပ်ခ (သို့မဟုတ်) ကုန်ပစ္စည်းများကိုရနိုင်သမျှသိမ်းယူကြသောကြောင့် ဆင်းရဲကြသည်။ အမှန်ပင်ဆင်းရဲခြင်းသို့ရောက်ကြသည်။ အကြောင်းမှာ ဘုရားသခင်၏ငြိုငြင်ခြင်းသည် သူတို့အပေါ်၌ရှိသည်။ သူတို့သည် မိမိတို့ရွေးချယ်သောလမ်းသို့လိုက်ကြ၍ ဘုရားသခင်ကိုလည်းကောင်း၊ သမ္မာတရားကိုလည်းကောင်း၊ ကိုယ်တော်၏ကောင်းမြတ်တော်မူခြင်းကိုလည်းကောင်း၊



ကိုယ်တော်၏သနားကြင်နာမှုကိုလည်းကောင်း၊ ကိုယ်တော်၏အကျင့်ကိုလည်းကောင်း ကျက်သရေပျက်စေကြသည်။

ကျွန်ုပ်တို့အားပေးထားသောသနားကြင်နာမှုအချိန်၌ ကျွန်ုပ်တို့သည် စမ်းသပ်စစ်ဆေးခြင်းကိုခံနေရသည်။ စာတန်သည် သူ၏စိတ်စွဲလမ်းစေနိုင်သောလိမ်လည်ခြင်းများနှင့် တံစိုးလက်ဆောင်များဖြင့်လုပ်ကိုင်နေသည်။ သူတို့၏နည်းလမ်းများဖြင့် သူတို့သည် အံ့ဩဖွယ်ရာကောင်းလောက်အောင် ချင့်ချိန်နိုင်ကြသည်ဟု ထင်မြင်ကြသည်။ သို့သော်လည်း ကြည့်ရှုလော့၊ သူတို့သည် အထက်သို့လုံခြုံစွာတက်နေသည်ဟုထင်မြင်နေသောအချိန်၊ ကိုယ်ကျိုးရှာဖွေခြင်းကို မြင့်မားစွာသူတို့နှင့်အတူ သယ်ဆောင်သွားကြစဉ် သူတို့စုသိမ်းနိုင်သည်ထက် ဘုရားသခင်သည် လျင်မြန်စွာဖြန့်ကြဲပစ်နိုင်ကြောင်းကို သူတို့သိမြင်လာကြသည်။ TM 335, 336.

## အရောင်းအဝယ်လုပ်ကိုင်ရာ၌ရိုးသားဖြောင့်မှန်ခြင်း

ကျွန်ုပ်တို့အချင်းချင်းဆက်ဆံရာ၌ သေးဖွဲသောမသမာမှုများအပြင် အတင့်ရဲသောလိမ်လည်ခြင်းလည်းရှိသည်။

ထိုနည်းတူစွာ ကျွန်ုပ်တို့သည် ဘုရားသခင်အား လိမ်လည်ကြပြီ။ မရိုးသားသောအမှုကို အတင့်ရဲစွာပြုလုပ်နေသောသူများသည် မိမိတို့၏ကျင့်ဝတ်အတိုင်း လိုက်နာနေကြရာ နောက်ဆုံးသူတို့၏ အသက်ဝိညာဉ်များကို လိမ်လည်ခြင်းဖြင့် ကောင်းကင်ဘုံနှင့် ထာဝရအသက်ကိုပါဆုံးရှုံးကြသည်။ လောကနှင့်ဆိုင်သော အသေးအဖွဲသာယာမှုအတွက် သူတို့၏ကျက်သရေနှင့်ဘာသာ တရားကိုစွန့်ကြ၏။ ထိုကဲ့သို့သောသူများသည် ကျွန်ုပ်တို့တွင် ရှိ၏။ ထိုသို့သောသူတို့တွင် အသစ်မွေးဖွားခြင်းသည် မည်ကဲ့သို့ သောအရာဖြစ်သည်ကို ခံစားမှုရှိရမည်။ (သို့မဟုတ်) ဘုရား သခင်၏နိုင်ငံတော်သို့မဝင်နိုင်။ ကျွန်ုပ်တို့၏အသက်တာလှုပ်ရှား ခြင်းတို့၌ ရိုးသားခြင်းသည် တံဆိပ်ခတ်နှိပ်ထားလျက်ရှိရမည်။ ကျွန်ုပ်တို့၏လက်ဝယ်၌ရှိသောအလုပ်ကို ကောင်းကင်တမန် များသည် စစ်ဆေးလျက်ရှိသည်။ သမ္မာတရားကျင့်ဝတ်မှ လွဲသွားခြင်းများရှိပါက မှတ်တမ်းပေါ်၌ “လိုသေး၏” ဟု ရေးမှတ်ထားလိမ့်မည်။ “သံချေး၊ ပိုးရွဖျက်ဆီး၍ သူခိုးထွင်းဖောက် ခိုးယူရာမြေကြီးပေါ်မှာ ဘဏ္ဍာကိုမဆည်းပူးကြနှင့်” ဟု သခင် ယေရှုမိန့်တော်မူသည်။ ဘဏ္ဍာများသည် လူ၏စိတ်နှလုံးကို



လွှမ်းမိုးနိုင်၍ ထိုအရာ၌သာ စိတ်စွဲလမ်းခြင်းရှိစေခြင်းဖြင့် ဘုရား သခင်နှင့်သမ္မာတရားကိုငြင်းပယ်ခဲ့လေသည်။

ငွေကိုတပ်မက်ခြင်းသည် မြေကြီးနှင့်ဆိုင်သောဘဏ္ဍာ များကို ဆည်းပူးဖို့ရန် လှုံ့ဆော်ပေးသောကြောင့် ယုဒလူမျိုး များအချိန်၌ မက်မောသောပြဌာန်းချက်တစ်ရပ်ဖြစ်သည်။ မြင့်မား၍ ထာဝစဉ်နှင့်ဆိုင်သောအရာများအကြောင်းကို စဉ်းစားဆင်ခြင် ခြင်းများသည် လောကနှင့်ဆိုင်သောဥစ္စာဓနနှင့်သြဇာရှိခြင်းများ ရရှိဖို့ရန် စဉ်းစားလုပ်ကိုင်ရခြင်းလက်အောက်၌ထားရှိလေသည်။ စိတ်၌ ဘုရားသခင်၏ဘာသာတရားရေးနေရာကို လောကအရာ လိုက်စားခြင်းက နေရာလုယူလိုက်လေပြီ။ အသက်တာအပေါ်၌ ဥစ္စာဓနရရှိဖို့ရန် လောဘဇောသည် အလွန်အမင်းသြဇာညောင်း ခြင်းရှိခဲ့ရာ လူ၏မြင့်မြတ်ခြင်းကိုမှောက်လှန်၍ လူဇာတိကို ပုပ်ပျက်စေပြီးလျှင် နောက်ဆုံးလုံးလုံးပျက်စီးခြင်း၌နစ်မြုပ်သွား ခဲ့လေသည်။ ကျွန်ုပ်တို့၏ကယ်တင်ရှင်သည် မြေကြီးဘဏ္ဍာ များကို ဆည်းပူးခြင်းနှင့်စပ်ဆိုင်၍ တိကျသောသတိပေးခြင်းကို ပြုခဲ့သည်။

အရောင်းအဝယ်ပြုလုပ်သောကိစ္စတိုင်း၊ အလုပ်လုပ်ကိုင် သောနည်းလမ်းတိုင်းတို့သည် ဘုရားသခင်၏စိုးမိုးခြင်း

လက်အောက်၌ရှိသည်။ ခရစ်ယာန်တိုင်းတို့အား ကိုယ်တော်၏ အမှုတော်၌ တစ်စုံတစ်ခုဆောင်ရွက်လုပ်ကိုင်ဖို့ရန် ခွန်အားသတ္တိ ပေးထားသည်။ အရောင်းအဝယ်ကိစ္စ၌ လုပ်ကိုင်နေသည်ဖြစ်စေ၊ ကုန်ရုံများ၌လုပ်ကိုင်နေသည်ဖြစ်စေ (သို့မဟုတ်) ကုန်ဝင် ကုန်ထွက်အခန်း၌လုပ်ကိုင်နေသည်ဖြစ်စေ လူသည် မိမိတို့၏ အစွမ်းသတ္တိများကို လိမ္မာရိုးသားစွာအသုံးချရန် ဘုရားသခင်သည် သူတို့ကိုတာဝန်ပေးထားတော်မူသည်။ ဧဝံဂေလိဓမ္မဆရာသည် သူ၏ဩဝါဒပေးခြင်းအလုပ်၌ ဘုရားသခင်အား ဖြေဆိုရန် တာဝန်ရှိသကဲ့သို့ သူတို့လည်း ဘုရားသခင်အားဖြေဆိုရန် တာဝန်ရှိသည်။ လူသည် ဘုရားသခင်၏နှုတ်ကပတ်တော် စည်းမျဉ်းအတိုင်း ဥစ္စာပစ္စည်းကိုဆည်းပူးခြင်းမရှိပါက ရိုးသား ခြင်းကျင့်ဝတ္တရားစည်းကမ်းများကိုဖောက်ဖျက်၍ မသမာသော နည်းလမ်းဖြင့် ရရှိသည့်နည်းလမ်းမမှန်သောအမြတ်အစွန်းကို အလိုရှိခြင်းသည် ခရစ်တော်၏နောက်လိုက်ဟု ခေါ်ဝေါ်သော သူတို့အား လောကကြီး၏ထုံးစံဓလေ့များကိုအတုယူရန် လမ်းပြ လိမ့်မည်။ ကုန်သွယ်ခြင်း၌ လှည့်စားခြင်း၊ မုဆိုးမနှင့်မိဘမဲ့ ကလေးများကိုနှိပ်စက်ခြင်း၊ ဧည့်သည်များကို လမ်းမှန်မှလွှဲပေး ခြင်းများပြုလုပ်ခြင်းဖြင့် သူတို့၏ဘာသာတရားကို ကျက်သရေ ပျက်စေရန် အားပေးနေကြသည်။ R & H, Sept. 18, 1888.



## မှုခင်းကိစ္စတိုင်းတို့၌သိမြင်နားလည်ခြင်းနှင့် သန့်ရှင်းခြင်းရှိခြင်း

ဘုရားသခင်သည် သန့်ရှင်းခြင်းရှိစေသတည်းဟူသော ချီးမွမ်းခြင်းသည် ကယ်တင်ရှင်လောက၌ရှိစဉ် သီးခြားထင်ရှား သောအချက်ကြီးတစ်ချက်ဖြစ်သည်။ ဤအချက်သည် ကိုယ်တော် ၏နောက်လိုက်များတို့၏အသက်တာများ၌လည်း ထူးခြား ထင်ရှားစေရန် ကိုယ်တော်အလိုရှိတော်မူသည်။ ကိုယ်တော်၏ အမှုတော်ဆောင်များတို့သည် ကိုယ်ကျိုးမဲ့သစ္စာရှိခြင်း၊ အခြား သောအမှုတော်ဆောင်များတို့အဖို့ အသုံးဝင်ခြင်းနှင့် ဩဇာ သက်ရောက်ခြင်းဖြစ်စေရမည်။ သူတို့အလုပ်အားလုံးတို့၌လည်း ကောင်း၊ အရောင်းအဝယ်ပြုလုပ်သောအမှုကိစ္စတို့၌လည်းကောင်း သိနားလည်မှုနှင့် သန့်ရှင်းခြင်းရှိရမည်။ ကိုယ်တော်သည် ဤလောက၏အလင်းဖြစ်တော်မူ၏။ ကိုယ်တော်၏အလုပ်၌ မရိုးသားသောအပြုအမူများ၊ လုပ်ငန်း၌မှောင်မိုက်သောထောင့် များမရှိစေရ။ မတရားစွာပြုခြင်းသည် ဘုရားသခင်မနှစ်သက်ဆုံး သောအရာပင်ဖြစ်သည်။ R & H, June 24, 1902.

## စုံစမ်းနှောင့်ယှက်ခြင်းကိုတားဆီးခြင်း

ဘုရားသခင်၏အစေခံတို့သည် မှန်သောကျင့်ဝတ္တရားများတို့၏သာလွန်ကြီးမြင့်ကြောင်းကို ဖော်ပြပေးဖို့ရန် ကိုယ်တော်သည် အလွန်စေ့စပ်တော်မူသည်။ ဆုတောင်းခြင်းသည် မှန်ကန်သောခရစ်တော်၏နောက်လိုက်များအဖို့ ဘာသာတရား၏တစ်စိတ်တစ်ဒေသဖြစ်သကဲ့သို့ သူတို့လုပ်ကိုင်ကြသောအရောင်းအဝယ်အလုပ်များသည်လည်း ဘာသာတရား၏တစ်စိတ်တစ်ဒေသပင်ဖြစ်သည်ဟု ယူဆရလိမ့်မည်။

မိမိ၏အလိုဆန္ဒအတိုင်း လုပ်ကိုင်နေသူတို့အား တုံ့ပြန်သောအနေဖြင့် ဤလောကနိုင်ငံကိုပေးမည်ဟု လူတိုင်းအား စာတန်သည် ကမ်းလှမ်းလျက်ရှိသည်။ စုံစမ်းနှောင့်ယှက်ခံရသောတောအရပ်၌ စာတန်သည် ခရစ်တော်အား ဤအရာဖြင့် သွေးဆောင်ဖြားယောင်းခဲ့လေသည်။ သင်သည် ငါ့ထံ၌တပည့်ခံလျှင် သင့်ကိုဥစ္စာဓနပေးမည်ဟု ခရစ်တော်၏နောက်လိုက်များအားဆိုသည်။ ခရစ်ယာန်တိုင်းတို့သည် တစ်ချိန်တစ်ခါ၌ ဤသွေးဆောင်ခြင်းမျိုးနှင့်ရင်ဆိုင်ကြရမည်ဖြစ်ရာ သူတို့၏အကျင့်၌ အားနည်းသောအချက်များပေါ်လွင်လာကြလိမ့်မည်။ စုံစမ်းနှောင့်ယှက်ခြင်းကိုတားဆီးလိုက်ပါက အဖိုးထိုက်တန်သောအောင်မြင်ခြင်းများရရှိသည်။ သူသည် “ခရစ်တော်၏အစေကိုခံမည်လား (သို့မဟုတ်) စာတန်၏နောက်သို့လိုက်၍ သူ့ကိုကိုးကွယ်သောသူတစ်ယောက်ဖြစ်မည်လား” ဟူသောအချက်ကိုရွေးချယ်ရမည်။ Signs, Feb. 24, 1909.



## ကောင်းကင်နိုင်ငံငွေစာရင်းချုပ်စာအုပ်၌မှတ်ပုံတင်ထားခြင်း

ခရစ်ယာန်အဖို့ လောကကြီး၏ဓလေ့ထုံးစံများသည် အရေးကြီးသောအရာများမဟုတ်ပေ။ ခရစ်ယာန်သည် လောက၏လှည့်ဖြားခြင်းများ၊ တင်စီးခြင်းများနှင့် အတင်းအကျပ်ပြုခြင်းများကို အတုမယူရ။ အချင်းချင်းတို့အား မတရားပြုခြင်းသည် ရွှေပညတ်ကိုကျူးလွန်ခြင်းပင်ဖြစ်သည်။ ဘုရားသခင်၏သားသမီးများကိုမှားယွင်းခြင်းသည် ခရစ်တော်ကိုမှားယွင်းရာပင်ဖြစ်သည်။ မသိနားမလည်သောသူ၊ အားနည်းသောသူ (သို့မဟုတ်) အခြေအနေယိုင်နေသောလူတစ်ယောက်ကိုတွေ့မြင်၍ အခွင့်အရေးယူသောသူကို ကောင်းကင်နိုင်ငံငွေစာရင်းချုပ်မှတ်တမ်း၌ လိမ်လည်ခြင်းစာရင်းသွင်းထားလိုက်သည်။ ဘုရားသခင်ကိုအမှန်ကြောက်ရွံ့သောသူတစ်ယောက်သည် မုဆိုးမ၊ မိဘမဲ့

ကလေးများတို့ထံမှ အမြတ်ကိုယူမည့်အစား နေ့ညမပြတ်အလုပ်လုပ်ကိုင်၍ ဆင်းရဲစွာအစာကိုသာစားလိမ့်မည်။

ရိုးဖြောင့်သောသဘောမှ အနည်းငယ်မျှသာတိမ်းစောင်းသွားခဲ့လျှင် အတားအဆီးများသည် ပျက်ပြားသွားပြီး စိတ်နှလုံးကိုသာ၍အကျပ်ကိုင်မှုပြုလုပ်ဖို့ရန် ပြင်ဆင်ပေးသည်။ အခြားသောသူ၏ဆုံးရှုံးခြင်းဖြင့် သူ၌အခွင့်အရေးပိုလာခဲ့သည်။ ထိုသို့သောသူ၌ ဘုရားသခင်၏ဝိညာဉ်တော်သည် ဩဇာသက်ရောက်ခြင်းရှိနိုင်သလား။ ဤမျှတန်ဖိုးပေးရသောအမြတ်အစွန်းသည် ကြောက်မက်ဖွယ်ရာကောင်းသောဆုံးရှုံးခြင်းဖြစ်သည်။ PK 651, 652.

## ကျင့်ဝတ်ကိုစွန့်ခြင်း

ခရစ်တော်၏နောက်လိုက်များကဲ့သို့ ရာထူးမြင့်သောအခြေအနေ၌ရှိသောသူများကို ကျွန်ုပ်တို့သည် မကြာခဏတွေ့မြင်ကြသည်။ သို့သော်လည်း သူတို့သည် ယုံကြည်ခြင်းကိုပျက်စီးဆုံးပါးခြင်းဖြစ်စေကြပြီ။ စုံစမ်းနှောင့်ယှက်ခြင်းတစ်ခုသည် သူတို့ထံသို့ရောက်ရှိလာသောအခါ သူတို့တပ်မက်မောနေသော လောကဘဏ္ဍာကိုရရှိရန် သူတို့၏ကျင့်ဝတ်နှင့်ဘာသာရေးအခွင့်အရေး



များကို စွန့်လွှတ်လိုက်ကြလေသည်။ စာတန်၏သွေးဆောင်ခြင်းကို လက်ခံယူလိုက်ကြပြီ။ ခရစ်တော်သည် အောင်မြင်ခဲ့ပြီ။ ဤနည်းဖြင့် လူသည် အောင်မြင်ဖို့ရန် လွယ်ကူခဲ့သည်။ သို့သော်လည်း လူသည် မိမိကိုယ်ကို ဤလောကဘုရားသခင်၏နောက်လိုက်များအဖြစ် ဝင်ရောက်ခဲ့သည်။ ခရစ်တော်၏အောင်လံတော်အောက်မှထွက်လာခဲ့၍ ရန်သူ၏အဆင့်အတန်းသို့ဝင်ခဲ့သည်။ သူ၏ခွန်အားများသည် အမြတ်အစွန်းရရှိဖို့ရန်ကိုသာဦးတည်၍ ဘုရားသခင်ရှေ့တော်၌ အခြားဘုရားသခင်များကိုကိုးကွယ်ဝတ်ပြုလေသည်။

လောကသားတို့သည် လက်ရှိပြည့်စုံနေခြင်း၊ (သို့မဟုတ်) ပေါများကြွယ်ဝနေခြင်းကို စိတ်ကျေနပ်ခြင်းမရှိကြပေ။ သူသည် အစဉ်သဖြင့် သာ၍များသောရင်းနှီးပစ္စည်းကိုရရှိရန် ရည်ရွယ်နေ၍ ဤနေရာသို့ မိမိ၏အကြံအစည်အားလုံး၊ ခွန်အားအားလုံးကိုအားစိုက်ထုတ်လျက်ရှိသည်။ R & H, March 1, 1887.

## ကျဉ်းမြောင်း၍ကိုယ်ကျိုးရှာသောရောင်းဝယ်ခြင်း

ယုံကြည်ခြင်း၌ရှိကြသောညီအစ်ကိုများကို အကျွန်ုပ်ပန်ကြားအပ်ပါသည်။ သင်တို့၌ ကြင်နာသောစိတ်သဘောမျိုး

မွေးမြူကြပါ။ သင်၏အခြေအနေသည်လည်းကောင်း၊ ရာထူးအဆင့်အတန်းသည်လည်းကောင်း၊ မည်သည့်အဆင့်အတန်း၌ရှိသော်လည်း သင်သည် ကိုယ်ကျိုးရှာခြင်းနှင့်တပ်မက်ခြင်းကိုနှစ်သက်ပါက ဘုရားသခင်၏စိတ်ငြိုငြင်ခြင်းသည် သင့်အပေါ်၌ရှိလိမ့်မည်။ သူတစ်ဦးတစ်ယောက်နှင့်ရင်းနှီးစွာကိုယ်ကျိုးရှာသောရောင်းဝယ်ခြင်းကိုပြုလုပ်ရာတွင် ဘုရားသခင်၏အမှုတော်အကျိုးအတွက်ကြောင့် လုပ်ကိုင်ရသည်ဟု ဆင်ခြေမပေးပါနှင့်။ မတော်တဆထိုသို့သောအရောင်းအဝယ်ကိစ္စသည် ဘုရားသခင်၏အမှုတော်နှင့်သက်ဆိုင်ပေမည်။ ကိုယ်ကျိုးရှာသောအရောင်းအဝယ်ကိစ္စဖြင့်ရရှိသောအမြတ်အစွန်းကို ကိုယ်တော်၏ဘဏ္ဍာတိုက်ထဲသို့ယူဆောင်လာသော်လည်း ကိုယ်တော်သည် လက်ခံတော်မူမည်မဟုတ်။ ကိုယ်တော်၏အမှုတော်နှင့်စပ်ဆိုင်သောအပြုအမူတိုင်းတို့၌ ကိုယ်တော်၏စစ်ဆေးခြင်းတံဆိပ်ပါရမည်။ မတရားအရောင်းအဝယ်ပြုလုပ်ခြင်း၊ အခြေအနေဆိုးရွားခြင်းနှင့်တွေ့ဆုံနေရသောသူတစ်ယောက်ထံမှအခွင့်အရေးယူခြင်း၊ သူပိုင်သောလယ်ယာ၊ မြေကိုဝယ်ယူရာ၌ တန်ဖိုးထက်လျော့၍ဝယ်ယူရရှိခြင်း၊ ထိုသို့သောအရာများကို ဘုရားသခင်သည် လက်ခံတော်မမူ။ အမြတ်အစွန်းကို ဘုရားသခင်၏အမှုတော်အတွက် အလှူပေးသော်ငြားလည်း လက်ခံတော်မူမည်မဟုတ်။



လူအားလုံးတို့အဖို့ တစ်ပါးတည်းသောသားတော်၏အသွေးတော်ကို သွန်းလောင်းတော်မူခဲ့ပြီ။ သို့ဖြစ်၍ ရိုးသားစွာရောင်းဝယ်ရမည်။ ဘုရားသခင်၏တရားတော်ကျင့်ဝတ်အတိုင်း လူအားလုံးတို့ကို တန်းတူပေါင်းသင်းဆက်ဆံရမည်။

ညီအစ်ကိုတစ်ယောက်သည် ဘုရားသခင်၏အမှုတော်၌စိတ်ပါခြင်းမရှိဘဲ ဆောင်ရွက်နေလျှင် ကိုယ်ခန္ဓာ၌ ခွန်အားနည်းခြင်းရှိသောအခါ အလုပ်ကိုဆက်လက်လုပ်ကိုင်နိုင်ခြင်းမရှိတော့ပေ။ သူတို့အလုပ်မှရပ်စဲ၍ သွားလိုရာသို့သွားနိုင်ပြီဟု မပြောဆိုနိုင်ပေ။ သူ့ကိုလုံလောက်သောလခကြေးငွေဖြင့် ထောက်ပံ့ပါ။ သူသည် ဘုရားသခင်၏အိမ်ထောင်သားတစ်ယောက်ဖြစ်၍ သင်တို့အားလုံးတို့သည် ညီအစ်ကိုရင်းများဖြစ်ကြသည်။ R & H, Dec. 18, 1894.

–o–

## (၃၀) စီးပွားတိုးတက်ခြင်း၌ဘေးအန္တရာယ်

ခေတ်ကာလတစ်လျှောက်လုံး၌ ဥစ္စာဓနသည် နှိမ့်ချခြင်းနှင့်ဝိညာဉ်ရေးများကို ထိခိုက်ပျက်စီးခြင်းဖြစ်စေခဲ့သည်။ လူတစ်ယောက်သည် ဥစ္စာဓနတိုးတက်ပေါများလာသောအခါ လူအချင်းချင်းတို့သည် သူ့ကိုချီးမွမ်းပြောဆိုကြသောအချိန်၌ ထိုသူသည် အထူးဘေးအန္တရာယ်ကပ်ရောက်ခဲ့သည်။ လူသည် ပုထုဇဉ်လူသားဖြစ်သည်။ လူသည် ဘုရားသခင်အပေါ်၌ ပညာနှင့်အကျင့်စုံလင်စွာရရှိဖို့ရန် လုံးဝအမှီပြုနေသမျှကာလပတ်လုံး ဝိညာဉ်ရေးဘက်၌ ကြီးပွားခြင်းသည် ဆက်လက်တည်ရှိနေသည်။ ဘုရားသခင်အပေါ်၌ အထူးအားထားမှီခိုနေသောသူတို့သည် အများအားဖြင့် လောကဘဏ္ဍာနှင့်ကျက်သရေအလွန်နည်းပါး၍ အားကိုးဖို့ရန် ကင်းနေသောသူများဖြစ်ကြသည်။

### လူတို့၏ချီးမွမ်းခြင်း

လူတို့အပေါ်သို့ အဖိုးထိုက်လက်ဆောင်ပဏ္ဏာများပေးခြင်း (သို့မဟုတ်) ချီးမွမ်းစကားပြောဆိုခြင်း၌ ဘေးအန္တရာယ်ရှိ၏။





ဘုရားသခင်ကျေးဇူးပြုခြင်းခံရသောသူတို့သည် အစဉ်သတိရှိရမည်။ သို့မဟုတ်လျှင် မာနထောင်လွှားခြင်းစိတ်သည် လူကိုအုပ်စိုးသွားလိမ့်မည်။ တပည့်နောက်လိုက်များရှိသောသူ၊ ဘုရားသခင်၏စေတမန်များထံမှ ချီးမွမ်းပြောဆိုအမွှမ်းတင်သောစကားများအပြောခံရသောသူများသည် ဘုရားသခင်၏သစ္စာရှိသောတရားဟောဆရာ၏အထူးဆုတောင်းခြင်းများကိုဆိုလိုသည်။ သို့မှသာလျှင် သူသည် မိမိကိုယ်ကျိုးကိုအထင်ကြီးခြင်းနှင့်ဝိညာဉ်ရေးဘက်၌ မာနထောင်လွှားခြင်းများမှကင်းဝေးမည်။

ထိုသို့သောသူသည် မည်သည့်အခါမျှ ကိုယ့်ကျက်သရေကို ကိုယ်ဖော်ပြခြင်းမပြုရ။ ၎င်းပြင် အာဏာရှင်ဆန်ဆန် (သို့မဟုတ်) အုပ်စိုးသောသူတစ်ယောက်အနေဖြင့်မပြုလုပ်ရ။ ထိုသူသည် သတိနှင့်ဆုတောင်းလျက် ဘုရားသခင်၏တန်ခိုးတော်ကိုအာရုံပြုပါစေ။ သူ၏တွေးတောဆင်ခြင်မှုသည် ရှေ့၌တည်ထားလျက်ရှိသော ထာဝရအသက်၏သာယာမှုများကိုရေးရှု၍ ဘဝင်ကျနေစဉ် လူတို့၏ချီးမွမ်းပြောဆိုခြင်းနှင့် မာနထောင်လွှားဖွယ်ရာတို့သည် စိတ်နှလုံးအတွင်း၌တည်ရှိနေနိုင်တော့မည်မဟုတ်ပေ။ တစ်ခါတစ်ရံရန်သူသည် သူ့ကိုမြှောက်ပင့်ပေးခြင်း၊ လောက၏ကျက်သရေဖြင့်ဖျက်ဆီးဖို့ရန် အထူးကြိုးစားလာသောအခါ သူ၏ညီအစ်ကိုများသည် သူ၌ကျရောက်နေသည့်

ဘေးအန္တရာယ်များအကြောင်းကို သစ္စာရှိစွာသတိပေးပြောဆိုရမည်။ အကယ်၍ သူ့ကိုတစ်ဦးတည်းလျစ်လျူရှုထားပါက လူသားတို့၏အားနည်းခြင်းနှင့်စိတ်လွယ်ခြင်းများဖြင့် အမှားကိုပြုလုပ်နိုင်ပါလိမ့်မည်။

## စိတ်နှိမ့်ချခြင်းချိုင့်ဝှမ်း၌

ကျွန်ုပ်တို့၏ဘဝအသက်တာတွင် ခွက်ဖလားသည် ဒုက္ခနှင့်ပြည့်လျှံလျက်ရှိပါသည်။ ၎င်းဒုက္ခများဝေနေသောခွက်ဖလားသည် ယိုဖိတ်ခြင်းမရှိစေရန် မတိမ်းမစောင်းညီမျှစွာကိုင်ထားရမည်။ စိတ်ဒုက္ခရောက်ခြင်းနှင့်ပူပန်သောကများခြင်းသည် အကြီးအကျယ်အကြောင်းမညီညွတ်ခြင်းကိုဖြစ်စေတတ်၍ များစွာစိတ်ပျက်ခြင်းသို့ရောက်စေလိမ့်မည်။ သို့သော် ဥစ္စာစီးပွားတိုးတက်ခြင်းသာလျှင် ဝိညာဉ်တွင် ဘေးအန္တရာယ်ဖြစ်နိုင်သည်။ လူသည် ဘုရားသခင်၏အလိုတော်ကို အစဉ်ဝန်ခံခြင်းမရှိ၊ သမ္မာတရားဖြင့် သန့်ရှင်းခြင်းလည်းမရှိ၊ ချစ်ခြင်းမေတ္တာဖြင့် အသက်ဝိညာဉ်ကိုသန့်စင်စေသောယုံကြည်ခြင်းသည် မပြုပြင်လျှင် ဥစ္စာစီးပွားတိုးတက်ခြင်းသည် ဇာတိသဘော၏အလိုကိုထကြွ



စေ၍ အမှားကိုပြုလုပ်သည်တိုင်အောင် စိတ်နှလုံးကသတိမမူဘဲနေလိမ့်မည်။

အထက်တန်းလွှာ၌ရှိသောသူတို့အဖို့ ကျွန်ုပ်တို့သည် အများဆုံးဆုတောင်းပေးရမည်။ သူတို့၌ စီးပွားတိုးတက်ခြင်းနှင့် ဩဇာတန်ခိုးအပ်နှံထားခြင်းခံရသောကြောင့် အသင်းတော်တစ်ခုလုံးသည် သူတို့အဖို့ဆုတောင်းပေးရမည်။

လူသည် ဘုရားသခင်ကိုကိုးစား၍ စိတ်နှိမ့်ချခြင်းဖြင့် ကိုယ်တော်၏သွန်သင်တော်မူရာလမ်းညွှန်ကိုလိုက်လျှင် လုံခြုံမှုရှိ၏။ ဘုရားသခင်နှင့်အသက်ရှင်သောဆက်သွယ်ခြင်းရှိသောသူတို့သည် ရာထူးနှင့်တာဝန်ကြီးသောသူတို့အဖို့ ဆုတောင်းပေးရမည်။ ထိုသို့ရာထူးကြီးမြင့်သောသူ၊ ကျက်သရေရှိသောသူတို့၌ ထူးကဲသောပညာနှင့်ရှိရမည်အကြောင်းတည်း။ ထိုသူတို့သည် ဘုရားသခင်အပေါ်၌ မကိုးစား၊ လူတို့ထက်ခွန်အားကြီးသောလက်ရုံးတော်ကိုမမှီခိုလျှင် သူတို့၏အကြံအစည်သည် မှားယွင်း၍ ပျက်စီးဆုံးရှုံးခြင်းခံရကြမည်။ R & H, Dec. 14, 1905.

## မူလစွမ်းရည်မှောက်မှားသွားခြင်း

ဥစ္စာနေကိုစုဆောင်းခြင်းသည် ကျွန်ုပ်တို့၏နဂိုသဘောပင်ဖြစ်၍ မြင့်မြတ်သောအကျိုးသက်ရောက်ခြင်းရှိဖို့ရန်

ကောင်းကင်ဘုံရှိအဘ နှလုံးသွင်းထားခြင်းဖြစ်သည်။ ဥစ္စာဓနရှိဖို့ရန်ကိုသာရည်စူးပြီး မိမိကိုယ်တိုင်အားကြိုးမာန်တက်လုပ်ကိုင်နေ၍ ရှိရင်းဥစ္စာဓနပစ္စည်းတွင် ထပ်မံ၍ရရှိဖို့ရန် ကြိုးစားစုဆောင်းနေသောသူအား သူသည် မည်သည့်အရာကိုရည်ရွယ်ခြင်းဖြင့် ဤကဲ့သို့ပြုလုပ်နေသနည်းဟု မေးမြန်းပါက အကြောင်းရင်းကို ထိုသူသည် ဖြေဆိုနိုင်မည်မဟုတ်။ မြေကြီးဘဏ္ဍာနှင့်ကြွယ်ဝခြင်းကိုစုဆောင်းနေခြင်း၌ တိကျသောကြံရွယ်ချက်ကိုပေးနိုင်မည်မဟုတ်ပေ။ အကြံအစည်ကိုလည်းကောင်း၊ ခံစားရမည့်ထူးခြားသောပျော်ရွှင်ခြင်းကိုလည်းကောင်း သူသည် အချက်ပိုင်ပိုင်ပြောဆိုနိုင်မည်မဟုတ်ပေ။ သူ၏ခွန်အားသတ္တိနှင့်အစွမ်းရှိသမျှကို စီးပွားတိုးတက်မှု၌ ဦးတည်ထားပြီးဖြစ်၍ ဆက်လက်ပြီး စုဆောင်းဖို့ရန်ပင်ဖြစ်သည်။

လောကသား၏စိတ်တွင် မိမိ၌မရှိသောအရာကို စိတ်တွင်မရှိ၊ ရရှိဖို့ရန်ငန်းတတ်သည်။ သူ၌ရှိသောအကျင့်ဓလေ့၏တိုက်တွန်းချက်အရ၊ သူ၏အကြံအစည်၊ စိတ်ကူးခြင်းတို့သည် နောင်ကာလအဖို့သာ ဦးတည်လျက်စီမံလေသည်။ သူသည် အသက်ကြီးရင့်လာလေလေ၊ အမြတ်အစွန်းရရှိဖို့ရန် သာ၍စိတ်ထက်သန်လာလေဖြစ်သည်။ လောကနှင့်ဆိုင်သောဥစ္စာ



ပစ္စည်းများပိုင်ဆိုင်မှုကို စွန့်လွှတ်ရချိန်နီးလာသည့်တိုင် လောဘဇောနှင့်တပ်မက်ခြင်းသည် ပိုမိုကြီးမားလာလေသည်။

ခွန်အားရှိသမျှ၊ ကြိုးစားအားထုတ်ခြင်း၊ ဤစိတ်ပြဋ္ဌာန်းခြင်း၊ လောကနှင့်ဆိုင်သောတန်ခိုးကိုရရှိဖို့ရန် ဤကြိုးစားမှုသည် မှားယွင်းသောအရာဝတ္ထု၌ သူ၏ရည်ရွယ်ချက်မှောက်မှားသွားသောကြောင့် သက်ရောက်လာသောအကျိုးဖြစ်သည်။ အလေ့အကျင့်ပြုလုပ်ပေးခြင်းအားဖြင့် စွမ်းရည်အားလုံးတို့ကို အမြင့်ဆုံးသောအဆင့်အတန်းသို့ရောက်ရှိရန်ပြုစုနိုင်သည်။ ထိုအဆင့်အတန်းများမှာ ကောင်းကင်နှင့်ဆိုင်သည့် မသေနိုင်သောအသက်တာနှင့်လွန်ကဲသောတန်ခိုးရောင်ထွန်းတောက်ခြင်းဖြစ်သည်။ လောကလူသည် သူ၌ရှိရင်းပစ္စည်းထက် ပို၍ချမ်းသာမှုရစေရန် သူ၏ကြိုးစားအားထုတ်မှု၊ သူ၏အလေ့အကျင့်နှင့် အပြုအမူများသည် ကျက်သရေ၊ တန်ခိုးနှင့်မသေနိုင်သောဘဝကိုရှာဖွေနေသောဘုရားသခင်၏သားသမီးများအဖို့ သင်ခန်းစာတစ်ရပ်ဖြစ်သင့်သည်။ လောက၏သားသမီးများသည် သူတို့၏အမျိုးအစဉ်အဆက်တွင် အလင်း၌ရှိသောသားသမီးများထက် ပို၍လိမ္မာကြသည်။ ဤနေရာ၌ သူတို့သည် သာ၍ပညာရှိကြ၏။ သူတို့၏ရည်မှန်းချက်သည် လောက၌အမြတ်အစွန်းရဖို့ဖြစ်၍ ဤအချက်ကိုဦးတည်ပြီး ခွန်အားစိုက်ထုတ်လုပ်ကိုင်ကြသည်။

ကောင်းကင်ဘဏ္ဍာရရှိဖို့ရန် လုပ်ဆောင်နေသောသူများ၌ ဤဇွဲများရှိနိုင်ပါစေ။ R & H, March 1, 1887.

## စည်းစိမ်ဥစ္စာ၏ဝန်လေးနှောင့်နှေးခြင်း

စုံစမ်းရာကာလသည် သူတို့အပေါ်သို့မရောက်လာမီတိုင်အောင် ငွေကိုတပ်မက်ခြင်းအရှိန်သည် သူတို့၌မည်မျှပြင်းထန်နေသည်ကို သိသောသူနည်းပါးလှ၏။ ထိုအခါ ခရစ်တော်၏နောက်လိုက်များဖြစ်သည်ဟု ပြောဆိုသောသူများသည် ကောင်းကင်နိုင်ငံအဖို့ သူတို့၌ပြင်ဆင်ခြင်းမရှိကြောင်းပြသကြသည်။ သူတို့သည် မိမိတို့၏ဘုရားသခင်နှင့်မိတ်ဆွေများထက် စည်းစိမ်ဥစ္စာကိုပို၍ချစ်ကြောင်း သူတို့၏အလုပ်ကသက်သေခံသည်။ သူဌေးကဲ့သို့ သူတို့သည် အသက်၏လမ်းကိုရှာကြသည်။ သို့သော်လည်း အသက်လမ်းကိုပြ၍ ပေးရမည့်အဖိုးကို ခန့်မှန်းသောအခါ ၎င်းပြင် လောကနှင့်ဆိုင်သောဥစ္စာဓနများကိုစွန့်ဖို့ရန် တောင်းဆိုသောအခါ ကောင်းကင်နိုင်ငံတော်အတွက် ပေးရမည့်တန်ဖိုးသည် အလွန်ကြီးကြောင်း ဆုံးဖြတ်လိုက်သည်။ မြေကြီးပေါ်၌ ဘဏ္ဍာများစွာကို ပိုမို၍စုဆောင်းထားရာ ထိုဘဏ္ဍာများသည် မိမိပိုင်ပစ္စည်းမဟုတ်၊ ဘုရားသခင်၏တန်ခိုးတော်ကို



ထောက်၍ သုံးစွဲရန် သူ့အားငှားရမ်းထားသည်ဟုယူဆဖို့ သာ၍ခဲယဉ်းခြင်းကိုတွေ့ရသည်။

ဤနေရာ၌ သခင်ယေရှုသည် မိမိ၏တပည့်တော်များအား မှတ်သားလောက်ဖွယ်သောသင်ခန်းစာပေးရန် ကောင်းသောအခွင့်အရေးကိုအသုံးပြုတော်မူလေသည်။ ထိုနောက် ယေရှုကလည်း၊ “ငါအမှန်အကန်ဆိုသည်ကား၊ ငွေရတတ်သောသူသည် ကောင်းကင်နိုင်ငံတော်သို့ဝင်ခဲလှ၏။ တစ်ဖန်ငါဆိုသည်ကား၊ ကုလားအုတ်သည် အပ်နဖါးကိုလျှိုလွယ်၏။ ငွေရတတ်သောသူသည် ဘုရားသခင်၏နိုင်ငံတော်သို့ဝင်ခဲသည်” ဟု တပည့်တော်တို့အားမိန့်တော်မူ၏။

## ဆင်းရဲသောသူဌေးနှင့်ချမ်းသာသောဆင်းရဲသား

ဤနေရာ၌ ဥစ္စာဓန၏တန်ခိုးခွန်အားကိုတွေ့မြင်နိုင်သည်။ လူတို့၏စိတ်၌ ငွေကိုတပ်မက်ခြင်း၏ဩဇာတန်ခိုးသည် မလှုပ်ရှားနိုင်အောင် ချုပ်ကိုင်ထားနိုင်သည်။ ဥစ္စာဓနသည် မကောင်းမှုကိုတပ်မက်စေ၍ လက်ဝယ်ရှိသောသူများကို ဆင်ခြင်တုံတရားကင်းမဲ့သောအခြေအနေသို့ရောက်စေသည်။ ဤလောကကြီး၏ဥစ္စာပစ္စည်းပိုမိုများလေ၊ လောဘကိုမချုပ်နိုင်လေဖြစ်သည်။

သူတို့၏ဥစ္စာဓနတိုးပွားလာသည်နှင့်အမျှ အလိုဆန္ဒမပြည့်စုံမည်ကို ပို၍စိုးရိမ်ကြသည်။ သူတို့သည် နောင်ကာလအဖို့ ကြေးငွေများကိုစုဆောင်းထားရန် အာသီသရှိကြသည်။ သူတို့သည် စေးနဲ၍ ကိုယ်ကျိုးရှာ၏။ ဘုရားသခင်သည် သူတို့အဖို့ ထောက်ပံ့ခြင်းမပြုမည်ကိုစိုးရိမ်ကြသည်။ ဤအမျိုးအစားသည် ဘုရားသခင်၌ ဆင်းရဲသောသူများဖြစ်ကြသည်။ လူတို့၏ဥစ္စာဓနသည် တိုးပွားလာသောအခါ သူတို့သည် ထိုပစ္စည်းများကို အားကိုးသောကြောင့် ဘုရားသခင်၏ကတိတော်များ၌ ယုံကြည်ခြင်းမရှိတော့ပေ။

သစ္စာရှိ၍ ကိုးစားခြင်းရှိသောဆင်းရဲသားသည် သူ၌ရှိသောကြေးငွေအနည်းငယ်ကို အခြားသူများအဖို့ ကောင်းချီးမင်္ဂလာဖြစ်စေရန် လိမ္မာစွာသုံးစွဲသောကြောင့် ဘုရားသခင်၌ ကြွယ်ဝချမ်းသာသောသူတစ်ယောက်ဖြစ်လာလေသည်။ သူ၏ အိမ်နီးနားချင်းမိတ်ဆွေများသည် သူ့ထံမှမစခြင်းတောင်းဆိုမှုကို ဂရုမစိုက်ဘဲမနေနိုင်ပေ။ သို့သော်လည်း သူသည် ဘုရားသခင်၏ အမိန့်တော်ကို နားထောင်လျက်ရှိသည်။ ကိုယ်နှင့်စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှချစ်ရမည်။ ကမ္ဘာပေါ်၌ရှိသော ရွှေ၊ ငွေအားလုံးထက် လူသားတို့သည် ကယ်တင်ခြင်းခံစားဖို့ရန် သာ၍အရေးကြီးကြောင်း သူသည် စဉ်းစားဆင်ခြင်၏။



သခင်ခရစ်တော်ညွှန်ပြသောအချက်၌ ဥစ္စာဓနပေါကြွယ်ဝသောသူများဖြစ်ငြားသော်လည်း သူတို့သည် ခရစ်တော်၌ ချမ်းသာမှုမရှိကြပေ။ သူတို့သည် စစ်မှန်သောဥစ္စာဓနကိုရနိုင်ကြပေသည်။ "သင်၌ရှိသောအရာကိုရောင်းချ၍ အလှူပေးလော့၊ ကောင်းကင်နိုင်ငံတော်၌ ဘဏ္ဍာကိုဆည်းပူးလော့" ဟု ကိုယ်တော်မိန့်တော်မူသည်။ ကိုယ်တော်၏အကြံပေးသောကုထုံးသည် သူတို့၏စုံမက်ခြင်းကို ထာဝရအမွေခံအဖြစ်သို့ ပြောင်းလဲလိုက်ဖို့ရန်ဖြစ်သည်။ အသက်ဝိညာဉ်များကိုကယ်တင်ဖို့ရန် သူတို့၏ ကြေးငွေများကို ဘုရားသခင်၏အမှုတော်၌ ရင်းနှီးထား၍ ဆင်းရဲဒုက္ခရောက်နေသောသူများကို သက်သာစေခြင်းဖြင့် သူတို့သည် ကောင်းသောအလုပ်၌ ကြွယ်ဝလာကြပြီးလျှင် မှန်သောအသက်ကို ဝင်စားလိုသောငှာ၊ နောင်ဘဝ၌ ကောင်းသောဘဏ္ဍာကို မိမိတို့အဖို့ဆည်းပူးနေကြသည်။ ဤနည်းသည် စိတ်ချရသောရင်းနှီးမြှုပ်နှံထားခြင်းဖြစ်သည်။

သို့သော်လည်း အများသောသူတို့သည် မိမိတို့၏အလုပ်အားဖြင့် ကောင်းကင်နိုင်ငံတော်၏ဘဏ်ကို မယုံကြည်ကြောင်း ပြသကြသည်။ သူတို့ရှေ့မှနေ၍ ကြေးငွေကို ကောင်းကင်နိုင်ငံတော်သို့ပို့ထားရမည့်အစား သူတို့သည် မြေကြီး၌ထားဖို့ရန် ယုံကြည်ရွေးချယ်ကြသည်။ ဤကဲ့သို့သောသူများသည် မိမိတို့၏

တပ်မက်မောခြင်းနှင့် လောကကြီး၌ နှစ်သက်ခင်တွယ်နေသော စိတ်ကို အောင်မြင်နိုင်ရန် ကြီးကျယ်သောအလုပ်ရှိသည်။ ကြွယ်ဝသော်လည်း ဆင်းရဲသောသူသည် ဘုရားသခင်၏အစေကို ခံသည်ဟုပြောဆိုသော်လည်း သနားစရာကောင်းလှ၏။ သူတို့ ကိုယ်တိုင် ဘုရားသခင်ကိုသိသည်ဟုပြောဆိုသော်လည်း အလုပ် အားဖြင့် သူတို့သည် ကိုယ်တော်ကိုငြင်းပယ်ကြသည်။ ထိုကဲ့သို့ သောသူတို့၏အမှောင်ထုသည် အလွန်ကြီးကျယ်လှ၏။ သမ္မာ တရား၌ ယုံကြည်ခြင်းရှိသည်ဟုဝန်ခံကြ၏။ သို့သော်လည်း သူတို့၏အလုပ်များသည် သူတို့၏ယုံကြည်ခြင်းနှင့်ညီညွတ်ခြင်း မရှိပေ။ ဥစ္စာဓနကိုခင်မင်သောသူသည် ကိုယ်ကျိုးရှာဖွေတတ်၏။ အတင်းအကျပ်ခိုင်းစေ၍ နိုင်ထက်စီးနင်းလုပ်တတ်၏။ R & H, Jan. 15, 1880.

## သခင်ယေရှုနောက်တော်သို့လိုက်ခြင်း၏အခက်အခဲ

အရာရှိသူဌေးကလေးသည် ဘုရားသခင်ညွှန်ပြရာသို့ လိုက်ရန် သခင်ယေရှုသည် အလိုရှိသည်။ လျှောက်သွားရမည့် ဝတ္တရားလမ်းသည် ဆူးနှင့်ပြည့်နေသော်လည်း အတားအဆီး များကိုနင်း၍သွားသော ကိုယ်တော်၏ခြေတော်ရာအတိုင်း



လိုက်လျှောက်သွားပါက လွယ်ကူစွာသွားနိုင်လိမ့်မည်။ ကိုယ်တော် သည် ဆင်းရဲသောတံငါသည်များကို မိမိနောက်သို့လိုက်ရန်ခေါ်၍ လက်ခံသကဲ့သို့ ကိုယ်တော်အလိုရှိသောစည်းကမ်းအတိုင်း လိုက်လျှောက်ရန် လက်ခံပါက ဤအစွမ်းသတ္တိနှင့်ပြည့်စုံ၍ ကျက်သရေရှိသောအရာရှိကလေးကို လက်မခံနိုင်စရာအကြောင်း မရှိပေ။

သူဌေးကလေးသည် ကိုယ်နှင့်စပ်ဆိုင်သောသူကို ကိုယ်နှင့် အမျှချစ်၍ ဥစ္စာဓနကိုဆည်းပူးရာ၌ အခြားသူကိုပြစ်မှားခြင်း မရှိပါက သူ၏ခွန်အားသတ္တိအတိုင်း စီးပွားရှာဖွေခြင်း၌ သူ့ကို အပြစ်တင်စရာမရှိပေ။ သူ၏ထိုခွန်အားသတ္တိကို ဘုရားသခင်အဖို့ ပျက်စီးစေမည်ဖြစ်သောသူတို့ကို ကယ်တင်ခြင်းအလုပ်၌သာ အသုံးပြုပါက မြင့်မြတ်တော်မူသောသခင်သည် လက်ခံတော်မူ မည်။ သူသည် ခရစ်တော်အဖို့ ကြိုးစားမှုနှင့်ပြည့်စုံ၍ အောင်မြင် သောအမှုတော်ဆောင်တစ်ယောက်ဖြစ်နိုင်သည်။ သို့သော်လည်း သူသည် ဝိညာဉ်များကိုကယ်တင်ခြင်းပေးရန် ခရစ်တော်နှင့် ပူးပေါင်း၍ မြင့်မားသောအခွင့်အရေးကိုငြင်းပယ်လိုက်လေသည်။ ဘုရားသခင်၏နိုင်ငံတော်၌ သူ့အဖို့ကတိထားသည့်တန်ခိုးနှင့် ပြည့်စုံသောဘဏ္ဍာမှ မျက်နှာလွှဲသွားခဲ့၍ လောကကြီး၏ ဖောက်ပြန်သောဘဏ္ဍာကို ကိုင်စွဲထားလေသည်။

လက်ဝါးကပ်တိုင်ကိုသာထမ်းဆောင်ရန်ရှိပါက အကောင်းဆုံးသောခရစ်ယာန်များဖြစ်နိုင်မည့် လူတန်းစားကို ငယ်ရွယ်သောအရာရှိကလေးသည်ပုံဆောင်သည်။ အသရေပျက်သောဝန်ထုပ်ကိုသယ်ဆောင်သွားရန်မလို၊ လောကနှင့်ဆိုင်သောအကျိုးကျေးဇူးဖြစ်ထွန်းခြင်းများကိုစွန့်ပစ်ရန်မလို၊ ဥစ္စာပစ္စည်းများကိုစွန့်၍ စိတ်နှလုံးထိခိုက်စရာများလည်းရှိမည်မဟုတ်ပေ။ ခရစ်တော်သည် သူတို့အား အစွမ်းသတ္တိနှင့် ကြေးငွေများ၊ မတည်ဖို့ရန်ပေးထားရာ ညီညာသည့်တုံ့ပြန်ခြင်းကို ကိုယ်တော်မျှော်လင့်သည်။ ကျွန်ုပ်တို့ပိုင်ဆိုင်သောအရာသည် ကျွန်ုပ်တို့ကိုယ်ပိုင်မဟုတ်။ ကျွန်ုပ်တို့၌ရှိသောအရာအားလုံးကို ပေးကမ်းတော်မူသောသခင်၏အလုပ်၌ အသုံးပြုရမည်။ R & H, March 21, 1878.

## ဥစ္စာဓနကြွယ်ဝသောသူတို့တွင်ယုံကြည်ခြင်းရှားပါးခြင်း

ချမ်းသာကြွယ်ဝသောသူတို့တွင် ခိုင်မာသောယုံကြည်ခြင်းသည် ရှားပါး၏။ အလုပ်အားဖြင့်ထောက်ပံ့ထားသောယုံကြည်ခြင်းသည် ရှားပါးသည်။ သို့သော်လည်း ဤယုံကြည်ခြင်းရှိသောသူတို့သည် ဩဇာတန်ခိုး၌လိုအပ်နေသောသူများ



မဟုတ်ပေ။ ကိုယ်တော်လုပ်ကိုင်သည့် အသက်ဝိညာဉ်ကိုကယ်သောအလုပ်မျိုးကို သူတို့သည် စိတ်ဝင်စားခြင်းဖြင့် လုပ်ကိုင်ကြလိမ့်မည်။ ခရစ်တော်သည် အသက်ဝိညာဉ်များကို တန်ဖိုးထားသကဲ့သို့ ခရစ်တော်၏နောက်လိုက်များသည် တန်ဖိုးထားရမည်။ သူတို့၏ကိုယ်ချင်းစာနာခြင်းများသည် သူတို့၏ကယ်တင်ရှင်အလုပ်၌ အတူရှိရမည်။ ကိုယ်တော်၏အသွေးတော်ဖြင့် ဝယ်ယူထားသောသူများကို မည်သည့်အနစ်နာခံခြင်းမျိုးနှင့်မဆိုတွေ့ရသော်လည်း ကယ်တင်ရမည်။ အသက်ဝိညာဉ်တစ်ခုနှင့်နှိုင်းယှဉ်သော် ငွေ၊ အိမ်များနှင့် မြေများသည် မည်မျှတန်ဖိုးရှိသနည်း။ R & H, Feb. 23, 1886.

## ဥစ္စာဓနသည် အပြစ်ကျူးလွန်သောသူကိုရွေးယူရန်မဟုတ်

မည်မျှပင်ဥစ္စာဓနကြွယ်ဝ၍ သိန်းသန်းချီပြီးချမ်းသာသော်လည်း ဘုရားသခင်ထံမှအသေးဆုံးသောအပြစ်ကို ထိုရတနာသည် ဖုံးကွယ်ပေးခြင်းမပြုနိုင်ပေ။ အပြစ်ကျူးလွန်သောသူ၏အပြစ်အတွက် ဥစ္စာဓနကိုလည်းကောင်း၊ သိမှတ်တတ်သောစွမ်းရည်ကိုလည်းကောင်း ရွေးယူဖို့ရန် အဖိုးအခအနေဖြင့်လက်ခံမည်မဟုတ်။ နောင်တရခြင်း၊ မှန်သောနှိမ့်ချခြင်း၊ ကြေကွဲ

သောနှလုံးနှင့် နောင်တရသောသဘောကိုသာလျှင် ဘုရားသခင်လက်ခံတော်မူလိမ့်မည်။

ကျွန်ုပ်တို့၏အသင်းတော်များ၌ အလှူငွေများစွာယူဆောင်လာသင့်သောသူများစွာရှိကြသည်။ သူတို့အဖို့များစွာအကျိုးပြုတော်မူခဲ့သော ကိုယ်တော်အဖို့မပြောပလောက်သောအလှူငွေကိုပေးကမ်းခြင်းဖြင့် စိတ်ကျေနပ်ခြင်းမရှိပါနှင့်။ သူတို့အပေါ်သို့မတိုင်းတာနိုင်လောက်သောကောင်းချီးမင်္ဂလာများသည် ဆင်းသက်လျက်ရှိသည်။ သို့သော်လည်း သူတို့သည် ပေးကမ်းခဲ့သောသခင်အား အနည်းငယ်မျှသာတုံ့ပြန်ခြင်းရှိခဲ့သည်။ မြေကြီးပေါ်၌ရှိသောခရီးသည်များနှင့်ဧည့်သည်များတို့သည် ဘုရားသခင်၏ဘဏ္ဍာတော်တိုက်၌ အလွန်လိုအပ်သောလက်ဆောင်ပဏ္ဏာများကိုသူတို့မရောက်မီ တင်ကူး၍ ပို့ထားကြပါကုန်။ R & H, Dec. 18, 1888.

## အကြီးဆုံးသောဘေးအန္တရာယ်

သတ္တမနေ့ကိုစောင့်ရှောက်သော မြော်လင့်ခြင်းအသင်းသားများတို့၌ ကြေးငွေကင်းမဲ့နေခြင်းမရှိကြောင်း ကျွန်ုပ်အားပြပါသည်။ ယခုအချိန်၌ သူတို့တွင် အကြီးဆုံးသောဘေးအန္တရာယ်မှာ



ပစ္စည်းများစုပုံရှိနေခြင်းပင်ဖြစ်သည်။ အချို့တို့သည် အစဉ်သဖြင့်စိုးရိမ်ကြောင့်ကြခြင်းနှင့်ပင်ပန်းစွာလုပ်ကိုင်နေကြသည်။ သူတို့၏ကြွယ်ဝခြင်းသည် ပြည့်လျှံလျက်ရှိကြသည်။ သို့သော်လည်း သူတို့သည် ဘုရားသခင်နှင့် ကိုယ်တော်၏အမှုဆောင်ရွက်ခြင်း၌လိုအပ်သောအရာများကိုပေးလှူရန် မေ့လျော့လျက်ရှိကြသည်။ သူတို့သည် ဝိညာဉ်ရေးဘက်၌ သေနေကြသည်။ သူတို့သည် ဘုရားသခင်အား အလှူငွေဖြင့်ပေးကမ်းစွန့်ကြဲရမည်။ ယဇ်ကောင်တစ်ကောင်သည် မီးလောင်ပြီး ဆုတ်ယုတ်သွား၏။ အစားထိုးမှုမရှိ။ ကျွန်ုပ်တို့လူ၏လက်ဝယ်ရှိသောကြေးငွေသည် ဆုပ်ကိုင်ထားသောသူတို့အဖို့ ဘေးအန္တရာယ်ပင်ဖြစ်နေသည်။ 1T 492.

–၀–

# (၃၀) စာတန်၏ပရိယာယ်များ

ဘုရားသခင်လူတို့သည် နောက်ဆုံးသောကာလ၏ ဘေးအန္တရာယ်များနှင့်နီးကပ်သောအခါ သူတို့၏ယုံကြည်ခြင်းကို အထမြောက်ဆုံးနည်းဖြင့် မှောက်လှန်ဖို့ရန် စာတန်သည် သူ၏ တမန်များနှင့်စိတ်အားထက်သန်စွာ ဆွေးနွေးတိုင်ပင်လေသည်။ သူ၏လှည့်ဖြားခြင်းတန်ခိုးဖြင့် ခေတ်ကြိုက်အသင်းတော်များသည် အိပ်ပျော်လျက်ရှိကြပြီ။ နှစ်သက်ဖွယ်သောစဉ်းလဲခြင်းဆင်ခြေနှင့် အံ့မခန်းလိမ်လည်ခြင်းများဖြင့် သူသည် သူ၏အုပ်စိုးခြင်း အောက်၌ထားနိုင်သည်။ သို့ဖြစ်၍ ဘုရားသခင်၏ပညတ်တော် အားလုံးကိုစောင့်ရှောက်၍ ခရစ်တော်ဒုတိယကြွလာတော်မူခြင်းကို မျှော်လင့်နေသောသူတို့ကို အထူးညွှတ်ကွင်းများထောင်ထားရန် သူ၏တမန်များအား ညွှန်ကြားထားလေသည်။

ယေဟောဝါဘုရားသခင်၏နေ့ကို စောင့်ရှောက်ရန် ခေါ်ဆောင်နေသောသူများကို "ငါတို့သည် အထူးစောင့်ကြည့်နေရမည့်သူတို့သည် အများသောသူတို့ကို ဘုရားသခင်၏ တရားတော်ကိုလိုက်လျှောက်ရန် လမ်းပြကြလိမ့်မည်။ မှန်သော ဘုရားသခင်၏နေ့ကိုပြသောအလင်းသည် ကောင်းကင်ဘုံ





သန့်ရှင်းရာဌာနတော်ထဲ၌ ခရစ်တော်အမှုတော်ဆောင်ရွက်နေခြင်းကိုပြသည်။ လူတို့အဖို့ နောက်ဆုံးကယ်တင်ခြင်းအလုပ်သည် ရှေ့သို့တိုးတက်လျက်ရှိသည်။ အလုပ်ပြီးဆုံးသည်တိုင်အောင် လူအပေါင်းတို့၏စိတ်ကိုချုပ်ကိုင်ထားကြ။ ငါတို့သည် ကမ္ဘာနှင့်အသင်းတော်ကိုအောင်ရမည်" ဟု လိမ်လည်လှည့်ဖြားသော စာတန်သည် သူ၏တမန်များကိုအမိန့်ပေးသည်။

"သွားကြလော့၊ သူတို့ကိုမြေပိုင်ရှင်သူဌေးများဖြစ်အောင် ပြုလုပ်၍ ဤအသက်တာနှင့်အတူ စိုးရိမ်ကြောင့်ကြခြင်းများ သူတို့၌ပြည့်ဝနေပါစေ။ သူတို့ရှေ့၌ ဤကမ္ဘာကြီးကို တပ်မက်ဖွယ်အကောင်းဆုံးနေရာအနေဖြင့် ပြသပါ။ သို့သိမြင်ကြလျှင် သူတို့သည် သူတို့၏ဘဏ္ဍာကို ဤမြေကြီးပေါ်၌ဆည်းပူး၍ မြေကြီးပေါ်၌ရှိသောအရာများပေါ်၌ သူတို့သည် အာရုံစူးစိုက်နေလိမ့်မည်။ ဘုရားသခင်၏အမှုတော်ကိုဆောင်ရွက်နေသော သူများသည် ကြေးငွေရရှိ၍ ငါတို့ကိုဆန့်ကျင်ဘက်မလုပ်နိုင်ရန် ငါတို့သည် တတ်နိုင်သမျှ တားဆီးပိတ်ပင်ခြင်းလုပ်ရမည်။ ကြေးငွေသည် ငါတို့လက်ထဲ၌သာရှိရမည်။ သူတို့သည် ကြေးငွေကိုပို၍ရသောအခါ ငါတို့၏လူများကို ငါတို့ထံမှနုတ်ယူ၍ ငါတို့၏နိုင်ငံကိုနစ်နာစေလိမ့်မည်။ ခရစ်တော်၏နိုင်ငံတော်ကို တည်ထောင်နေသည်ထက် ကြေးငွေအပေါ်၌ သူတို့၏စိတ်စွဲလမ်း

နေစေရန် ပြုလုပ်ရမည်။ ကိုယ်ကျိုးရှာသောသူနှင့် တပ်မက်သောသူတို့သည် ငါတို့လက်အောက်သို့ရောက်ရှိ၍ သူတို့ဩဇာလွှမ်းမိုးမည်ကို ကြောက်စရာမရှိဟု စာတန်သည် ဆက်လက်၍ ပြောဆိုသည်။ အဆုံး၌ သူတို့၏ဘုရားသခင်ဘက်တော်သားများနှင့် ကွေကွင်းကြမည်။ TM 472-474.

## မြေကြီးပေါ်၌ဆုံးရှုံးသည်ထက်ဆိုးရွားခြင်း

စာတန်သည် ပရိယာယ်ကြွယ်သည့် လှည့်ဖြားသောသူဖြစ်သည်။ သူ၏စုံစမ်းနှောင့်ယှက်ခြင်းများကို ကျွန်ုပ်တို့သည် လက်ခံခဲ့ပါက မြေကြီးနှင့်ဆိုင်သောပစ္စည်း၌ ဆုံးရှုံးသည်ထက်ဆိုးရွားလိမ့်မည်။ သေခြင်းထက်ပင်ဆိုးရွားသေး၏။ စာတန်၏ကြောက်မက်ဖွယ်ရာကောင်းသောအလိုဆန္ဒနှင့်အကြံအစည်အောက်သို့ ကျိုးနွံဝင်ရောက်၍ အောင်မြင်ခြင်းကိုအဖိုးကြီးပေး၍ ဝယ်ယူသောသူတို့သည် အလွန်နစ်နာသောအဖိုးကို ပေးရကြပြီ။ စာတန်နှင့်ကုန်သွယ်ခြင်းပြုသောကိစ္စတိုင်းတို့၌ အဖိုးကြီးပေး၍ ရရှိကြသည်။ သူပေးသောအကျိုးကျေးဇူးများသည် မှောက်မှားခြင်းဖြစ်သည်။ သူပေးကမ်းသည့်မြင့်မားသောမျှော်လင့်ခြင်းများသည် ကောင်းမြတ်ခြင်း၊ သန့်ရှင်းခြင်း၊ စင်ကြယ်ခြင်းများကို



အဆုံးခံရခြင်းကြောင့်ဖြစ်သည်။ သို့ဖြစ်၍ စာတန်အား "ကျမ်းစာလာသည်ကား" ဟူသောစကားဖြင့် နောက်ဆုတ်သွားပါလေစေ။ "ထာဝရဘုရားကို ကြောက်ရွံ့၍ လမ်းခရီးတော်သို့လိုက်သွားသမျှသောသူတို့သည် မင်္ဂလာရှိကြ၏။ ထိုသို့ပြုလျှင် သင်သည် မိမိလက်နှင့်လုပ်ဆောင်၍ရသောအစာကို စားရလိမ့်မည်။"

ဘုရားသခင်၏ရွေးနုတ်ခြင်းခံရသောသူများသွားရမည့်လမ်းသည် လောကကြီး၏စီမံချက်နှင့် အလေ့အကျင့်များတို့ထက်မြင့်မားသည်။ ထိုလမ်းပေါ်၌လျှောက်သွားသောသူတို့သည် သူတို့၏ကျင့်ဝတ်သည် စင်ကြယ်ကြောင်း အလုပ်ဖြင့်ပြသရကြမည်။ Signs, Feb. 24, 1909.

## သေးနုတ်သောဘာသာရေးမဟုသုတ

ဥစ္စာခနေပေါ်များသောသူတို့သည် ကိုယ့်အလိုဆန္ဒသို့လိုက်ခြင်း၌လည်းကောင်း၊ အစာခင်တွယ်မှုကြောင့်လည်းကောင်း၊ ဝတ်စားဆင်ယင်မှု၌လည်းကောင်း၊ (သို့မဟုတ်) သူတို့၏နေအိမ်ကိုမွမ်းမံခြယ်လှယ်ခြင်း၌လည်းကောင်း သူတို့၏ငွေကြေးများကိုသုံးစွဲရန် သွေးဆောင်ခြင်းခံရကြသည်။ ဤအရာများအဖို့ခရစ်ယာန်ဟုခေါ်ဝေါ်သောသူတို့သည် ဖေါဖေါသီသီသုံးစွဲဖို့ရန်

လက်မနှေးကြပေ။ အလွန်အကျူးသုံးစွဲကြသေး၏။ သို့သော်လည်း ဘုရားသခင်၏အမှုတော်၌ သုံးစွဲဖို့ရန်လည်းကောင်း၊ မြေကြီးပေါ်၌ ကိုယ်တော်၏အမှုတော်တိုးတက်ဖို့ရန်လည်းကောင်း ကိုယ်တော်၏ဘဏ္ဍာတိုက်သို့ယူဆောင်လာရန် ပြောဆိုသောအခါ နောက်ဆုတ်သွားကြလေသည်။ မိမိ၏အလိုဆန္ဒပြည့်စုံဖို့ရန် တက်တက်ကြွကြွပြုံးရွှင်နေသောမျက်နှာသည် ဘုရားသခင်၏ အမှုတော်အဖို့ ရက်ရောစွာပေးကမ်းဖို့ရန် ပန်ကြားသောအခါ မျက်နှာအရောင်အသွေးသည် မှေးမှိန်သွားခဲ့၍ စိတ်ပျော်ရွှင်ခြင်း မတွေ့ရတော့ပေ။ မလွှဲမရှောင်နိုင်သောအခါမှသာ အနည်းငယ်လောက်သောအလှူငွေကို ပေးကမ်းကြသည်။ သို့သော်လည်း သူတို့သည် ခရစ်တော်ကို ဧကန်အမှန်မချစ်ကြပေ။ အဖိုးထိုက်တန်သောအသက်ဝိညာဉ်များကယ်တင်ခြင်းရရှိဖို့ရန် စိတ်ဝင်စားခြင်းမရှိကြပေ။ ဤကဲ့သို့သောခရစ်ယာန်အသက်တာသည် သေးသိမ်၍ ဖျားနာလျက်ရှိသည်။ ထိုကဲ့သို့သောသူများသည် မိမိတို့၏လမ်းစဉ်ကိုမပြောင်းလဲပါက သူတို့၏အလင်းသည် မှောင်မိုက်၌ပျောက်ကွယ်သွားလိမ့်မည်။ R & H, May 16, 1882.

–၀–

# (၃၂) ဥစ္စာဓနကိုအလွဲသုံးခြင်း

ဆည်းပူးသိုလှောင်ထားသောဥစ္စာဓနသည် အသုံးမဝင် အချည်းနှီးဖြစ်ရုံမျှမကကျိန်ခြင်းတစ်ရပ်ပင်ဖြစ်သည်။ ဤအသက်တာ၌ ၎င်းသည် အသက်ဝိညာဉ်၏ကျော့ကွင်းဖြစ်၍ ကောင်းကင်နှင့်ဆိုင်သောဘဏ္ဍာကို နှစ်သက်မြတ်နိုးခြင်းမှ အဝေးသို့ဆွဲဆောင်သွားခဲ့လေသည်။ ဘုရားသခင်၏နေ့ရက်ကြီး၌ အသုံးမပြုသောအစွမ်းသတ္တိများနှင့် ပျက်ကွက်နေသောအခွင့်အရေးများသည် ၎င်းတို့ကိုပိုင်ဆိုင်သောသူ၌ အပြစ်ထင်ရှားစေလိမ့်မည်။

သူတို့၏ပစ္စည်းဥစ္စာနှင့်လုပ်အားကို တောင်းဆိုသောကြောင့် သူတို့၏စိတ်နှလုံးထဲ၌ ဘုရားသခင်သည် အလွန်ခဲယဉ်းသောအလုပ်ရှင်ဖြစ်သည်ဟု စွပ်စွဲပြောဆိုကြသောသူများစွာရှိကြသည်။ ဘုရားသခင်မပိုင်ဆိုင်သေးသောအရာတစ်စုံတစ်ခုကိုမျှ ကိုယ်တော်အထံတော်သို့ ကျွန်ုပ်တို့သည် ယူဆောင်၍မလာနိုင်ကြပေ။ "အလုံးစုံသောအရာတို့သည် ကိုယ်တော်ထံမှလာ၍ ကိုယ်တော်ပိုင်သောအရာကို အကျွန်ုပ်တို့သည် ပြန်၍ပေးအပ်ကြပါပြီ" ဟု ဒါဝိဒ်မင်းကြီးကပြောဆိုသည်။ ဖန်ဆင်းတော်မူခြင်း

အားဖြင့် ဘုရားသခင်သည် အားလုံးသောအရာတို့ကို ပိုင်ဆိုင်ရုံမျှမက ရွေးနုတ်တော်မူခြင်းအားဖြင့်လည်း ပိုင်ဆိုင်တော်မူသည်။ ဤအသက်တာနှင့်ဆိုင်သောကောင်းချီးမင်္ဂလာနှင့် နောင်အသက်တာနှင့်ဆိုင်သောကောင်းချီးမင်္ဂလာများကို ကျွန်ုပ်တို့အား လက်ဝါးကပ်တိုင်၏တံဆိပ်ဖြင့် နှိပ်ခတ်၍ပေးတော်မူသည်။ R & H, Dec. 23, 1902.

## ချစ်ခြင်းမေတ္တာအားဖြင့်ပြောင်းလဲခြင်း

ဘုရားသခင်၏ဝိညာဉ်တော်အားဖြင့် စိတ်နှလုံးထဲ၌ စိုက်ပျိုးလိုက်သောသမ္မာတရားသည် ကြွယ်ဝချမ်းသာလိုသောဆန္ဒကို စိတ်အတွင်းမှ ဖယ်ရှားပစ်လိမ့်မည်။ သခင်ယေရှုကိုချစ်ခြင်းနှင့် ငွေကိုချစ်ခြင်းသည် တစ်ခုတည်းသောစိတ်နှလုံးအတွင်း၌ မနေနိုင်ပေ။ ဘုရားသခင်ကိုချစ်ခြင်းသည် ငွေကိုချစ်ခြင်းထက်သာလွန်ခဲ့ရာ ပိုင်ဆိုင်သောသူသည် သူ၏ကြွယ်ဝချမ်းသာခြင်းကို အဆက်ဖြတ်၍ ချစ်ခင်မြတ်နိုးသောစိတ်နှင့် ဘုရားသခင်ထံတော်သို့ခိုလှုံ၏။ သူ၏ချစ်ခြင်းမေတ္တာအားဖြင့် ဆင်းရဲသောသူတို့ကို မစခြင်းပေး၍ ဘုရားသခင်၏အမှုတော်ကို အကူအညီပေးလိမ့်မည်။ ဘုရားသခင်၏ပစ္စည်းများကို မှန်ကန်



စွာစီမံခြင်းသည် သူ၏အမြင့်ဆုံးသောနှစ်သက်ခြင်းဖြစ်လိမ့်မည်။ သူပိုင်ဆိုင်သောအရာအားလုံးတို့ကို သူ၏ကိုယ်ပိုင်ကဲ့သို့ သဘောမထားဘဲ ဘုရားသခင်၏ဘဏ္ဍာစိုးတစ်ယောက်ဖြစ်သည်အားလျော်ညီစွာ သူ၏တာဝန်ကို သစ္စာရှိစွာဖြင့်လုပ်ဆောင်လိမ့်မည်။ ထိုနောက် သူသည် တရားတော်၏ပညတ်နှစ်ပါးကို စောင့်ထိန်းနိုင်လိမ့်မည်။ "သင်သည် သင်၏ဘုရားသခင်ထာဝရဘုရားအား အစွမ်းသတ္တိရှိသမျှ၊ ဉာဏ်ရှိသမျှနှင့်ချစ်လော့။" "ကိုယ်နှင့်စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှချစ်လော့။"

ဤနည်းဖြင့် ငွေရတတ်သောသူသည် ဘုရားသခင်၏နိုင်ငံတော်သို့ဝင်ဖို့ရန် တတ်နိုင်လိမ့်မည်။ "အကြင်သူသည် ငါ၏နာမကြောင့် အိမ်၊ လယ်၊ ညီအစ်ကို၊ နှမ၊ မိဘ၊ သားမယားတည်းဟူသော တစ်ပါးပါးကိုစွန့်၏၊ ထိုသူသည် အဆတစ်ရာသောအကျိုးကိုရ၍ ထာဝရအသက်ကိုအမွေခံရလတ္တံ့။" ဤနေရာ၌ ဘုရားသခင်အတွက် စွန့်စားသောသူတို့အဖို့ ဆုလာဘ်ရှိသည်။ သူတို့သည် ဤအသက်တာ၌ အဆတစ်ရာသောအကျိုးကိုရရှိ၍ ထာဝရအသက်ကိုလည်း အမွေခံရလိမ့်မည်။ R & H, Sept. 16, 1884.

ဘုရားသခင်၏ဘဏ္ဍာစိုးများသည် တာဝန်သိအလုပ်လုပ်ဆောင်ပါက စီးပွားချမ်းသာလျင်မြန်စွာတိုးတက်လာခြင်း၌

သူတို့အဖို့ ကျော့ကွင်းဖြစ်လိမ့်မည်ဟု စိုးရိမ်စရာမရှိပေ။ အကြောင်းမှာ ထိုစီးပွားချမ်းသာမှုကို လက်တွေ့အသိဉာဏ်ဖြင့်လည်းကောင်း၊ ခရစ်တော်၏ရက်ရောခြင်းစိတ်ဖြင့်လည်းကောင်း အသုံးပြုပေလိမ့်မည်။ R & H, May 16, 1882.

## ဥစ္စာပစ္စည်းသည်အဖိုးတန်၏၊ သို့သော်သိုလှောင်မထားရ

ထာဝရကြွယ်ဝခြင်းကိုရှာဖွေသောသူများသည် ကောင်းကင်နှင့်ဆိုင်သောဘဏ္ဍာကို သာ၍ကြီးသောစိတ်အားထက်သန်ခြင်းနှင့်ဇွဲလုံ့လဖြင့်ကြိုးစားရှာဖွေရမည်။ သူရှာဖွေနေသောအရာ၏တန်ဖိုးနှင့်တူညီသောစိတ်အားကြီးခြင်းရှိရမည်။ လောကသားသည် လောကနှင့်ဆိုင်သောအရာများကိုသာရရှိဖို့ လုံးပန်းနေသည်။ သူသည် သူ၏ဘဏ္ဍာကို မြေကြီးပေါ်၌ဆည်းပူးနေ၍ သခင်ယေရှုသည် သူ့အားတားမြစ်သောအရာကိုပင် ပြုလုပ်နေသည်။

ရိုးသားသောခရစ်ယာန်သည် သခင်ယေရှုနှိုးဆော်သတိပေးခြင်းကိုနှစ်သက်၍ ကိုယ်တော်၏ဘုရားသခင့်နှုတ်ကပတ်တော်အတိုင်းလုပ်ကိုင်ပြီးလျှင် ကမ္ဘာကြီး၏ရွေးနုတ်ရှင်မိန့်တော်မူသည်အတိုင်း သူ၏ဘဏ္ဍာကို ကောင်းကင်၌သိုမှီးထားလေသည်။



ထာဝရချမ်းသာကိုရခြင်းသည် တစ်သက်တာလုံးကြိုးပမ်းလုပ်ကိုင်ရကျိုးနပ်သည်ဟု သူသည်တွေ့မြင်သည်။ သူ၏ကြိုးစားခြင်းကိုအလွဲသုံးစားပြုနေသည်မဟုတ်။ ဘုရားသခင်၏လက်ယာဘက်၌ထိုင်နေသောခရစ်တော်၌သာ သူ၏ချစ်ခင်မြတ်နိုးခြင်းကိုထားရှိသည်။ ကျေးဇူးတော်အားဖြင့် ပြောင်းလဲခြင်းရှိရာ သူ၏အသက်တာသည် ဘုရားသခင်၌ ခရစ်တော်နှင့်အတူ ဝှက်ထားလျက်ရှိသည်။

သူ၌ဥစ္စာပစ္စည်းရှာဖွေဆည်းပူးနိုင်မှုမဆုံးရှုံးသေးပေ။ သို့သော်လည်း သူ၏တက်ကြွနေသောစွမ်းရည်များကို ဝိညာဉ်ရေးနှင့်ဆိုင်သော အဆင့်အတန်းသို့ရောက်ရှိဖို့ရန် ရှာဖွေနေသည်။ ထိုနောက် ဘုရားသခင်၏တန်ခိုးတော်ထင်ရှားခြင်း၌အသုံးပြုရန် အပ်နှံခြင်းခံရသောအစွမ်းသတ္တိများကို ဘုရားသခင်ထံမှရရှိသောဆုလာဘ်များဖြစ်သည်ဟု ခံယူချက်ရှိလိမ့်မည်။ သူသည် ဥစ္စာပစ္စည်းအပေါ်၌ တန်ဖိုးထား၏။ သို့သော် ဆည်းပူးသိုလှောင်ခြင်းမပြု။ ခရစ်တော်သည် ဤလောက၌ရှိနေစဉ် လူအပေါင်းတို့ကို ကောင်းချီးမင်္ဂလာပေးဖို့ရန် ဆောင်ရွက်သကဲ့သို့ သူသည် ခရစ်တော်ကဲ့သို့ဆောင်ရွက်၍ သမ္မာတရားတော်တိုးတက်ဖို့ရန် အသုံးပြုခြင်း၌သာ တန်ဖိုးထားသည်။ ဤကိစ္စအဖို့ သူသည် မိမိ၏ခွန်အားများကို အသုံးပြုလိမ့်မည်။ မိမိကိုယ်ကိုချီးမွမ်းဝါကြွား

ဖို့ရန်မဟုတ်။ အပ်နှံခြင်းခံရသောဆုလာဘ်တစ်ခုစီကို ဘုရားသခင်၏အမှုတော်၌ အမြင့်မားဆုံးဆောင်ရွက်နိုင်ရန် ပို၍ အားထုတ်လိမ့်မည်။ သူနှင့်စပ်ဆိုင်၍ ပြောဆိုနိုင်သည်မှာ "အားထုတ်ခြင်းအရာမှာ ပျင်းရိခြင်းမရှိဘဲလျက် စိတ်တမ်းတသဖြင့် ဘုရားသခင်၏အလိုတော်သို့လိုက်၍ အားထုတ်လေသည်။"

ဤလောကနှင့်စပ်ဆိုင်သောအရာများကို သုံးစွဲရာ၌ ရှေးရှုသိမြင်ခြင်းကို ဘုရားသခင်သည် အပြစ်မဆိုပေ။ သို့သော်လည်း လောကနှင့်စပ်ဆိုင်သောအရာတို့၌ မရှိသင့်သော စိတ်ပူပန်သောကရောက်ခြင်းသည် ဘုရားသခင်၏အလိုတော် အတိုင်းမဟုတ်ပေ။ R & H, March 1, 1887.

–၀–

# (၃၃) ဆင်းရဲသားများကိုကိုယ်ချင်းစာနာခြင်း

ကောင်းကင်နိုင်ငံတော်သည် ပျောက်သောသူများအား ရှာဖွေနေခြင်းကိုထောက်ရှု၍ ခရစ်တော်၏ကျေးဇူးတရားတော်ကို ယူတင်ဝတ်ဆောင်နေသောသူများသည် သူတို့၏စိတ်ဝင်စားခြင်းနှင့် ကိုယ်ချင်းစာနာမှုများကို အချင်းချင်းတို့ထံမှ မည်ကဲ့သို့ ရုပ်သိမ်းနိုင်သနည်း။ သူတို့သည် ရာထူးရှိခြင်း (သို့မဟုတ်) ဆွေမျိုးကျက်သရေရှိခြင်းကိုထောက်၍ ကံခေသူများနှင့် ဆင်းရဲသားများကို မည်ကဲ့သို့မထီမဲ့မြင်ပြုအံ့နည်း။

သို့သော်လည်း ကမ္ဘာကြီး၌ ရာထူးကြောင့် မာနကြီးခြင်းနှင့်ဆင်းရဲသားများကို နှိပ်စက်ညှဉ်းဆဲခြင်းများရှိသကဲ့သို့ သခင်ခရစ်တော်နောက်သို့လိုက်သောသူများတို့၌လည်း ဤကဲ့သို့သော စိတ်သဘောမျိုးရှိကြသည်။ အများသောသူတို့၌ လူတို့အား တင်းပြည့်ကျပ်ပြည့်ပေးရမည့်ကိုယ်ချင်းစာနာမှုသည် အေးစက်၍ အစိုင်အခဲဖြစ်နေသည်။ အခြားသူများအဖို့ ကောင်းချီးမင်္ဂလာဖြစ်စေရန် ပေးအပ်ထားသောဆုလာဘ်များကို လူတို့သည် မိမိတို့ ကောင်းစားရေးအတွက် အသုံးပြုကြသည်။ ကြေးငွေချမ်းသာသောသူတို့သည် ဆင်းရဲသားတို့ကို ညှဉ်းဆဲကြသည်။ ဤနည်းဖြင့် ရရှိသောကြေးငွေကို သူတို့သည် မာနကြီးခြင်း၌ယစ်မူး၍

ဘုရားသခင်၏အိမ်တော်၌ပင် ဝင့်ကြွားရန် နှစ်သက်ကြသည်။ ဘုရားသခင်အား ဝတ်ပြုကိုးကွယ်ရန် အလွန်စရိတ်ကြီးသည်ဟု ဆင်းရဲသားတို့၏စိတ်၌ယူဆကြသည်။ လောက၌အထင်အမြင်ကြီးဖို့ရန် ကြေးငွေချမ်းသာသောသူများသာလျှင် ဘုရားသခင်ကို ဝတ်ပြုကိုးကွယ်နိုင်သည်ဟု အများသောသူတို့၌ အထင်အမြင်ရှိကြသည်။ ဘုရားသခင်သည် မိမိ၏မေတ္တာကို နောင်တတရားရသောဆင်းရဲသားများနှင့် ကျက်သရေမရှိသောသူများအား မပြသခဲ့ပါက ဤကမ္ဘာမြေကြီးသည် ဆင်းရဲသားများအဖို့ ဝမ်းနည်းစရာကောင်းသောနေရာဖြစ်ပေမည်။

ကမ္ဘာကြီး၏ကယ်တင်ရှင်သည် ဆင်းရဲသောမိဘများမှ ပေါက်ဖွားလာသော သားတစ်ယောက်ဖြစ်သည်။ သူငယ်ဘဝအချိန် ခရစ်တော်ကို ဗိမာန်တော်တွင်အပ်နှံရာ၌ ကိုယ်တော်၏မိခင်သည် ဆင်းရဲသားများစွန့်ကြဲပေးကမ်းဖို့ရန် သီးသန့်ထားသောအလှူတော်ကိုသာယူလာနိုင်သည်။ ချိုးငှက်နှစ်ကောင် (သို့မဟုတ်) ခိုငှက်နှစ်ကောင်ဖြစ်သည်။ ကောင်းကင်ဘုံမှ မြေကြီးသို့ချပေးသောဆုလာဘ်တော်သည် အလွန်အဖိုးထိုက်တန်သောခရစ်တော်ပင်ဖြစ်ရာ အခြားသောဆုလာဘ်များထက် အဖိုးထိုက်တန်လေသည်။ သို့သော်လည်း အဖိုးထိုက်တန်လှသောထိုဆုလာဘ်ကို အသေးနုပ်ဆုံးသောအလှူငွေဖြင့် အသိအမှတ်



ပြု၍ တုံ့ပြန်နိုင်သည်။ ကျွန်ုပ်တို့၏ကယ်တင်ရှင်သည် ဤလောကကြီး၌ ခရီးလှည့်လည်သွားလာနေစဉ် ဆင်းရဲသောသူများ၊ ကျက်သရေမရှိသောသူများနှင့်အတူ ရပ်တည်နေတော်မူသည်။ ကိုယ်ကိုငြင်းပယ်ခြင်းနှင့် အနစ်နာခံခြင်းသည် ကိုယ်တော်၏အသက်တာ၌ သီးခြားထင်ရှားသောအလုပ်ပင်ဖြစ်သည်။

ကျွန်ုပ်တို့ခံစားနေရသောအကျိုးကျေးဇူးများနှင့် ကောင်းချီးမင်္ဂလာများသည် ခရစ်တော်ထံမှသာဖြစ်သည်။ ကျွန်ုပ်တို့သည် ကိုယ်တော်၏ကျေးဇူးတော်နှင့် ယခုဘဝနှင့်ဆိုင်သောဆုလာဘ်များတို့၏ဘဏ္ဍာစိုးများဖြစ်ကြသည်။ အနည်းဆုံးသောအစွမ်းသတ္တိနှင့် နှိမ့်ချသောဆောင်ရွက်ခြင်းသည် သခင်ယေရှုအား လက်ဆောင်အနေဖြင့် ပေးကမ်းစွန့်ကြဲနိုင်သည်။ ကိုယ်တော်၏ကောင်းမှုတော်ရနံ့ဖြင့် ကိုယ်တော်သည် အဖခမည်းတော်ထံသို့ ပေးအပ်လိမ့်မည်။ ကျွန်ုပ်တို့၌ရှိသော အကောင်းဆုံးသောအရာကို ရိုးသားသောစိတ်ဖြင့်ပေးအပ်၍ ဘုရားသခင်ကို ချစ်ခြင်း၊ သခင်ယေရှုအဖို့ဆောင်ရွက်ပေးရန် တောင့်တသောစိတ်ရှိပါက လက်ဆောင်ပဏ္ဏာကို လုံးဝလက်ခံခြင်းရှိ၏။ လူတိုင်း ကောင်းကင်နိုင်ငံတော်၌ ဘဏ္ဍာကိုဆည်းပူးနိုင်ကြသည်။ လူတိုင်း သူတစ်ပါးအား ကျေးဇူးပြုခြင်း၊ ကောင်းသောအကျင့်၌ ကြွယ်ဝပြည့်စုံခြင်း၊ စွန့်ကြဲလိုသောစေတနာစိတ်ရှိခြင်း၊ အချင်းချင်း

ဆက်ဆံခြင်း၊ မုန်သောအသက်ကို ဝင်စားလိုသောငှာ နောင်ဘဝ၌ ကောင်းကင်ဘဏ္ဍာကို မိမိတို့အဖို့ ဆည်းပူးခြင်းကိုပြုရမည်။

## ကိုယ်ချင်းစာနာတတ်ခြင်းဖြင့်ချည်နှောင်ထားရမည်

ကြွယ်ဝချမ်းသာသောသူနှင့် ဆင်းရဲသောသူတို့သည် ရင်းနှီးစွာကိုယ်ချင်းစာနာတတ်ခြင်း၊ ကူညီမစခြင်းနှင့် နှောင်ကြိုးဖြင့်ချည်နှောင်ထားခြင်းသည် ဘုရားသခင်၏အကြံအစည်ဖြစ်သည်။ ကျွန်ုပ်တို့အသီးသီးအဖို့ ကိုယ်တော်၌အကြံအစည်တစ်ခုရှိသည်။ ကိုယ်တော်၏အစေခံလိုသောသူတို့အဖို့ ကိုယ်တော်သည် အလုပ်တစ်ခုကိုသီးသန့်ခန့်ထားတော်မူသည်။ ကျွန်ုပ်တို့သိမြင်ဖို့ရန် ကျွန်ုပ်တို့၏ရှေ့မှောက်သို့ရောက်လာသော ဒုက္ခဆင်းရဲခြင်းနှင့်ငတ်မွတ်နေခြင်းအဖြစ်အပျက်တိုင်းတို့၌ ကျွန်ုပ်တို့သည် စိတ်ဝင်စားခြင်းနှင့် သိမှတ်ရမည်ဟု ကိုယ်တော်မှာထားတော်မူသည်။

ကျွန်ုပ်တို့၏သခင်ယေရှုခရစ်သည် ကြွယ်ဝချမ်းသာတော်မူသည်။ သို့သော်လည်း ကျွန်ုပ်တို့အဖို့ ကိုယ်တော်သည် ဆင်းရဲတော်မူသည်။ ကိုယ်တော်ဆင်းရဲခံတော်မူခြင်းဖြင့် ကျွန်ုပ်တို့သည် ကြွယ်ဝချမ်းသာခြင်းသို့ရောက်ရန်ဖြစ်သည်။



ကိုယ်တော်သည် ယခုဘဝနှင့်ဆိုင်သော ကောင်းချီးမင်္ဂလာများအပ်နှံထားခြင်းခံရသောသူတို့အား သူ၏ပုံသက်သေကိုလိုက်လျှောက်ရန် မှာကြားတော်မူသည်။ သင်တို့၌ ဆင်းရဲသောသူများအစဉ်အမြဲရှိလိမ့်မည်။ အချိန်အခါမရွေး သူတို့အားကောင်းမှုကိုပြုလော့ဟု သခင်ယေရှုမိန့်တော်မူ၏။ လောက၌ဆင်းရဲသောသူနှင့် စိတ်ဒုက္ခရောက်နေသောသူတို့သည် အစဉ်သဖြင့် ကျွန်ုပ်တို့၏သနားကြင်နာခြင်းနှင့် ကိုယ်ချင်းစာနာတတ်မှုကို လိုလျက်ရှိနေလိမ့်မည်။ ဒုက္ခဆင်းရဲခံနေရသောသူတို့ထံသို့သွားရောက်ကူညီဆောင်ရွက်ပေးခြင်းသည် ကိုယ်တော်အဖို့အနှစ်သက်ဆုံးသောအလုပ်ဖြစ်သည်ဟု ကယ်တင်ရှင်မိန့်တော်မူသည်။ မွတ်သိပ်သောသူကို အစာကျွေးခြင်း၊ နေရာမရှိ ဆင်းရဲသောသူတို့ကို ကိုယ့်အိမ်သို့ဆောင်ခြင်း၊ အဝတ်မရှိသောသူကိုမြင်လျှင် အဝတ်ကိုပေးခြင်း၊ ကိုယ့်အသားကိုမရှောင်ဘဲနေခြင်းမဟုတ်လော။ ကျွန်ုပ်တို့သည် ဖျားနာသောသူများကို ကြည့်ရှုပြုစုရမည်။ ဆာမွတ်သောသူများကို ကျွေးမွေးရမည်။ အဝတ်အချည်းစည်းရှိသောသူကို အဝတ်ပေး၍ မသိနားမလည်သောသူကို သွန်သင်ရမည်။

လောကသည် ဆင်းရဲဒုက္ခရောက်နေသောသူများနှင့်ပြည့်ဝနေသောကြောင့် အများသောသူတို့သည် ဘုရားသခင်ကို

အပြစ်တင်မြည်တမ်းကြသည်။ သို့သော်လည်း ဘုရားသခင်သည် ကောင်းမှုပြုလိုသောသဘောရှိသောဘုရားသခင်ဖြစ်တော်မူသည်။ ကိုယ်တော်၏ပစ္စည်းများကို အပ်နှံထားသောကိုယ်စားလှယ်မှတစ်ဆင့် ကိုယ်တော်၏လူများလိုအပ်နေသောအရာများကို ပေးတော်မူမည်။ အားလုံးသောသူတို့၏လိုအပ်နေသောအရာကို ကြွယ်ဝစွာစီမံထားတော်မူသည်။ လူသည် ကိုယ်တော်၏ဆုလာဘ်များကို မတရားသဖြင့်သုံးစွဲခြင်းမပြု၊ ကိုယ်ကျိုးမရှာဘဲ အချင်းချင်းတို့အား ပေးကမ်းခြင်းပြုခဲ့လျှင် မည်သူမျှလိုအပ်နေကြမည်မဟုတ်ပေ။ R & H, June 20, 1893.

## ဘုရားသခင်၏ရှေ့တော်၌အမျိုးဇာတိခြားနားမှုမရှိ

အထူးသဖြင့် ဆင်းရဲသားများနှင့်ဆက်ဆံရသောအခါ ကျွန်ုပ်တို့သည် မည်သည့်အခါမျှ စိမ်းကားသောသဘောနှင့် ကိုယ်ချင်းမစာနာတတ်သောသဘောမျိုးကိုမပြရ။ ယဉ်ကျေးခြင်း၊ ကိုယ်ချင်းစာနာတတ်ခြင်း၊ ညှာတာခြင်းသဘောကို လူတိုင်းတို့အားပြသရမည်။ ချမ်းသာကြွယ်ဝသောသူဘက်သို့ မျက်နှာလိုက်ခြင်းကို ဘုရားသခင်မနှစ်သက်ပေ။ ခရစ်တော်၏သားသမီးများကို မထီမဲ့မြင်ပြုခြင်းသည် ကိုယ်တော်ကိုမထီမဲ့မြင်ပြုခြင်းပင်



ဖြစ်သည်။ သူတို့သည် ဤလောက၏ပစ္စည်းမဲ့လူတန်းစားများဖြစ်ကြသည်။ သို့သော်လည်း သူတို့ကို ကိုယ်တော်သည် ချစ်တော်မူသည်။ ဘုရားသခင်၌ လူအတန်းအစားမရှိပေ။ ကိုယ်တော်၌ဇာတိမရှိ။ ကိုယ်တော်၏ရှေ့တော်၌ ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ လူသည် လူပင်ဖြစ်သည်။ နောက်ဆုံးစာရင်းရှင်းသောနေ့၌ ရာထူးအဆင့်အတန်း၊ (သို့မဟုတ်) ပစ္စည်းဥစ္စာသည် မည်သူ့ကိုမျှဆံချည်တစ်ပင်မျှလောက်သော အလေးကိုပို၍စီးစေမည်မဟုတ်ပေ။ အရာခပ်သိမ်းတို့ကို သိမြင်တော်မူသောဘုရားသခင်သည် လူတို့ကို မိမိတို့၏စင်ကြယ်ခြင်း၊ မြင့်မြတ်ခြင်း၊ ခရစ်တော်ကိုချစ်ခြင်းတည်းဟူသော ကောင်းမှုများကိုကြည့်ရှု၍ တရားစီရင်တော်မူမည်။

ဧဝံဂေလိတရားတော်ကို ဆင်းရဲသားတို့အား ဟောပြောရမည်ဟု သခင်ယေရှုမိန့်တော်မူသည်။ ဘုရားသခင်၏သမ္မာတရားတော်သည် ဆင်းရဲသောသူနှင့် ခိုကိုးရာမဲ့ဖြစ်သောသူတို့ထံသို့ရောက်လာသောအခါ အလွန်ချစ်ဖွယ်သောအခြေအနေသို့ရောက်ခဲ့သည်။ ယင်းနောက် ဧဝံဂေလိတရားတော်၏အလင်းရောင်သည် အလွန်ကြည်လင်တောက်ပလာလျက် ကျေးတောသားတစ်ယောက်၏တဲတစ်ခုလုံးကိုလည်းကောင်း၊ အလုပ်သမားနေသောကြမ်းတမ်းသည့်အိမ်ငယ်ကလေးအတွင်းအပြင်၌

လည်းကောင်း အလင်းရောင်ဖြင့်ပြည့်ဝနေလိမ့်မည်။ ဘုရားသခင်၏ကောင်းကင်တမန်များသည် ထိုနေရာ၌ရှိ၍ သူတို့၏အထင်အရှားရှိနေခြင်းသည် ပေါင်မုန့်တစ်ချပ်နှင့်ရေတစ်ခွက်ကိုစားသောက်ပွဲကြီးပမာဖြစ်စေသည်။ ကမ္ဘာကြီးက ဂရုမစိုက်၊ စွန့်ပစ်ထားခြင်းခံရသောသူတို့သည် အမြင့်ဆုံးသောသခင်၏သားသမီးများအဖြစ် ချီပင့်ခြင်းခံရကြမည်။ ကမ္ဘာမြေကြီးက ချီးမြှောက်ပေးနိုင်သည့်အဆင့်အတန်းထက် မြင့်သောနေရာသို့ရောက်၍ သူတို့သည် ကောင်းကင်ဘုံ၌ ခရစ်တော်နှင့်အတူထိုင်ရကြမည်။ သူတို့၌ မြေကြီးနှင့်စပ်ဆိုင်သောဘဏ္ဍာရှိမည်မဟုတ်ပေ။ သို့သော်လည်း သူတို့သည် အလွန်အဖိုးထိုက်တန်သောပုလဲကိုတွေ့ကြပြီ။ R & H, July 21, 1910.

## မုဆိုးမနှင့်မိဘမရှိသောသူတို့၏တောင်းဆိုခြင်း

ကျွန်ုပ်တို့ထံ၌ မစခြင်းကိုတောင်းခံသောသူတိုင်းတို့အား အကန့်အသတ်မရှိ၊ ပေးကမ်းခြင်းသည် တော်သင့်သောအပြုအမူဟု မယူဆနိုင်ပေ။ အကြောင်းမှာ ဤကဲ့သို့ပေးကမ်းခြင်းဖြင့်ပျင်းရိခြင်းကိုအားပေးရာရောက်မည်။ ချုပ်တည်းခြင်းမရှိ၊ မလိုဘဲနှင့်အပိုသုံးဖြုန်းခြင်းကိုဖြစ်စေလိမ့်မည်။ သို့သော်လည်း တစ်ဦး



တစ်ယောက်သည် သင်၏တံခါးဝသို့လာ၍ ဆာမွတ်နေသည်ဟုပြောဆိုလျှင် သူ့ကိုမပေးမကမ်းဘဲ ထွက်ခွာမသွားစေပါနှင့်။ သင့်အိမ်၌ရှိသောစားစရာတစ်ခုခုဖြင့် သူ့အားကျွေးမွေးပါလေ။ သင်သည် သူ၏အခြေအနေမှန်ကိုသိလိမ့်မည်မဟုတ်ပေ။ မတော်တဆသူ၏ဆင်းရဲခြင်းသည် ကံတရားဆိုးဝင်ရောက်လာသောကြောင့်ဖြစ်ပေသည်။

ကျွန်ုပ်တို့၏စိတ်ဝင်စားမှုလိုအပ်သောသူတို့တွင် မုဆိုးမနှင့်မိဘမဲ့ကလေးများတို့သည် ကျွန်ုပ်တို့၏ကြင်နာခြင်း၊ ကိုယ်ချင်းစာနာမှုနှင့် စောင့်ရှောက်ခြင်းသည် အများဆုံးလိုကြသည်။ ခမည်းတော်ဘုရားသခင်ရှေ့၌ စင်ကြယ်သန့်ရှင်းသောကောင်းမှုဟူမှုကား၊ မိဘမရှိသောသူငယ်တို့နှင့် မုဆိုးမတို့သည် ဆင်းရဲခံရသောအခါ သူတို့ကိုကြည့်ရှုပြုစုခြင်း၊ ကိုယ်တိုင်လည်း လောကအညစ်အကြေးနှင့်ကင်းစင်အံ့သောငှာ စောင့်ရှောက်ခြင်းပေတည်း။

ယုံကြည်ခြင်း၌ သေဆုံးသွားသောဖခင်သည် ဘုရားသခင်၏ထာဝရကတိတော်များကိုအားကိုး၍ ဘုရားသခင်သည် သူ၏ရင်သွေးများကို ကြည့်ရှုစောင့်ရှောက်လိမ့်မည်ဟု လုံးဝယုံကြည်အားကိုးခြင်းဖြင့် သက်စွန့်ထွက်ခွာသွားခဲ့လေသည်။ ဤဝမ်းနည်းပက်လက်ကျန်ရစ်ခဲ့သောရင်သွေးငယ်များအဖို့ ဘုရားသခင်သည် မည်ကဲ့သို့စီမံသနည်း။ ကိုယ်တော်သည်

ကောင်းကင်မှမန္နမုန့်မိုးရွာချပေးခြင်းဖြင့် အံ့ဖွယ်အမှုတစ်ခုကို ပြုတော်မမူ၊ တောကျိုးကန်းများကိုလည်း အစာဖြင့်စေလွှတ်ခြင်း မပြု။ သို့သော်လည်း ကိုယ်တော်သည် လူတို့၏စိတ်၌ အံ့ဖွယ်အမှုကိုပြုလုပ်တော်မူသည်။ ကိုယ်တော်သည် လူတို့စိတ်နှလုံးမှ ကိုယ်ကျိုးရှာဖွေခြင်းစိတ်ကိုပပျောက်စေ၍ သူတစ်ပါးအား အကျိုးပြုလိုသောစိတ်သဘောကိုဖွင့်ပေးလိုက်သည်။ မိမိ နောက်လိုက်များတို့၏မေတ္တာကိုစစ်ဆေး၍ သူတို့၏လက်ကို ကြင်နာသောသဘောဖြင့် ကြည့်ရှုရန် ဒုက္ခဆင်းရဲ၊ ပူဆွေးခြင်း ဖြစ်နေသောသူများ၊ ဆင်းရဲသောသူများနှင့် မိဘမဲ့ကလေးများကို ပေးအပ်လိုက်သည်။ အမှန်အားဖြင့် ဤကလေးသူငယ်များသည် ခရစ်တော်ကြည့်ရှုသောသူများဖြစ်၍ ဂရုမစိုက်ဘဲနေခြင်းသည် ကိုယ်တော်ကိုပြစ်မှားရာရောက်သည်နှင့်တူသည်။ သူတို့ကို ဂရုမစိုက်ဘဲနေသောသူများသည် ကိုယ်တော်ကိုဂရုမစိုက်ဘဲ နေသကဲ့သို့ပင်ဖြစ်သည်။

သခင်ယေရှု၏နာမဖြင့် သူတို့အား ကြင်နာစွာပြုလုပ်ပေးခြင်းသည် ကိုယ်တော်အား ပြုလုပ်ပေးသကဲ့သို့ပင်ဖြစ်သည်ဟု ကိုယ်တော်လက်ခံသည်။ အကြောင်းမှာ ကိုယ်တော်သည် မိမိ၏ စိတ်ဝင်စားခြင်းများကို ဒုက္ခခံစားနေရသောလူတို့နှင့် တစ်သဘောတည်းထားတော်မူသည်။ ၎င်းပြင် မိမိ၏အသင်းတော်



အားလည်း ဤကဲ့သို့အလုပ်မျိုးလုပ်ကိုင်ရန် ပေးအပ်ထားတော်မူသည်။ စေတနာအပြည့်အဝဖြင့် လုပ်ဆောင်ပေးသောသူအားလုံး အပေါ်၌ ဘုရားသခင်၏ကောင်းချီးမင်္ဂလာသည် ရှိနေလိမ့်မည်။

သေခြင်းသည် အောင်မြင်ခြင်း၌ မြုပ်သွားသည်တိုင်အောင် ကျွန်ုပ်တို့၌ မိဘမဲ့ကလေးများအစဉ်ရှိနေလိမ့်မည်။ အစဉ်ကြည့်ရှုနေရမည်။ အသင်းသားများတို့၏ သိမ်မွေ့သောသနားကြင်နာခြင်းနှင့် ချစ်ခင်ခြင်းမရှိပါက သူတို့၌ အမျိုးမျိုးသောဒုက္ခနှင့် တွေ့ကြုံရကြမည်။ မွတ်သိပ်သောသူကိုအစာကျွေးခြင်း၊ နေရာမရှိ၊ ဆင်းရဲသောသူတို့ကို ကိုယ့်အိမ်သို့ဆောင်ခြင်းကိုပြုလော့ဟု ကျွန်ုပ်တို့အားပြုလုပ်ခိုင်းသည်။ ခရစ်ယာန်များတို့သည် အိမ်ခြေယာခြေမရှိသောဆင်းရဲသားများအား ကူညီမစခြင်းကိုပေးရမည်။ မုဆိုးမနှင့်မိဘမဲ့ကလေးများအဖို့ ဆုတောင်းခြင်းနှင့်ဆောင်ရွက်ပေးခြင်းများသည် ဆုလာဘ်ရရှိဖို့ရန် သတိပေးသောအနေဖြင့် ဘုရားသခင်၏ရှေ့တော်သို့တက်လာလိမ့်မည်။

## ဘုရားသခင်နှင့်ပူးပေါင်းခြင်း၌သနားကြင်နာမှုသည် သက်သေသာဓကဖြစ်ခြင်း

ကျွန်ုပ်တို့သည် အခြားသောသူများကိုပေးလှူနိုင်ရန် ဘုရားသခင်သည် မိမိ၏ကောင်းချီးမင်္ဂလာကို ကျွန်ုပ်အား

ပေးကမ်းတော်မူသည်။ ကျွန်ုပ်တို့သည် ကိုယ့်ကိုကိုယ်အပ်နှံသမျှကာလပတ်လုံး ဘုရားသခင်သည် ကျွန်ုပ်တို့ကိုပေးကမ်းစွန့်ကြဲနိုင်ရန် ဆုကျေးဇူးတော်ကြွယ်ဝခြင်းလမ်းကြောင်းကိုဖွင့်ပေးတော်မူလိမ့်မည်။ သင်သည် ဘုရားသခင်ထံတော်မှနေ့တိုင်းအစာကိုတောင်းလျှောက်သောအခါ ဘုရားသခင်သည်သင်၏စိတ်နှလုံးထဲသို့ ကြည့်ရှုတော်မူလျက် သင်သည် ထိုအစာကို သင့်ထက်ပို၍လိုအပ်နေသောသူအား ပေးကမ်းခြင်းရှိသလားဟုကြည့်ရှုတော်မူသည်။ အကျွန်ုပ်သည် အပြစ်သားဖြစ်၍ သနားတော်မူပါဘုရားသခင်ဟု သင်ဆုတောင်းသည်။ သင်သည်သင်နှင့်ပေါင်းဖော်သောသူတို့အား သနားခြင်းရှိမရှိကိုလည်းကိုယ်တော်သည် ကြည့်ရှုတော်မူသည်။ ဤအချက်သည်ကျွန်ုပ်တို့ဘုရားသခင်နှင့်ဆက်သွယ်ခြင်းရှိကြောင်း သက်သေသာဓကပင်ဖြစ်၍ ကောင်းကင်ဘုံ၌ရှိတော်မူသောဘုရားသခင်သည်သနားကြင်နာမှုနှင့်ပြည့်စုံသကဲ့သို့ ကျွန်ုပ်တို့လည်း သနားကြင်နာမှုရှိရကြမည်။ ကျွန်ုပ်တို့သည် ကိုယ်တော်ပိုင်ဖြစ်လျှင်ကျွန်ုပ်တို့၏စိတ်နှင့် မည်မျှပင်ဆန့်ကျင်ဘက်ဖြစ်၍ ကိုယ်အလိုအတိုင်းမဖြစ်စေကာမူ ကိုယ်တော်စေခိုင်းသောအမှုကို ဝမ်းမြောက်ဝမ်းသာသောစိတ်နှလုံးဖြင့် ဆောင်ရွက်ရကြမည်။



ခရစ်တော်လုပ်ကိုင်ဆောင်ရွက်သောအလုပ်များကိုလုပ်ကိုင်ဆောင်ရွက်ခြင်း၊ ကိုယ်တော်သည် ဒုက္ခခံစားနေရသောသူများနှင့် ဆင်းရဲသောသူများကို ကြည့်ရှုတော်မူခြင်းကိုသိမြင်၍ကျွန်ုပ်တို့၌ ခရစ်ယာန်အကျင့်ကြီးပွားစေရန် ပြုစုပေးရမည်။ ကျွန်ုပ်တို့သည် ခရစ်တော်အဖို့ မိမိကိုယ်ကိုငြင်းပယ်ခြင်း၊ လက်ဝါးကပ်တိုင်ကိုထမ်းဆောင်ခြင်း၊ ပျောက်သောသူကိုရှာဖွေပြီးလျှင်ကယ်တင်ခြင်းရရှိရေးအတွက် လုပ်ကိုင်ခြင်း၊ ထိုသို့သောအလုပ်များကို ဆောင်ရွက်ရာ၌ အနစ်နာခံရခြင်းသဘောရှိ၍ ကျွန်ုပ်တို့ကောင်းစားရေးအတွက်ဖြစ်သည်။ ဘုရားသခင်သည် ဤနည်းအားဖြင့် မကောင်းသောသဘောကိုရှင်းလင်းဖယ်ရှားပစ်၍ယုံကြည်သောသူ၏အကျင့်၌ သခင်ခရစ်တော်၏အကျင့်မျိုးပေါ်လာဖို့ရန်ဖြစ်သည်။ သမ္မာတရား၏သန့်စင်စေခြင်းဖြင့်အသက်ဝိညာဉ်မှအချေးအညှော်အားလုံးကို ရှင်းလင်းပစ်ရမည်။

ခရစ်တော်၏ကျေးဇူးတော်ဖြင့် သူတစ်ပါးကိုကောင်းချီးပေးဖို့ရန် ကျွန်ုပ်တို့၏ကြိုးစားခြင်းသည် ကျွန်ုပ်တို့ကိုယ်တိုင်ကျေးဇူးတော်၌ ကြီးပွားရန်ဖြစ်ရုံမက ကျွန်ုပ်တို့၏နောင်ရေးအချိန်၊ ထာဝစဉ်ပျော်ရွှင်ခြင်းရရှိဖို့အတွက် တိုးတက်စေလိမ့်မည်။ ခရစ်တော်နှင့်အတူလုပ်ဆောင်သောလူတို့အား ပြောဆိုမည့်စကားမှာ– "သစ္စာရှိသောငယ်သားကောင်း၊ သင်သည် သေးငယ်

သောအရာ၌ သစ္စာရှိလေပြီ။ သင့်ကိုအများအပြားသောအရာ အပေါ်၌ အအုပ်အချုပ်ခန့်ထားပြီ။ သင်၏သခင်နှင့်အတူ စည်းစိမ် သို့ဝင်စားလော့။” R & H, June 27, 1893.

## ပျင်းရိခြင်းကိုထောက်ပံ့ခြင်းမပြုရန်

ပျင်းရိ၍ အလုပ်မလုပ်ကိုင်သောသူတို့အား ကိုယ်ပိုင် လက်ဆောင်ပဏ္ဏာဖြစ်စေ (သို့မဟုတ်) အသင်းတော်၏ငွေဖြင့် ဖြစ်စေ ထောက်ပံ့ခြင်းဓလေ့ထုံးစံသည် သူတို့ကိုမှားယွင်းသော အကျင့်မွေးမြူရန် အားပေးခြင်းဖြစ်သည်။ ဤနည်းလမ်းကို စိတ်ရောကိုယ်ပါရှောင်ရှားခြင်းပြုရမည်။ အသက်အရွယ်ပြည့်သူ နှင့်ကလေးတိုင်းတို့ကို လက်တွေ့အသုံးကျသောအလုပ်လုပ်ကိုင် ဖို့ရန် ပညာပေးရမည်။ အားလုံးတို့သည် အသုံးကျသောအလုပ် တစ်ခုကိုလုပ်ကိုင်ရမည်။ သင်ကြားရမည်။ အဝတ်ချုပ်လုပ်ခြင်း (သို့မဟုတ်) အခြားအလုပ်တစ်ခုခုပင်ဖြစ်နိုင်သည်။ လူတိုင်း မိမိတို့၏ခွန်အားကို တစ်စုံတစ်ခု၌အသုံးချရမည်။ မိမိတို့ကိုယ်ကို ပညာပေး၍ အလုပ်လုပ်လိုသောအကျင့်ကို မြေတောင်မြှောက် ပေးပါက ဘုရားသခင်သည် ထိုသို့သောသူအား သူ၏စွမ်းရည် သတ္တိကိုတိုးပွားအောင် မစတော်မူမည်။ ကျွန်ုပ်တို့သည် အားထုတ်



ခြင်းအရာမှာ ပျင်းရိခြင်းမရှိဘဲလျက် စိတ်တမ်းသဖြင့် ဘုရား သခင်၏အလိုတော်သို့လိုက်၍ အားထုတ်ကြအံ့။ ဤအချက်၌ မိမိတို့၏အသရေကို စောင့်ထိန်းသောသူတို့အား ဘုရားသခင် သည် ကောင်းချီးမင်္ဂလာချပေးတော်မူလိမ့်မည်။ R & H, March 13, 1900.

## အသင်းတော်၏ဘဏ္ဍာတိုက်မှကြေးငွေများကိုလွှဲပြောင်းခြင်း

အများအပြားသောအမှုတို့၌ ဘုရားသခင်၏အမှုတော်တွင် သုံးစွဲရမည့်ကြေးငွေများ၌ အခြားသောအလုပ်အကိုင်ကိုလုပ်ကိုင် ရန် လွှဲပြောင်းပေးကြသည်။ သို့ပြုလုပ်ခြင်းသည် ကောင်းမှုပြု သောစိတ်သဘောအရပြုလုပ်သည်ဟု မှားယွင်းသောဆင်ခြေကို ပေးကြသည်။ သူတို့အဖို့ ကောင်းချီးမဖြစ်စေသောလက်ဆောင် ပဏ္ဏာများကို ဆင်းရဲသောသူတို့အား ကျွန်ုပ်တို့သည် မှားယွင်း၍ ပေးကမ်းကြလိမ့်မည်။ သူတို့ကိုအငတ်မထား၊ ထောက်ပံ့နေ သောသူအစဉ်ရှိလိမ့်မည်ဟု သူတို့၌စိတ်ထင်မြင်၍ ရှေ့တာရန် ကြိုးစားကြမည်မဟုတ်ပေ။ ကျွန်ုပ်တို့သည် ပျင်းရိတတ်ခြင်းကို အားမပေးရ။ ၎င်းအပြင် မိမိအလိုသို့လိုက်တတ်သောအကျင့် ရှိသည့်လူများကို ကြေးငွေထောက်ပံ့ခြင်းဖြင့်လည်း အားမပေးရ။

မစခြင်းခံစားထိုက်သောဆင်းရဲသားများကို ဂရုမစိုက်ပစ်မထားဘဲ အားလုံးတို့ကို မိမိတို့ကိုယ်ကိုပြန်၍ထူမစေနိုင်ရန် မစခြင်း သွန်သင်ပေးရမည်။

ဝိညာဉ်များကိုကယ်တင်ခြင်းသည် ကျွန်ုပ်တို့လုပ်ကိုင်ဆောင်ရွက်ရမည့်တာဝန်ပင်ဖြစ်သည်။ ဤကိစ္စအတွက် သခင်ခရစ်တော်သည် ကြီးကျယ်သောအသက်တော်စွန့်ခြင်းကို ပြုလုပ်တော်မူ၍ ဤကိစ္စသည် ကျွန်ုပ်တို့ထံမှ အထူးစိတ်စေတနာကောင်းမြတ်ခြင်းကိုတောင်းခံသည်။ Historical Sketches of the Foreign Missions of the Seventh-day Adventists, p. 293.

## မိမိကိုယ်ကိုငြင်းပယ်ခြင်း–မိမိကိုယ်ကိုအနစ်နာခံခြင်း

ဒုက္ခရောက်၍ လိုအပ်နေသောအချိန်၌ ဘုရားသခင်၏ သားသမီးများသည် ကိုယ်တော်ကိုတောင်းပန်လျက်နေကြသည်။ အသက်တာ၏လိုအပ်သောအရာများကို မရရှိသောကြောင့် အများအပြားသေဆုံးနေကြသည်။ သူတို့၏အော်သံသည် ဘုရားသခင်၏နားသို့ရောက်ရှိသွားခဲ့ပြီ။ လိုအပ်နေသောမိမိ၏ သားသမီးများအား ဂရုမစိုက်သောသူတို့ထံမှ ကိုယ်တော်သည် တိကျသောထုချေလွှာကိုတောင်းတော်မူသည်။ ဘုရားသခင်သည်



မေးစစ်သောအခါ ဤကိုယ်ကျိုးရှာနေကြသောသူဌေးများသည် မည်ကဲ့သို့အဖြေပေးကြအံ့နည်း။ "ငါ့အဖို့အသုံးပြုရန် သင့်အား ပေးထားသောငွေကို သင်သည်အဘယ်သို့ပြုလုပ်သနည်း။" ဤလူများတို့သည် ထာဝရပြစ်ဒဏ်ခံရခြင်းသို့ရောက်ကြလိမ့်မည်။ "ကျိန်ခြင်းကိုခံရသောသူတို့၊ စာတန်နှင့်သူ၏တမန်တို့အဖို့ ပြင်ဆင်သောထာဝရမီးထဲသို့ ငါ့ထံမှခွာသွားကြလော့။ အကြောင်းမူကား၊ ငါသည် မွတ်သိပ်သောအခါ သင်တို့သည် မကျွေး၊ ငါသည်ရေငတ်သောအခါ သင်တို့သည် သောက်ဖို့မပေး၊ ငါသည်ဧည့်သည်ဖြစ်သောအခါ သင်တို့သည် ဧည့်သည်ဝတ်ကို မပြု၊ ငါသည်အဝတ်အချည်းစည်းရှိသောအခါ သင်တို့သည် အဝတ်နှင့်မဖုံးမလွှမ်း၊ ငါသည် အနာရောဂါစွဲသောအခါ၌လည်းကောင်း၊ ထောင်ထဲမှာနေရသောအခါ၌လည်းကောင်း သင်တို့သည် မကြည့်ရှု၊ မပြုစုကြ။"

ကျွန်ုပ်တို့၏နံဘေးပတ်လည်၌ ကမ္ဘာကြီး၏ညစ်ညူးအော်ဟစ်သံကိုကြားနေရသည်။ အပြစ်သည် ကျွန်ုပ်တို့အပေါ်သို့ အရိပ်ထိုးလျက်ရှိသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်နှင့်ပူးပေါင်းရန် ကျွန်ုပ်တို့ကိုယ်ကိုပြင်ဆင်ကြစို့။ ဤလောက၏ပျော်မွေ့ခြင်းနှင့်တန်ခိုးသည် ပျောက်ကွယ်သွားလိမ့်မည်။ မည်သူမျှ ဤလောက၏ရတနာပစ္စည်းများကို ထာဝရကမ္ဘာသို့ယူဆောင်

မသွားနိုင်ပေ။ သို့သော်လည်း ဘုရားသခင်၏အလိုတော်အတိုင်း နေထိုင်ခဲ့သောအသက်တာသည် ထာဝစဉ်တည်လိမ့်မည်။ ဘုရားသခင်၏အမှုတော်ကိုတိုးတက်ဖို့ရန် ဆောင်ရွက်ခဲ့သောအကျိုးကို ဘုရားသခင်၏နိုင်ငံတော်၌ တွေ့မြင်ရလိမ့်မည်။ R & H, Jan. 31, 1907.

–၀–

# (၃၄) ရက်ရောခြင်းကိုချီးမွမ်းခြင်း

တမန်တော်ပေါလုသည် အသင်းတော်များတွင် အမှုတော်ဆောင်ရွက်ရာ၌ အသစ်ပြောင်းလဲလာသောသူတို့၏စိတ်၌ ဘုရားသခင်အဖို့ ကြီးကျယ်သောအရာများပြုလုပ်ခြင်းဆန္ဒဖြစ်ပေါ်လာစေရန် မဆုတ်မနစ်သောလုံ့လဖြင့် ဟောပြောခဲ့လေသည်။ သူသည် ရံဖန်ရံခါသူတို့၌ရက်ရောခြင်းသဘောရှိရန် နှိုးဆော်ခဲ့သည်။ ယခင်အချိန်က သူအမှုတော်ဆောင်ရွက်ခဲ့သောဖေက်မြို့ အသင်းတော်လူကြီးများကိုပြောဆိုရာ၌ "ထိုသို့သင်တို့သည်လည်း အလုပ်လုပ်၍ အားနည်းသောသူတို့ကို မစရမည်ကိုလည်းကောင်း၊ အစွန့်အကြဲခံခြင်းအရာထက် စွန့်ကြဲခြင်းအရာသည် သာ၍မင်္ဂလာရှိသည်ဟု သခင်ယေရှုမိန့်တော်မူသောစကားတော်ကို အောက်မေ့ရမည်ကိုလည်းကောင်း အရာရာ၌ သင်တို့အား ငါပြသပြီ။" တမန် ၂၀း၃၅။

ကောရိန်သုအသင်းတော်သို့ ပေါလုရေးသားရာ၌ "အနည်းငယ်သောမျိုးစေ့ကိုကြဲသောသူသည် စပါးအနည်းငယ်သာရိတ်ရမည်။ များစွာကြဲသောသူသည် များစွာရိတ်ရမည်ဟု မှတ်ကြလော့။ လူတိုင်း ကိုယ်အလိုအလျောက်လှူရ၏။ နှမြောသောစိတ်နှင့်မလှူရ၊ မလှူဘဲမနေရဟုစိတ်ထင်နှင့်မလှူရ။

အကြောင်းမူကား၊ စေတနာစိတ်နှင့်လှူသောသူကိုသာ ဘုရားသခင်နှစ်သက်တော်မူ၏။” ၂ကော၊ ၉း၆၊၇။

မာကေဒေါနိအသင်းသားများတို့သည် ဤလောက၏ ပစ္စည်းများ၌ ဆင်းရဲသောသူများဖြစ်ကြသည်။ သို့သော်လည်း သူတို့၏စိတ်နှလုံးသည် ဘုရားသခင်နှင့်သမ္မာတရားတော်ကို ချစ်ခြင်းဖြင့် ပြည့်ဝနေသည်။ သူတို့သည် ဧဝံဂေလိတရားတော်အတွက် ဝမ်းမြောက်ဝမ်းသာစွာပေးကမ်းထောက်ပံ့ကြသည့် ယုဒလူမျိုးယုံကြည်သူများအဖို့ တစ်ပါးအမျိုးသားတို့၏အသင်းတော်များ၌ အထွေထွေအလှူငွေကို ကောက်ခံသောအခါ မာကေဒေါနိပြည်ရှိပြောင်းလဲလာသူများ၏ ရက်ရောစွာစွန့်ကြဲပေးကမ်းခြင်းသည် အခြားအသင်းတော်များအဖို့ ပုံသက်သေပင်ဖြစ်သည်။ ကောရိန်သုမြို့၌ရှိကြသော ယုံကြည်သူများထံသို့ တမန်တော်သည် စာရေးသားလိုက်သည်မှာ “ညီအစ်ကိုတို့၊ ဘုရားသခင်သည် မာကေဒေါနိပြည်၌ရှိသော အသင်းတော်များတို့အား ပြုတော်မူသောကျေးဇူးတော်အကြောင်းကို ငါတို့သည် သင်တို့အား ကြားပြောကြ၏။ ထိုအသင်းတော်တို့သည် ညှဉ်းဆဲခြင်းအားဖြင့် များစွာသောစုံစမ်းခြင်းကိုခံရသော်လည်း အလွန်ကြီးသော ဝမ်းမြောက်ခြင်းနှင့် ဥစ္စာပြုန်းတီးသောဆင်းရဲခြင်းအကြောင်းသည် သူတို့၏စွန့်ကြဲပေးကမ်းခြင်းစည်းစိမ်ကိုဖြစ်စေ၍ ကြွယ်ဝပြည့်စုံ၏။ အကြောင်းမူကား၊ သူတို့သည် တတ်နိုင်သမျှထက်မက အလိုအလျောက်စွန့်ကြဲချင်သောစေတနာစိတ်ရှိကြသည်ဟု ငါသည်သက်သေခံ၏။ သူတို့၏စွန့်ကြဲပေးကမ်းခြင်းကို ငါတို့သည်ယူ၍ သူတို့နှင့်ကူညီလျက် သန့်ရှင်းသူတို့အား လုပ်ကျွေးခြင်းအမှုကိုဆောင်ရွက်မည်အကြောင်း၊ သူတို့သည် တိုက်တွန်းသွေးဆောင်သောစကားများအားဖြင့် ငါတို့ကိုတောင်းပန်ကြ၏။” ၂ကော၊ ၈း၁-၄။



မာကေဒေါနိယုံကြည်သူများ၏ အနစ်နာခံဖို့ရန်ဆန္ဒသည် စိတ်နှလုံးပြည့်ဝစွာပေးအပ်ခြင်းကြောင့်ဖြစ်သည်။ ဘုရားသခင်၏ ဝိညာဉ်တော်လှုပ်ရှားခြင်းအားဖြင့် မိမိတို့ကိုယ်ကိုလှူကြသည်။ (၂ကော၊ ၈း၅)။ ထိုနောက်သူတို့၏ကြေးငွေများကို ဧဝံဂေလိတရားတော်ဟောပြောရန်အတွက် စွန့်ကြဲပေးကမ်းကြသည်။ သူတို့အား စွန့်ကြဲပေးကမ်းရန် တိုက်တွန်းဖို့မလိုပေ။ အခြားသောသူများ၌ လိုအပ်နေသောအရာများကိုပေးကမ်းဖို့ရန် သူတို့ကိုယ်ကိုငြင်းပယ်ဖို့အခွင့်အရေးရသည်အတွက် ဝမ်းမြောက်ဝမ်းသာဖြစ်ကြသည်။ တမန်တော်သည် သူတို့ကိုဟန့်တားသောအခါ သူတို့၏အလှူငွေကိုလက်ခံရန် ကျပ်တည်းစွာတောင်းဆိုကြသည်။ သူတို့၏ရိုးသားခြင်း၊ ကြိုးစားခြင်း၊ ညီအစ်ကိုများကိုချစ်သောစိတ်ပြင်းပြစွာရှိခြင်းကြောင့် ဝမ်းမြောက်ဝမ်းသာစွာ

မိမိတို့ကိုယ်ကိုငြင်းပယ်၍ သူတစ်ပါးကိုကောင်းမှုပြုလိုသော အသီးများဖြင့် ကြွယ်ဝလျက်ရှိကြသည်။

ကောရိန်သုမြို့၌ရှိသောယုံကြည်သူတို့အား ခွန်အားပေးဖို့ရန် တိတုကို ပေါလုသည် စေလွှတ်လိုက်သောအခါ ထိုအသင်းတော်ကို စွန့်ကြဲပေးကမ်းခြင်း၏ကျေးဇူး၌ အခြေခံဖို့ရန် သူ့ကို သွန်သင်ပေးလိုက်သည်။ ပေါလုသည် ယုံကြည်သူတို့ထံသို့ ကိုယ်တိုင်ရေးသားလိုက်သောစာ၌ “ထိုသို့နှင့်အညီ၊ သင်တို့သည် ယုံကြည်ခြင်း၊ တရားဟောခြင်း၊ ဉာဏ်ရှိခြင်း၊ အမျိုးမျိုးသော သတိနှင့်ပြည့်စုံခြင်း၊ ငါတို့ကိုချစ်ခြင်းမှ စသောအလုံးစုံတို့နှင့် ကြွယ်ဝပြည့်စုံသည်ဖြစ်၍ ထိုကျေးဇူးနှင့်လည်း ကြွယ်ဝပြည့်စုံခြင်းဖြစ်စေသတည်း။ သို့ဖြစ်၍ အသက်တာက စေတနာစိတ်ရှိသည်နှင့်အညီ ယခုတွင် သင်တို့သည် တတ်နိုင်သည့်အတိုင်းပြု၍ ဤအမှုကိုပြီးစီးစေကြလော့။ အကြောင်းမူကား၊ စေတနာစိတ်သည် အသင့်ရှိလျှင် မတတ်နိုင်သောအမှုကိုမထောက်ဘဲ တတ်နိုင်သောအမှုကိုထောက်၍ နှစ်သက်တော်မူဖွယ်ဖြစ်၏။ သူ၏ ဖြောင့်မတ်ခြင်းသည် အစဉ်အမြဲတည်တတ်၏ဟုလာသည်နှင့် အညီ သင်တို့သည် အရာရာ၌ လုံလောက်သောဥစ္စာအမျိုးမျိုး အစဉ်ရှိ၍ ကောင်းသောအကျင့်အမျိုးမျိုးနှင့် အထူးသဖြင့် ပြည့်စုံစေမည်အကြောင်း၊ အမျိုးစုံသောမင်္ဂလာကျေးဇူးနှင့် အထူးသဖြင့် ပြည့်စုံစေခြင်းငှာ ဘုရားသခင်တတ်နိုင်တော်မူ၏။ ထိုသို့



သင်တို့သည် စေတနာစိတ်နှင့် အမျိုးမျိုးသောစွန့်ကြဲပေးကမ်းခြင်းအလို့ငှာ အရာရာ၌ကြွယ်ဝခြင်းရှိသည်ဖြစ်၍ ငါတို့အားဖြင့် ဘုရားသခင်၏ကျေးဇူးတော်ကို ချီးမွမ်းစရာအကြောင်းရှိလိမ့်မည်။” ၂ကော၊ ၈း၇၊၁၁၊၁၂။ ၉း၈–၁၁။

ကိုယ်ကျိုးမရှာဖွေသောရက်ရောခြင်းသည် ရှေးဦးအသင်းတော်ကို ဝမ်းမြောက်ဝမ်းသာခြင်းသို့ပို့ဆောင်ပေးခဲ့သည်။ သူတို့၏ကြိုးစားခြင်းသည် ဧဝံဂေလိသတင်းစကားတော်ကို မှောင်မိုက်၌ရှိနေသောသူတို့ထံသို့ရောက်အောင် မစခြင်းပေးနေကြောင်း ယုံကြည်သောသူများသိကြသည်။ သူတို့သည် ဘုရားသခင်၏ကျေးဇူးတော်ကို အချည်းနှီးသက်သက်မရရှိနေကြောင်းကို သူတို့၏ကောင်းမှုပြုလိုသောစိတ်က သက်သေခံလျက်ရှိသည်။ ဝိညာဉ်၌ သန့်ရှင်းခြင်းရှိသောကြောင့် ထိုကဲ့သို့သောရက်ရောခြင်းဖြစ်ပေါ်လာခဲ့သည်။ ယုံကြည်သောသူနှင့် မယုံကြည်သောသူတို့၏ရှေ့၌ ထိုအရာသည် ကျေးဇူးတော်၏အံ့သြဖွယ်ရာအမှုဖြစ်သည်။ AA 342-344.

## ရက်ရောခြင်း၌ဆုလာဘ်ရှိခြင်း

“ဧလိယသည် ထ၍ ဇရတ္တမြို့သို့သွား၏။ မြို့တံခါးသို့ရောက်သောအခါ မုဆိုးမသည် ထင်းခွေလျက်ရှိ၏။ ဧလိယက၊

ငါသောက်စရာရေအနည်းငယ်ကို ခွက်နှင့်ယူခဲ့ပါလော့ဟုဟစ်၍ဆို၏။ မိန်းမသည် ရေကိုယူခြင်းငှာသွားစဉ်တွင် တစ်ဖန်ဟစ်၍ မုန့်တစ်ဖဲ့ကိုလည်း သင့်လက်၌ယူခဲ့ပါလော့ဟုဆို၏။”

ဤမရှိ၊ ဆင်းရဲသားအိမ်ထောင်၌ အစာငတ်မွတ်ခြင်းဘေးသည် ပြင်းထန်လှ၏။ မရေရာသောအစားအစာကလေးသည် ကုန်ခန်းခါနီးပြီ။ နောက်ဆုံးရှိသမျှကိုစားပြီးမှ အသက်ဆက်လက်ရှင်နိုင်ဖို့ရန် စိုးရိမ်နေသောနေ့၌ ဧလိယသည် ရောက်ရှိလာခဲ့ရာ သူမလိုအပ်သောအရာများကို ဘုရားသခင်အထံတော်မှရရှိဖို့ရန် သူမ၏ယုံကြည်ခြင်းသည် ပြင်းထန်စွာစုံစမ်းခြင်းခံရသည်။ ကြီးစွာသောဘေးဒုက္ခအန္တရာယ်နှင့် တွေ့ဆုံနေရသော်လည်း နောက်ဆုံးစားရမည့်အစာကို ဧည့်သည်တောင်းဆိုသည်အတိုင်း လိုက်လျောခြင်းဖြင့် သူမ၌ရှိသောယုံကြည်ခြင်းကို သက်သေခံခဲ့သည်။

ဧလိယတောင်းသောအစာနှင့်ရေကိုအကြောင်းပြု၍ မုဆိုးမပြောဆိုသည်မှာ “သင်၏ဘုရားသခင်ထာဝရဘုရား အသက်ရှင်တော်မူသည်အတိုင်း မုန့်ပြားတစ်ပြားမျှမရှိ၊ အိုးထဲမှာမုန့်ညက်တစ်လက်ဆုပ်၊ ဘူး၌ဆီအနည်းငယ်သာရှိ၏။ ကျွန်မနှင့်သားငယ်အဖို့ဖုတ်၍ စားလိုသောငှာလည်းကောင်း၊ စားပြီးမှသေလိုသောငှာလည်းကောင်း ထင်းစနှစ်ခုကိုယခုခွေပါ၏” ဟုပြန်ပြော၏။



ထိုအခါ ဧလိယပြောဆိုသည်မှာ “မစိုးရိမ်နှင့်၊ သင်ဆိုသည်အတိုင်းသွား၍ပြုလော့။ သို့ရာတွင် ငါ့အဖို့မုန့်ပြားငယ်တစ်ပြားကို အလျင်အဦးလုပ်၍ယူခဲ့လော့။ နောက်မှ သင်၏သားငယ်အဖို့လုပ်လော့။ ဣသရေလအမျိုး၏ဘုရားသခင်ထာဝရဘုရားမိန့်တော်မူသည်ကား၊ ထာဝရဘုရားသည် မြေပေါ်မှာမိုးရွာစေတော်မမူမီတိုင်အောင် အိုး၌ရှိသောမုန့်ညက်မကုန်၊ ဘူး၌ရှိသောဆီမလျော့ရဟု မိန့်တော်မူကြောင်းကို ဆင့်ဆို၏။”

ဤကြီးကျယ်သောယုံကြည်ခြင်းကို စမ်းသပ်ခြင်းထက်သာ၍ကြီးကျယ်သောစမ်းသပ်ခြင်းမျိုးမလိုတော့ပေ။ မုဆိုးမသည် ယခုအချိန်ကပင် ဧည့်သည်ဟူသမျှကို ကြင်နာခြင်း၊ ရက်ရောခြင်းဖြင့်လက်ခံခဲ့သည်။ ဣသရေလလူမျိုး၏ဘုရားသခင်သည် သူမအလိုရှိသောအရာဟူသမျှကို ပေးလိမ့်မည်ဟုယုံကြည်၍ ဘုရားသခင်ကိုအားကိုးပြီးလျှင် သူမနှင့်သူမ၏ကလေး၌ကျရောက်မည့်ဒုက္ခဆင်းရဲကိုမကြည့်ဘဲ ဧလိယစေခိုင်းသည့်အတိုင်း ပြုလုပ်လေသည်။

ဤဖိနိတ်အမျိုးသမီးသည် ဘုရားသခင်၏ပုရောဖက်အား အံ့သြဖွယ်ရာကောင်းသောဧည့်သည်ဝတ်ကိုပြုခဲ့ပြီ။ သူမ၏ယုံကြည်ခြင်းသည် အံ့သြဖွယ်ကောင်း၍ ရက်ရောခြင်း၌ ဆုလာဘ်ကိုရရှိခဲ့ပြီ။ ဧလိယနှင့်တကွ ကိုယ်တိုင်မှစ၍ အိမ်သားတို့သည်

အင်တန်ကာလပတ်လုံး စားရကြ၏။ ဧလိယမှနေ၍ ဘုရားသခင်မိန့်တော်မူသည်အတိုင်း မုန့်ညက်မကုန်၊ ဘူး၌ရှိသောဆီလည်းမလျော့ခဲ့ပေ။

ဇရတ္တမြို့မှမုဆိုးမသည် သူမ၏တစ်လုပ်စာအစာကို ဧလိယအားဝေငှပေးသည်။ တုံ့ပြန်ခြင်း၌ သူမနှင့်သူမ၏သားငယ်သည် အသက်မသေဘဲရှိခဲ့သည်။ ဆင်းရဲဒုက္ခခံစားနေရ၍ လိုအပ်နေသောအချိန်တွင် ကြည့်ရှုစောင့်မခြင်းကို ပို၍လိုအပ်နေသောသူများကို ကိုယ်ချင်းစာနာ၍ အကူအညီပေးသောသူအားလုံးတို့အား ဘုရားသခင်သည် ကြီးကျယ်သောကောင်းချီးမင်္ဂလာပေးမည်ဟု ကတိတော်ထားသည်။ ကိုယ်တော်၏စိတ်ပြောင်းလဲခြင်းမရှိသေးပေ။ ဧလိယအချိန်၌ရှိခဲ့သော ဘုရားသခင်၏တန်ခိုးတော်သည် ယခုအချိန်၌လည်းရှိ၍ ဆုတ်ယုတ်သွားခြင်းမရှိပေ။ PK 129-132.

## မုဆိုးမ၏ကြေးနီဒင်္ဂါးနှစ်ပြား

အလှူခံငွေသေတ္တာများထားသောနေရာ၌ သခင်ယေရှုသည်ရှိနေစဉ် လာရောက်၍အလှူတော်ငွေများထည့်ဝင်ကြသောသူများကို ကြည့်ရှုနေတော်မူသည်။ ကြေးငွေချမ်းသာသောသူတို့သည်



ငွေမြောက်မြားစွာယူဆောင်လာကြ၍ ထင်ပေါ်အောင်ဟန်ဆောင်စွန့်ကြဲပေးကမ်းကြသည်။ သခင်ယေရှုသည် သူတို့ကိုဝမ်းနည်းစွာကြည့်ရှုတော်မူသည်။ သို့သော်လည်း သူတို့၏ရက်ရောသောအလှူငွေများနှင့်ပတ်သက်၍ မည်သို့မျှအဓိပ္ပါယ်ဖွင့်တော်မမူပေ။ များမကြာမီ သူဆင်းရဲမုဆိုးမတစ်ယောက်သည် တုံ့နှေးလျက်ချဉ်းကပ်လာသည်ကို တွေ့မြင်တော်မူသောအခါ ကိုယ်တော်၏မျက်နှာတော်သည် တောက်ပြောင်၍လာခဲ့သည်။ တစ်ဦးတစ်ယောက်သည် သူမကိုကြည့်ရှုနေမည်ကို စိုးရိမ်ပူပန်ဟန်ရှိသည်။ သူဌေးသူကြွယ်များနှင့် စိတ်ကြွားဝင့်သောသူများသည်အလှူငွေများထည့်ဖို့ရန် သူမ၏အနားမှဖြတ်သွားကြရာ သူမသည်ရှေ့သို့မတိုးဝံ့သကဲ့သို့ နောက်သို့ဆုတ်လိုက်သည်။ သို့သော်လည်း သူမချစ်နှစ်သက်သောအလုပ်အဖို့ တစ်စုံတစ်ခုပြုလုပ်ပေးဖို့ရန် တောင့်တနေသည့်သူမသည် သူမ၏လက်ထဲ၌ရှိသောအလှူတော်ငွေကိုကြည့်ရှုသည်။ သူမ၏နံဘေးပတ်လည်၌ရှိကြသောသူတို့၏အလှူတော်ငွေနှင့်နှိုင်းယှဉ်လိုက်ပါက အလွန်နည်းပါး၍ မရေမရာဖြစ်လှ၏။ သို့သော်လည်း သူမ၌ရှိသောအရာသည် သူမပိုင်ဆိုင်သမျှအားလုံးဖြစ်သည်။ အခါအခွင့်ကိုစောင့်နေစဉ် ရလာသည်နှင့်တစ်ပြိုင်နက် ကြေးနီဒင်္ဂါးနှစ်ပြားကိုထည့်လိုက်ပြီးလျှင် တစ်ဖက်သို့လှည့်၍ လျင်မြန်စွာထွက်ခွာ

သွားလေသည်။ ဤကဲ့သို့သူမပြုလုပ်နေစဉ် စူးစိုက်လျက်ကြည့်ရှုနေသောသခင်ယေရှုကို သူမတွေ့မြင်တော့သည်။

ကယ်တင်ရှင်သည် မိမိ၏တပည့်တော်များကိုခေါ်၍ မုဆိုးမ၏ဆင်းရဲခြင်းကိုမှတ်သားစေသည်။ ကိုယ်တော်ချီးမွမ်းပြောဆိုသံကို သူမကြားရသည်မှာ "ငါအမှန်အကန်ဆိုသည်ကား၊ ဘဏ္ဍာတိုက်ထဲသို့သွင်းချသောသူအပေါင်းတို့ထက် ထိုဆင်းရဲသောမုဆိုးမသည် သာ၍သွင်းချခဲ့ပြီ။" သူမ၏ဆောင်ရွက်ချက်ကိုနားလည်၍ အလေးအမြတ်ပြုသည်ကိုသိသောအခါ ဝမ်းသာမျက်ရည်သည် သူမ၏မျက်စိများ၌ ပြည့်လျှံသွားခဲ့သည်။ အများသောသူတို့သည် သူမ၏မရေရာသောငွေကလေးကို သိမ်းဆည်းထားဖို့ရန်လည်းကောင်း၊ အဖိုးထိုက်တန်လှသောလက်ဆောင်များထဲ၌လည်းကောင်း သူမ၏ငွေကလေးသည် ပျောက်ပျက်သွားနိုင်၍ ကောင်းမွန်စွာစားသောက်နေရသော ယဇ်ပုရောဟိတ်များလက်တွင် ထိရောက်ခြင်းရှိမည်မဟုတ်သောကြောင့် သူမအဖို့သာအသုံးချရန် အကြံပေးကြမည်။ သို့သော်လည်း သခင်ယေရှုသည် သူမ၏အကြောင်းရင်းကိုသိတော်မူသည်။ ဗိမာန်တော်၏အလုပ်အကိုင်သည် ဘုရားသခင်စီမံခန့်ထားသောအလုပ်ဖြစ်ကြောင်း သူမသိသည်။ သို့ဖြစ်၍ သူမတတ်အားသမျှထောက်မခြင်းပေးလိုသည်။ သူမသည် သူမတတ်နိုင်သမျှပြုလုပ်ခဲ့ပြီ။ သူမ၏အပြုအမူသည် သူမအဖို့အချိန်အခါမရွေးမှတ်တိုင်ဖြစ်၍ ထာဝရကာလအဖို့ သူမ၏ဝမ်းမြောက်ခြင်းဖြစ်သည်။ သူမ၏စိတ်နှလုံးသည် သူမ၏အလှူတော်ငွေနှင့်အတူသွားခဲ့သည်။ အဖိုးကိုဖြတ်ရာ၌ ဒင်္ဂါး၏တန်ဖိုး၌မထား၊ ဘုရားသခင်ကိုချစ်ခြင်းနှင့် ကိုယ်တော်၏အမှုတော်၌ စိတ်ဝင်စားခြင်းသည် ဤကောင်းမှုကိုပြုလုပ်ရန် လှုံ့ဆော်ပေးသည်။



ဆင်းရဲသားမုဆိုးမအကြောင်းနှင့်စပ်ဆိုင်၍ သခင်ယေရှုမိန့်တော်မူသည်မှာ "ဤမိန်းမသည် သူတို့ထက်သာ၍သွင်းချခဲ့ပြီ။" ကြွယ်ဝချမ်းသာသောသူများသည် သူတို့၏မကုန်ခန်းနိုင်သောငွေမှပေးကြ၍ လူတို့သည် ထိုသူဌေးများကိုချီးမြှင့်ကြသည်။ သူတို့ပေးသောအလှူငွေသည်များသော်လည်း ဤကဲ့သို့ပေးလှူရခြင်းဖြင့် သူတို့၌ခက်ခဲခြင်း၊ စည်းစိမ်ယုတ်လျော့ခြင်းမရှိ၊ အနစ်နာခံဖို့ရန်လည်းမရှိ၊ မုဆိုးမ၏ကြေးနီဒင်္ဂါးနှင့်နှိုင်းယှဉ်၍လည်းမရပေ။

## စိတ်စေတနာသည်အရေးအတွက်ထက်သာခြင်း

စိတ်စေတနာသည် ကျွန်ုပ်တို့လုပ်ကိုင်ခြင်း၌ အကျင့်ကိုပေး၍ မြင့်မားသောကျင့်ဝတ်တန်ဖိုးတံဆိပ်ကို နှိပ်ခတ်လိုက်

သည်။ ကြီးကျယ်သောအရာများကိုပြုလုပ်ရာ၌ လူတိုင်းတွေ့မြင်၍ ချီးမွမ်းပြောဆိုခံရခြင်းကို တန်ဖိုးအရှိဆုံးဟု ဘုရားသခင်ယူဆတော်မမူပေ။ သေးငယ်သောတာဝန်ဝတ္တရားများကို ပျော်ရွှင်စွာလုပ်ကိုင်ပြီးစီးခြင်း၊ သေးငယ်သောလက်ဆောင်ပဏ္ဏာများကို ပေးကမ်းရာ၌ ပြရုပ်ကင်းရှင်းခြင်း၊ ထိုသို့သောအရာသည် လူတို့၏မျက်စိ၌ တန်ဖိုးမရှိဟုထင်မြင်ဟန်ရှိခြင်းများသည် ဘုရားသခင်ရှေ့တော်၌ အမြင့်ဆုံးသောနေရာ၌ရှိသည်။ အလွန်အဖိုးထိုက်တန်သောအလှူတော်ငွေထက် ယုံကြည်သောစိတ်နှလုံးနှင့်ချစ်ခြင်းမေတ္တာသည် ပို၍ဘုရားသခင်နှင့်နီးကပ်သည်။

မုဆိုးမသည် သူမလုပ်ကိုင်ခဲ့သောအမှုကိုပြုလုပ်နိုင်ရန် သူမ၏အသက်ရွေးနည်းစာကိုပေးလိုက်ရသည်။ သူမချစ်သောအမှုတော်အဖို့ ထိုကြေးနီဒင်္ဂါးနှစ်ပြားကိုပေးနိုင်ရန် သူမစားသောက်ရမည့်အစားအစာကို မစားဘဲနေလိုက်သည်။ သူမ၏ကောင်းကင်ဘုံရှိအဖဘုရားသခင်သည် သူမ၌အလွန်လိုအပ်နေသောအရာကို မေ့လျော့သွားမည်မဟုတ်ဟု ယုံကြည်၍ ယုံကြည်ခြင်းဖြင့် သူမပြုလုပ်ခဲ့သည်။ ဤကိုယ်ကျိုးမရှာသောစိတ်ဓာတ်နှင့် ကလေးကဲ့သို့သံသယကင်းမဲ့သောယုံကြည်ခြင်းကြောင့် ကယ်တင်ရှင်၏ချီးမွမ်းပြောဆိုခြင်းကိုခံခဲ့ရသည်။



ဆင်းရဲသောသူများတွင် ကိုယ်တော်၏ကျေးဇူးတော်နှင့် သမ္မာတရားကိုခံစားရသောကြောင့် သူတို့၏ကျေးဇူးတင်ခြင်းသဘောကိုပြသချင်သောသူများစွာရှိကြသည်။ ကိုယ်တော်၏အမှုတော်ကိုထောက်ပံ့ရာ၌ သူတို့ထက်ဥစ္စာပစ္စည်း၊ ကြေးငွေချမ်းသာသူတို့နှင့်ဆက်ဆံလုပ်ကိုင်လိုကြသည်။ ဤအသက်ဝိညာဉ်များကိုငြင်းပယ်ခြင်းမပြုနိုင်ပေ။ သူတို့၏ကြေးနီဒင်္ဂါးများကို ကောင်းကင်ဘဏ်တိုက်၌သိုထားပါစေ။ စိတ်နှလုံးသည် ဘုရားသခင်ကိုချစ်သောမေတ္တာနှင့်ပြည့်ဝနေပါက ဤသေးနုပ်သောအရာများသည် ပေးအပ်ထားသောလက်ဆောင်ပဏ္ဏာများ၊ အဖိုးမဖြတ်နိုင်သောအလှူငွေများဖြစ်လာ၍ ဘုရားသခင်သည် ရွှင်လန်းစွာကောင်းချီးပေးတော်မူသည်။ DA 614-616.

## မာရိ၏လက်ခံနိုင်သောအလှူငွေ

စိတ်နှလုံးမှပေးကမ်းပူဇော်သော လက်ဆောင်ပဏ္ဏာသည် အဖိုးထိုက်တန်၏။ ကောင်းကင်ဘုံ၏မြင့်မြတ်တော်မူသောသခင်သည် နို့စို့သူငယ်ဘဝတွင် သက်တော်ထင်ရှားခဲ့စဉ် မိခင်မာရိလက်၌အပ်ထားရာတွင် ဤအဖိုးထိုက်တန်သောလက်ဆောင်ပဏ္ဏာအတွက် သူမ၌ပေးကမ်းဖို့ရန် များစွာမရှိပေ။ သူမသည်

ယဇ်ပလ္လင်သို့ ချိုးငှက်နှစ်ကောင်ကိုသာယူဆောင်လာနိုင်ခဲ့သည်။ ဆင်းရဲသားများအဖို့ သတ်မှတ်ထားသောပူဇော်သကာဖြစ်သည်။ သို့သော် ဤအရာကို ဘုရားသခင်လက်ခံတော်မူသည်။ အရှေ့တိုင်းပြည်မှ မာကုပညာရှိများသည် ဗက်လင်မြို့သို့လာရောက်၍ ဘုရားသခင်၏သားတော်ရှေ့၌ ပေးကမ်းပူဇော်သကဲ့သို့ သူမ၌ အဖိုးထိုက်တန်သောရတနာများမရှိပေ။ သို့သော်လည်း သခင်ယေရှု၏မယ်တော်သည် သူမ၏မရေရာသောလက်ဆောင်ပဏ္ဏာကြောင့် ငြင်းပယ်ခြင်းကိုမခံရပေ။ ဘုရားသခင်သည် သူမ၏စိတ်အလိုဆန္ဒရှိခြင်းကိုသာ ကြည့်ရှုတော်မူ၍ သူမ၏စိတ်အားထက်သန်မှုတရားသည် ပူဇော်သကာကိုချိုမြိန်စေသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့၏အလှူတော်ငွေသည် မည်မျှပင်နည်းပါးသော်လည်း ကျွန်ုပ်တို့၌အကောင်းဆုံးဖြစ်၍ ကိုယ်တော်ကိုချစ်ခင်ခြင်းဖြင့် ပေးကမ်းလျှင် ကိုယ်တော်လက်ခံတော်မူမည်။ R & H, Dec. 9, 1890.

–၀–

# (၃၅) ဘုရားသခင်ရှေ့တော်၌အဖိုးထိုက်တန်ခြင်း

ဘုရားသခင်၏သားသမီးများဖြစ်သည်ဟု ဝန်ခံကြသောသူတို့တွင် လောကကိုလည်းကောင်း၊ လောကနှင့်ဆိုင်သောအရာများကိုလည်းကောင်း နှစ်သက်မြတ်နိုးသောသူအများရှိကြရာ ဤလူများသည် လောကအရာများ၏ဩဇာသက်ရောက်ခြင်းကြောင့် ညစ်ညူးလျက်ရှိကြသည်။ မြင့်မြတ်ခြင်းသည် သူတို့၏စိတ်သဘောမှပျောက်လွင့်သွားခဲ့ပြီ။ မဖြောင့်မတ်ခြင်း၏တန်ဆာပလာများဖြစ်သည်အလျောက် သူတို့သည် ရန်သူ၏အကြံအစည်များကို အားပေးလုပ်ကိုင်နေကြသည်။

ဤအမျိုးအစားနှင့်မတူ ခြားနားကွဲပြားသည့်အမျိုးအစားမှာ ရိုးသားခြင်း၊ ဆင်းရဲ၍အားထုတ်မှုရှိခြင်း၊ မစခြင်းလိုသောသူအား မစခြင်းပေးရန်အသင့်ရှိခြင်း၊ ကြွယ်ဝချမ်းသာသောသူများကဲ့သို့စေးနှဲခြင်း၊ စစ်ဆေးမေးမြန်းခြင်းမရှိသောလူတန်းစားဖြစ်သည်။ ဤသို့သောသူသည် ကြည်လင်သောအသိစိတ်နှင့် မှန်ကန်သောကျင့်ဝတ်များကို ရွေ့ထက်တန်ဖိုးထားသည်။ မိမိ၌ ခွန်အားရှိသည်နှင့်အမျှ ကောင်းသောအရာဟူသမျှကို လုပ်ကိုင်ဆောင်ရွက်ရန် အဆင်သင့်ရှိသည်။ အကယ်၍ ကောင်းမှုပြုလို

သောအချို့လူများသည် ကြေးငွေ (သို့မဟုတ်) သူ၏လုပ်အားကို အလိုရှိ၍ခေါ်ပါက သူသည် ပထမဦးဆုံးထိုခေါ်တော်မူခြင်းကို လက်ခံသည်။ သူသည် မကြာမကြာသူဇကေန်အမှန်လုပ်ကိုင်ပေးနိုင်သည်ထက်ပို၍လုပ်ကိုင်ပေးတတ်သည်။ သို့ဆိုရာ၌ သူ၏ ကောင်းမှုပြုလိုသောအကြံအစည်ကို ထမြောက်စေရန် သူ၌ လိုအပ်နေသောကောင်းမွန်သည့်အရာများကို ငြင်းပယ်လိုက်ခြင်း ဖြစ်သည်။

ဤလူသည် မြေကြီးနှင့်ဆိုင်သောဘဏ္ဍာမရှိကြောင်း ကြွားဝါပြောဆိုကောင်းပြောဆိုလိမ့်မည်။ သူသည် ပိုင်းခြားသိမြင်တတ်ခြင်းနှင့် ပညာဘက်၌ချို့တဲ့သောအခြေအနေ၌ရှိသည်ဟု ထင်မြင်ကြမည်။ သူ၏ဩဇာသက်ရောက်ခြင်း၌လည်း တန်ဖိုးမရှိဟုသဘောထားကြသည်။ သို့သော်လည်း ထိုသူသည် ဘုရားသခင်၏ရှေ့တော်၌ အဖိုးထိုက်တန်လှ၏။ သူ၌အသိအမြင်နည်းပါးသည်ဟုထင်မြင်ကြမည်။ သို့ရာတွင် သူသည် သာမန်လူတန်းစားထက်များစွာအဆင့်အတန်းမြင့်လျက်ရှိသည်။ သူသည် သံချေးပိုးရွှဖျက်ဆီးခြင်းမရှိ၊ အရောင်မှေးမှိန်ခြင်းမရှိသော ဘဏ္ဍာကို မိမိအတွက် ကောင်းကင်ဘုံ၌ဆည်းပူးနေသည်မဟုတ်လော။ R & H, Dec. 19, 1899.



## မွေးကြိုင်သောနံ့သာပေါင်းကဲ့သို့

ကြေးငွေချမ်းသာကြွယ်ဝသောသူများတို့တွင် ကောင်းမှုပြုလိုသောဆန္ဒရှိကြသူများထက် စားနိုင်၊ သောက်နိုင်ရုံလောက်သာရှိသောသူတို့၌ ကောင်းမှုပြုလုပ်လိုသောသဘောရှိသောသူသာ၍များပြားစွာရှိသည်ကို ဗဟုသုတအားဖြင့်သိရသည်။ သူဌေးသူကြွယ်ဖြစ်ဖို့ရန် ဆန္ဒရှိသောသူများသည် သူတို့၏ဥစ္စာပစ္စည်းများဖြင့် ပျက်စီးကြသည်။ ထိုကဲ့သို့သောသူများကို ကြေးငွေအစွမ်းသတ္တိများအပ်နှံလိုက်သောအခါ သူတို့သည်လည်း အများအားဖြင့် ဘုရားသခင်၏ငွေကိုသိုလှောင်ဆည်းပူးထားခြင်း၊ (သို့မဟုတ်) သုံးစွဲပစ်လိုက်ကြသည်။ နောက်ဆုံး၌ သခင်သည် တစ်ဦးစီအား "သင့်ကိုဘဏ္ဍာစိုးအရာမှရပ်စဲလိုက်ပြီ" ဟု မိန့်တော်မူသည်။ သူတို့သည် အခြားသူပိုင်ငွေကို မရိုးသားသောစိတ်ဖြင့် မိမိပိုင်ငွေကဲ့သို့သုံးစွဲကြသည်။ ဘုရားသခင်သည် သူတို့ထံ၌ ထာဝရကြွယ်ဝချမ်းသာခြင်းကို အပ်နှင်းထားလိမ့်မည်မဟုတ်။

ဆင်းရဲသား၏လက်ဆောင်ပဏ္ဏာ၊ မိမိကိုယ်ကိုငြင်းပယ်ခြင်း၏အသီး၊ သမ္မာတရား၏အဖိုးထိုက်တန်သောအလင်းကို တိုးချဲ့ခြင်းများသည် ဘုရားသခင်၏ရှေ့တော်၌ မွှေးကြိုင်သော

နံ့သာပေါင်းဖြစ်သည်။ အခြားသောသူများကောင်းစားဖို့ရန် မိမိကိုယ်ကိုအနစ်နာခံခြင်းသည် ပေးကမ်းသောသူ၏စိတ်နှလုံး၌ ကောင်းမှုပြုလိုသောသဘောကို ခွန်အားပေး၍ သူ၏ကိုယ်ကို လောကကြီး၏ကယ်တင်ရှင်အနီးသို့ရောက်ရှိရန် ပြုလုပ်ပေးသည်။ ကိုယ်တော်သည် ကြွယ်ဝချမ်းသာတော်မူသည်။ သို့သော်လည်း ကျွန်ုပ်တို့အဖို့ ဆင်းရဲတော်မူသည်။ ကိုယ်တော်၏ဆင်းရဲခြင်းမှ ကျွန်ုပ်တို့သည် ကြွယ်ဝချမ်းသာခြင်းရရှိဖို့ဖြစ်သည်။

မိမိကိုယ်ကိုငြင်းပယ်၍ ရွှင်လန်းဝမ်းမြောက်စွာ အနည်းဆုံးပေးသောငွေသည် ဘုရားသခင်၏ရှေ့တော်၌ အလှူငွေကို ထောင်ချီ၍ပေးနိုင်သောသူတို့၏ငွေထက်တန်ဖိုးရှိသည်။ ဘုရားသခင်၏ငွေသေတ္တာထဲသို့ ကြေးနီဒင်္ဂါးနှစ်ပြားကိုထည့်သွင်းသောဆင်းရဲသူမုဆိုးမသည် ချစ်ခြင်း၊ ယုံကြည်ခြင်းနှင့် ကောင်းမှုပြုလိုသောသဘောကိုပြသည်။ စေတနာအပြည့်အဝပါသော ထိုအလှူငွေပေါ်၌ ဘုရားသခင်သည် ကြီးကျယ်သောအကျိုးဖြစ်ထွန်းခြင်း၏မူလအမြစ်ဖြစ်စေတော်မူသည်။

မုဆိုးမ၏ကြေးနီဒင်္ဂါးသည် ခေတ်ကာလတစ်လျှောက်လုံး၌ စီးဆင်းလာသောစမ်းချောင်းကလေးနှင့်တူ၍ စီးဆင်းလာရာလမ်းကြောင်း၌ ကျယ်ပြီးနက်၍လာခဲ့သည်။ သမ္မာတရားကို တိုးချဲ့ခြင်းနှင့် ဆင်းရဲသားများကိုသက်သာစေရန် လမ်းကြောင်း



ထောင်ပေါင်းများစွာဖြာထွက်စီးဆင်းစေခဲ့သည်။ ထိုလက်ဆောင်ပဏ္ဏာကလေး၏သြဇာသည် ခေတ်ကာလတစ်လျှောက်လုံးတွင် တိုင်းပြည်တိုင်းတို့၌နေထိုင်ကြသည့် ထောင်ပေါင်းများစွာသောသူတို့၏စိတ်နှလုံး၌ အကြိမ်ကြိမ်အဖန်ဖန်လှုပ်ရှားခြင်းရှိခဲ့လေသည်။ ရလဒ်မှာ ဘုရားသခင်၏ဘဏ္ဍာတော်တိုက်ထဲသို့ ရက်ရော၍ ကိုယ်ကိုငြင်းပယ်သောဆင်းရဲသားများထံမှ မရေတွက်နိုင်သောလက်ဆောင်ပဏ္ဏာများစီးဆင်းလာခဲ့လေသည်။ တစ်ဖန် သူမ၏ပုံသက်သေသည် ကောင်းသောအလုပ်ကိုလုပ်ကိုင်ဖို့ရန် လှုံ့ဆော်ပေးလေသည်။ ထောင်သောင်းချီ၍ သက်သက်သာ နေထိုင်လိုသောသူများ၊ ကိုယ်ကျိုးရှာခြင်းနှင့် ယုံမှားသံသယရှိသောသူတို့၏လက်ဆောင်ပဏ္ဏာများသည်လည်း သူမ၏ အလှူငွေတန်ဖိုးကိုရှေးရှုဆင်ခြင်၍ တိုးတက်စေခဲ့သည်။ Signs, Nov. 15, 1910.

## လက်ဆောင်ပဏ္ဏာများကိုအလွဲသုံးစားပြုလုပ်ခဲ့သော်လည်း လှူသောသူများသည်ဆုလာဘ်ရခြင်း

သူတို့၏အလှူငွေများကို ဘုရားသခင်၏ဘဏ္ဍာတော်တိုက်သို့ယူဆောင်လာနိုင်ဖို့ရန် သမ္မာတရား၏သန့်ရှင်းစေနိုင်

သောဩဇာသက်ရောက်ခြင်းကို ဗဟုသုတရရှိခဲ့သောဆင်းရဲသားအိမ်ထောင်များသည် ဘုရားသခင်ကိုကျေးဇူးတင်သောကြောင့် မိမိတို့အဖို့ အသက်တာ၏လိုအပ်နေသောအရာများကို အနစ်နာခံလိုက်ကြလေသည်။ အချို့တို့သည် မိမိတို့တကယ်ပင်လိုအပ်နေသောအဝတ်အထည်များကို မဝယ်ဘဲ လက်လွှတ်လိုက်ကြလေသည်။ အခြားသောသူတို့သည်လည်း သူတို့ပိုင်ဆိုင်သည့်တစ်ကောင်တည်းသောနွားမကိုရောင်းချလိုက်၍ ရရှိသောကြေးငွေသည် ဘုရားသခင်အားပေးအပ်ကြသည်။ သူတို့သည် ဤကဲ့သို့စွန့်ကြဲပေးကမ်းဖို့ရန် အခွင့်ရသောကြောင့် မျက်ရည်ကျလျက် ဘုရားသခင်၏ကျေးဇူးတော်ကို စိတ်အားကြီးစွာချီးမွမ်းခြင်းပြုကြသည်။ သူတို့သည် သူတို့၏အလှူငွေများနှင့် ဘုရားသခင်၏ရှေ့တော်သို့ဝင်၍ ဦးညွှတ်ကြလျက်၊ ဤအလှူငွေသည် မှောင်မိုက်ထဲ၌ရှိနေသောသူများထံသို့ သမ္မာတရား၏အလင်းရောက်ရှိစေဖို့ရန် ထောက်ပံ့ခြင်းပေးနိုင်ပါစေဟု ဆုတောင်းကြသည်။

ဤနည်းအားဖြင့် ပေးအပ်သောကြေးငွေများကို မိမိတို့ကိုယ်ကိုငြင်းပယ်၍ ပေးကမ်းလိုက်သောသူတို့၏အလိုဆန္ဒအတိုင်း တစ်ခါတစ်ရံသီးသန့်အသုံးချခြင်းမပြုခဲ့ပေ။ မိမိတို့ကိုယ်တိုင်၊ ကိုယ်ကိုငြင်းပယ်ခြင်းမရှိ၊ တပ်မက်လိုချင်သောစိတ်၊ ကိုယ်ကျိုးကိုသာကြည့်တတ်သောလူများသည် ဘဏ္ဍာတိုက်ထဲသို့



ဝင်လာသောကြေးငွေအလှူငွေများကို သစ္စာမဲ့စွာသုံးစွဲကြ၍ ဘုရားသခင်၏ဘဏ္ဍာကို အလွဲသုံးစားပြုကြသည်။ သူတို့၏ပေးအပ်ခြင်းမရှိ၊ သတိမရှိသောစီမံအုပ်ချုပ်မှုကြောင့် ဘုရားသခင်ထံတော်၌ ဆုတောင်းခြင်း၊ စိတ်စေတနာထက်သန်စွာဖြင့်ပေးအပ်ထားသောကြေးငွေများကို ဖြုန်းတီးပစ်၍ အကွဲကွဲအပြားပြားဖြစ်စေကြသည်။

ဤကဲ့သို့ပေးအပ်ထားသောကြေးငွေများကို အလွဲသုံးစားပြုလုပ်၍ အလှူရှင်၏စိတ်၌ ရည်မှန်းထားသည်အတိုင်း ဘုရားသခင်၏ကျေးဇူးတော်ထွန်းလင်းခြင်း၊ ဝိညာဉ်များကယ်တင်ခြင်းကိစ္စများ၌ မပြီးမြောက်ခဲ့သော်လည်း ဘုရားသခင်၏ကျေးဇူးတော်ကိုကြည့်ရှုခြင်းဖြင့် အလှူရှင်များသည် ဆုလာဘ်ရရှိဖို့ရန်ဆုံးရှုံးကြမည်မဟုတ်။ 2T 518, 519.

## ကောင်းကင်နိုင်ငံတော်၏ချိန်ခွင်၌ခန့်မှန်းသည်အတိုင်း

သန့်ရှင်းရာဌာနတော်၏ချိန်ခွင်များ၌ ခရစ်တော်ကိုချစ်ခြင်းအားဖြင့် ဆင်းရဲသောသူများပေးကမ်းစွန့်ကြဲသော အလှူငွေများသည် ပေးကမ်းသောအရေအတွက်ပေါ်၌ ခန့်မှန်းခြင်းမပြု၊ ထိုအနစ်နာခံခြင်းကို လှုံ့ဆော်ပေးသောစေတနာစိတ်အား

ထက်သန်မှုတရားပေါ်၌သာတည်သည်။ ဆင်းရဲသောသူသည် စေတနာစိတ်ကြီးစွာဖြင့် စွန့်ကြဲပေးကမ်း၍ ဥစ္စာဓနကြွယ်ဝချမ်းသာသောသူ၏စွန့်ကြဲပေးကမ်းသောအလှူကဲ့သို့ ခရစ်တော်၏ကတိတော်အရာ၌ ခံစားရမည်။ ဆင်းရဲသောသူသည် သူ၌အလွန်လိုအပ်နေသောအရာကို လျစ်လျူရှု၍ ထိုအနည်းငယ်သောစွန့်ကြဲခြင်းကိုပေးကမ်းခဲ့သည်။ သူသည် အမှန်တကယ်သူ၌လိုအပ်နေ၍ သူ့အားသက်သာခြင်းပေးနိုင်သောအရာကို မိမိကိုယ်အဖို့ ငြင်းပယ်လိုက်သည်။ သို့သော်လည်း ဥစ္စာဓနကြွယ်ဝချမ်းသာသောသူသည် သူ၏ကြွယ်ဝခြင်းမှပေးကမ်းရသောကြောင့် သူ၌လိုအပ်နေသည်ဟုမရှိပေ။ မိမိကိုယ်တိုင် လိုအပ်နေသောအရာကို အနစ်နာခံ၍ သူတစ်ပါးကို မစလိုက်ရသည်ဟုမရှိပေ။ သို့ဖြစ်၍ ကြွယ်ဝချမ်းသာသောသူ၏လက်ဆောင်ပဏ္ဏာ၌မတွေ့မြင်နိုင်သောသန့်ရှင်းခြင်းကို သူဆင်းရဲ၏လက်ဆောင်ပဏ္ဏာ၌ရှိကြောင်း တွေ့မြင်ရသည်။ အကြောင်းမှာ ကြွယ်ဝချမ်းသာသောသူသည် သူ၏များပြားခြင်းမှပေးကမ်းသည်။ လူတို့၏အကျိုးအတွက် ဘုရားသခင်သည် နည်းလမ်းကျသောကောင်းမှုပြုလိုသည့်အစီအစဉ်ကို စီမံထားတော်မူသည်။ ဘုရားသခင်၏ကြည့်ရှုစောင့်မခြင်းသည် မည်သည့်အခါမျှရပ်တည်၍မနေပေ။ ဘုရားသခင်၏အစေခံများသည် ကိုယ်တော်၏အစဉ်



လိုလားသောကြည့်ရှုစောင့်မခြင်းအတိုင်းလိုက်နာပါက အားလုံးတို့သည် တက်ကြွလှုပ်ရှားနေသောအမှုတော်ဆောင်များဖြစ်ကြမည်။ 3T 398, 399.

–o–

## (၃၆) ကျေးဇူးပြုခြင်းများရရှိသည်နှင့်အညီ ဝေငှပေးကမ်းရမည်

ကျွန်ုပ်တို့သည် ဤလောက၌ရှိနေသမျှကာလပတ်လုံး ဘုရားသခင်၏ဝိညာဉ်တော်သည် စိတ်နှလုံးကိုနှိုးဆော်နေသည်ဖြစ်၍ ကျွန်ုပ်တို့သည် ကျေးဇူးပြုခြင်းများကို လက်ခံရရှိသည်နှင့်အညီ ဝေငှပေးကမ်းရမည်။ သန့်ရှင်းသောသမ္မာကျမ်းစာ၌ ဖော်ပြထားသောသမ္မာတရား၏အလင်းကို ကျွန်ုပ်တို့သည် လောကသို့ပေးရမည်။ ကိုယ်တော်၏အမှုတော်ကိုဆောင်ရွက်ပေးရန် သူတို့အပေါ်၌ ဘုရားသခင်သည် လှုပ်ရှားတော်မူခြင်းကို ကျွန်ုပ်တို့သည် လောကမှရရှိကြမည်။ ဘုရားသခင်သည် မိမိ၏လူမျိုးတို့အဖို့ ရှင်ဘုရင်များနှင့်အုပ်စိုးသောသူများတို့၏စိတ်နှလုံးများအပေါ်၌ လှုပ်ရှားလျက်နေသည်။ ဘာသာကိုးကွယ်မှုလွတ်လပ်ရေးအကြောင်းနှင့်ပတ်သက်၍ အလွန်စိတ်ဝင်စားခြင်းရှိသောသူတို့သည် ကျေးဇူးပြုခြင်းများရရှိနေသည်ကို ဖြတ်တောက်မပစ်ရန် (သို့မဟုတ်) ဘုရားသခင်၏အမှုတော်တိုးတက်ရေးအတွက် ဘုရားသခင်လှုပ်ရှားပြုပြင်ထားသောသူများထံမှ ဆုတ်ခွာထွက်သွားခြင်းမပြုကြရန် လိုအပ်ပေသည်။ ဤအကြောင်း





နှင့်စပ်ဆိုင်၍ ဘုရားသခင်၏နှုတ်ကပတ်တရားတော်၌ ကျွန်ုပ်တို့သည် ပုံသက်သေများကိုတွေ့နိုင်ပေသည်။ ပေရသိရှင်ဘုရင်ကုရုမင်းသည် သူ၏နိုင်ငံတစ်ဝန်းလုံးသို့ကြေညာရာတွင် "ကောင်းကင်ဘုံ၏ဘုရားသခင်ထာဝရဘုရားသည် မြေကြီးပေါ်မှာ တိုင်းနိုင်ငံရှိသမျှတို့ကို ငါ့အားပေးတော်မူသည်ဖြစ်၍ ယုဒပြည်၊ ယေရုရှလင်မြို့၌ အိမ်တော်ကိုငါဆောက်ရမည်အကြောင်း မှာထားတော်မူပြီ။ သင်တို့တွင် အဘယ်သူသည် ဘုရားသခင်၏လူဖြစ်သနည်း။ ထိုသူနှင့်အတူ ဘုရားသခင်အတူရှိပါစေသော။ ယုဒပြည်၊ ယေရုရှလင်မြို့သို့သွား၍ ဣသရေလလူမျိုး၏ဘုရားသခင်ထာဝရဘုရား၏အိမ်တော်ကို တည်ဆောက်စေ။" ဘုရားသခင်၏ အိမ်တော်ကိုဆောက်လုပ်ရန် ဒုတိယအမိန့်ကို ဒါရိမင်းကြီးပေးခဲ့သည်။ ဧဇရမှတ်စာအခန်းကြီး ၆ ၌ မှတ်တမ်းတင်ထားသည်။

ဣသရေလလူမျိုးတို့၏ဘုရားသခင်သည် မိမိ၏ပစ္စည်းများကို မယုံကြည်သောသူတို့၏လက်ထဲ၌ထားတော်မူသည်။ သို့သော်လည်း ထိုအရာများကို အပြစ်ထဲသို့ကျနေသောလောကကြီးအဖို့ ဆောင်ရွက်ရာ၌ အသုံးပြုရမည်။ ဤလက်ဆောင်ပဏ္ဏာများသက်ရောက်လာသောကိုယ်စားလှယ်များမှ သမ္မာတရားသွားနိုင်ရန်လမ်းကြောင်းများစွာပွင့်လာကောင်းပွင့်လာပေမည်။ သူတို့သည် အလုပ်ကိုကိုယ်ချင်းစာနာမှုမရှိ၊ ခရစ်တော်၌ယုံကြည်

ခြင်းမရှိ၊ ကိုယ်တော်၏စကားများကိုလည်းသိကြမည်မဟုတ်။ သို့သော်လည်း သူတို့ပေးသောလက်ဆောင်ပဏ္ဏာများကို ငြင်းပယ်ခြင်းမပြုနိုင်ပေ။

ကျွန်ုပ်တို့သည် ပညာရှိသောသူများထံသို့ချဉ်းကပ်၍ ကျွန်ုပ်တို့လုပ်ကိုင်ဆောင်ရွက်နေသောအလုပ်များကို သူတို့သိမြင်နိုင်ရန် တင်ပြပြောဆိုရမည်။ ဘုရားသခင်၏အမှုတော်တိုးပွားရေးကို ရှေးရှု၍ သူတို့၏ဝင်ရောက်ကူညီမှုကိုလည်း ရရှိနိုင်ရန် ဆွဲဆောင်မှုပြုပါ။ ဤကဲ့သို့ပြုလုပ်ပါက ကျွန်ုပ်တို့သည် သူတို့ထံမှသာ၍ပိုမိုသောကျေးဇူးပြုခြင်းများရရှိနိုင်ကြောင်းကို ကျွန်ုပ်အားထပ်တလဲလဲပြသခဲ့ပါသည်။ TM 202, 203.

## နေဟာမိ၏ပုံသက်သေ

နေဟာမိသည် မသေချာသောအရာအပေါ်၌ အားကိုးအားထားမပြုပေ။ သူ၌လိုနေသောကြေးငွေများကို ရရှိဖို့ရန် ပေးကမ်းနိုင်သောသူများထံမှတောင်းခံသည်။ သမ္မာတရားတိုးတက်ဖို့ရန် ဘုရားသခင်သည် ကိုယ်ပိုင်ပစ္စည်းများလက်ဝယ်ထားရှိသောသူတို့၏စိတ်နှလုံးကို တိုက်တွန်းနှိုးဆော်တော်မူသည်။ ပေးကမ်းဖို့ရန် လူတို့ကို ကိုယ်တော်သည် တိုက်တွန်း



ထားပြီဖြစ်၍ ထိုသို့သောလူများထံမှ ကိုယ်တော်အဖို့ လုပ်ဆောင်နေကြသောသူတို့သည် မစခြင်းကိုလက်ခံရမည်။ ဤလက်ဆောင်ပဏ္ဏာများသည် လမ်းဖွင့်ပေးခြင်းအားဖြင့် သမ္မာတရား၏အလင်းသည် မှောင်မိုက်နေသောတိုင်းပြည်များသို့ရောက်ရှိလိမ့်မည်။ အလှူရှင်များသည် ခရစ်တော်ကိုယုံကြည်ကြမည်မဟုတ်။ ကိုယ်တော်၏နှုတ်ကပတ်တော်ကိုလည်း သိကျွမ်းခြင်းမရှိ။ သို့သော်လည်း သူတို့ပေးသောလက်ဆောင်အလှူငွေများကို ဤနေရာ၌ငြင်းပယ်ခြင်းမပြုပါနှင့်။ PK 634.

ဘုရားသခင်၏အမှုတော်သည် လျင်မြန်စွာတိုးတက်ရမည်။ ကိုယ်တော်၏လူများသည် ကိုယ်တော်ခေါ်တော်မူခြင်းကို လက်ခံလျှင် ကိုယ်တော်သည် ပစ္စည်းဥစ္စာပိုင်ဆိုင်သောသူများအား လူတို့၏ကြေးငွေများစွန့်ကြဲပေးကမ်းဖို့ရန် ဆန္ဒရှိအောင်ပြုလုပ်တော်မူမည်။ ဤနည်းဖြင့် ကိုယ်တော်၏အမှုတော်သည် ဤကမ္ဘာမြေကြီးပေါ်၌ ပြီးစီးလိမ့်မည်။ "ယုံကြည်ခြင်းသည် မျှော်လင့်သောအရာတို့ကို မျက်မှောက်ပြုခြင်းဖြစ်၏။ မမြင်သေးသောအရာတို့ကို သိမှတ်စွဲလမ်းခြင်းအကြောင်းဖြစ်၏။" ဟေဗြဲ ၁၁း၁။ ယုံကြည်ခြင်းသည် ဘုရားသခင်၏နှုတ်ကပတ်တော်ဖြစ်၍ မိမိ၏လူတို့ကို ပစ္စည်းဥစ္စာများပိုင်ဆိုင်ခွင့်ပေး၍ မှန်သောသမ္မာတရား

ကိုမျှော်လင့်နေသောမြို့ကြီးများ၌ အမှုတော်ဆောင်ရွက်ဖို့ရန် တတ်နိုင်ကြမည်။ 9T 272, 273.

## ပြင်ပမှအလှူငွေလက်ဆောင်များကိုရခြင်း

တစ်ပါးအမျိုးသားများထံမှရသည့် အလှူငွေလက်ဆောင်များအကြောင်းကို သင်မေးမြန်းသည်။ မေးခွန်းသည် အထူးအဆန်းမဟုတ်ပေ။ သို့သော်လည်း သင့်ကို ကျွန်ုပ်မေးမြန်းလိုသည်မှာ ကျွန်ုပ်တို့၏ကမ္ဘာကြီးကို မည်သူပိုင်သနည်း။ မည်သူများသည် အိမ်များနှင့်မြေယာများကို ဧကန်အမှန်ပိုင်သနည်း။ ဘုရားသခင်ပိုင်ဆိုင်သည်မဟုတ်လော။ ကျွန်ုပ်တို့၏ကမ္ဘာတွင် ဘုရားသခင်ပိုင်ဆိုင်သောအရာမြောက်မြားစွာရှိရာ ကိုယ်တော်သည် လူတို့၏လက်ဝယ်၌ထားရှိတော်မူသည်။ ဤအရာများဖြင့် ဆာမွတ်နေသောသူများကိုကျွေးမွေး၍ အဝတ်မရှိသောသူများကို အဝတ်ပေးကမ်းပြီးလျှင် နေထိုင်ဖို့ရန် နေအိမ်မရှိသောလူတို့ကို နေအိမ်ပေးရမည်။ ဘုရားသခင်သည် လောကသားများတို့ကိုပင် သူတို့၏ကြွယ်ဝသောပစ္စည်းများဖြင့် အမှုတော်ကိုထောက်ပံ့ဖို့ရန် လှုံ့ဆော်ခြင်းပြုတော်မူမည်။ ကျွန်ုပ်တို့သည် ထိုသူများထံပါးသို့ လိမ္မာစွာချဉ်းကပ်၍ သူတို့အခွင့်အရေးရသည်အတိုင်း ပြုလုပ်



နိုင်ဖို့ရန် အခွင့်လမ်းဖွင့်ပေးရမည်။ သူတို့ပေးသမျှကို ကျွန်ုပ်တို့၌ လက်ခံယူနိုင်ဖို့ရန် အခွင့်အရေးရှိသည်။

ကျွန်ုပ်တို့သည် အထက်တန်းလွှာ၌ရှိသောသူများနှင့် မိတ်ဖွဲ့သိကျွမ်းခြင်းရှိရမည်။ မြွေ၏လိမ္မာခြင်းနှင့်ချိုးငှက်၏ အဆိပ်ကင်းခြင်းမျိုးဖြင့်ဆက်ဆံပါက ကျွန်ုပ်တို့သည် သူတို့ထံမှ အကျိုးထူးကိုရရှိမည်။ အကြောင်းမှာ ဘုရားသခင်သည် သူတို့၏ စိတ်နှလုံးအပေါ်၌ လှုပ်ရှားခြင်းအားဖြင့် မိမိ၏လူမျိုးတို့အဖို့ များစွာဆောင်ရွက်ပေးတော်မူမည်။ ကြေးငွေချမ်းသာကြွယ်ဝ၍ ဩဇာညောင်းသောသူတို့ထံသို့ သင့်လျော်သောသူများကို စေလွှတ်၍ ဘုရားသခင်၏အမှုတော်၌လိုအပ်နေသောအရာများကို လျောက်ပတ်စွာပြောဆိုပြသခဲ့လျှင် ဤလူများသည် ဤကမ္ဘာပေါ်၌ ဘုရားသခင်၏အမှုတော်တိုးတက်ဖို့ရန် များစွာအထောက်အကူပေးနိုင်ကြလိမ့်မည်။ ကျွန်ုပ်တို့၌ရှိသောအခွင့်အရေးများနှင့် အကျိုးထူးများကို ကျွန်ုပ်တို့သည် အသုံးမပြုဘဲနေကြသည်။ အကြောင်းမှာ ကျွန်ုပ်တို့သည် ကမ္ဘာကြီးကိုမမှီခိုဘဲ တသီးတခြား နေထိုင်လိုကြသည်။ ဘုရားသခင်၏အမှုတော်ကို တိုးတက်စေခြင်း၌ ရသင့်ရထိုက်သောအခွင့်အရေးများကိုယူနေစဉ် ကျွန်ုပ်တို့၏ သမ္မာတရားဆိုင်ရာကျင့်ဝတ်တစ်ခုကိုမျှ အနစ်နာခံဖို့ရန်မလိုပေ။ TM 197, 198.

–၀–

## (၃၇) ဘုရားသခင်သည်လမ်းကိုပြင်ဆင်နေခြင်း

ကြေးငွေချမ်းသာ၍ ဩဇာအာဏာကြီးသောသူတို့၏ ရှေ့၌ ဘုရားသခင်၏အမှုတော်ဆောင်ရွက်ခြင်း၌ လိုအပ်သော အရာများကို ကောင်းမွန်စွာပြသခဲ့လျှင် ဤလူများသည် ခေတ်နှင့် ဆိုင်သောသမ္မာတရားတိုးတက်စေဖို့ရန် များစွာအကူအညီပေး ကြမည်။ ဘုရားသခင်၏လူတို့သည် အခါအခွင့်သင့်သလို အကျိုး ဖြစ်ထွန်းမည့်အရာများကို မယူတတ်ကြသောကြောင့် အခွင့်အရေး များစွာဆုံးရှုံးခဲ့ကြသည်။

ဘုရားသခင်၏စီမံခန့်ခွဲခြင်း၌ ကျွန်ုပ်တို့သည် နေ့စဉ် နေ့တိုင်း မပြောင်းလဲသေးသောသူများနှင့်တွေ့ဆုံနေရကြသည်။ ကိုယ်တော်၏အလုပ်သည် လျင်မြန်စွာပြီးစီးနိုင်ရန် ဘုရားသခင် သည် မိမိ၏လက်ယာလက်တော်ဖြင့် လမ်းကို ကျွန်ုပ်တို့ရှေ့၌ ပြင်ဆင်လျက်ရှိသည်။ ကိုယ်တော်နှင့်အတူ လုပ်ဆောင်သော သူများဖြစ်၍ ကျွန်ုပ်တို့၌ရှိသေဖွယ်သောအလုပ်ကိုလုပ်ကိုင်ရန် ရှိသည်။ အထက်တန်းလွှာ၌ရှိသောသူတို့၏အသက်ဝိညာဉ်အဖို့ ကျွန်ုပ်တို့၌စိတ်ပူပန်ခြင်းရှိရမည်။ ကျွန်ုပ်တို့သည် သူတို့ကို မင်္ဂလာဆောင်စားသောက်ပွဲသို့လာရောက်ရန် ဖိတ်ခေါ်ရမည်။





ယခုအချိန်၌ အားလုံးတို့သည် အနိုင်ကျင့်လူတို့၏ လက်ထဲ၌ရှိကြသော်လည်း ကမ္ဘာတစ်ခုလုံးနှင့် ၎င်းရှိဥစ္စာဓနနှင့် ဘဏ္ဍာများသည် ဘုရားသခင်ပိုင်ပစ္စည်းများဖြစ်သည်။ မြေကြီး နှင့်မြေကြီးပေါ်၌ရှိသမျှသောအရာများကို ဘုရားသခင်ပိုင်တော်မူ ၏။ မှန်ကန်သောကျင့်ဝတ်များကို မြတ်နိုးနေစဉ် ဘုရားသခင်၏ နိုင်ငံတော်သည် ဤကမ္ဘာပေါ်၌ တိုးတက်ရန် ကောင်းကင်မှ ရရှိသောအခွင့်အရေးဟူသမျှကို ခံယူခြင်းသည် သူတို့၏အခွင့် အရေးနှင့်တာဝန်ဝတ္တရားဖြစ်ကြောင်းကို ခရစ်ယာန်များသိဖို့ရန် လိုအပ်ပေသည်။ Stewardship Series, No. 1, pp. 14,1 5. (ကျွန်ုပ်တို့၏နိုင်ငံရပ်ခြားအသင်းတော်များအဖို့ အလှူငွေများ ရရှိဖို့ရန် ပန်ကြားခြင်း၊ ဓမ္မဆရာများနှင့်အသင်းတော်လူကြီး များကိုစွ)။

### ပေးကမ်းရန်ဝိညာဉ်တော်အားဖြင့်ခွဲလမ်းစေခြင်း

ဧဝံဂေလိတရားတော်ဟောပြောခြင်းဘက်၌ ဆောင်ရွက် လုပ်ကိုင်နေကြသော ဆေးဘက်ဆိုင်ရာဆရာဝန်များသည် သူတို့၏အပေါင်းပါဓမ္မဆရာများကဲ့သို့ မြင့်မားသောအလုပ် ဝတ္တရား၌ လုပ်ဆောင်နေကြသည်။ ဤအမှုတော်ဆောင်များ

ကြိုးစားအားထုတ်နေကြခြင်းသည် ဆင်းရဲသားများထဲ၌သာ လုပ်ဆောင်ရန် ကန့်သတ်မထားသင့်ပေ။ အထက်တန်းလွှာမှ လူများကို သူစိမ်းများပမာ ဂရုမစိုက်ဘဲနေကြသည်။ အထက်တန်းလွှာများထဲမှ သမ္မာတရားကို လက်ခံမည့်သူများစွာရှိကြသည်။ အကြောင်းမှာ သမ္မာတရားသည် ခိုင်မာဆီလျော်ခြင်းရှိ၏။ ၎င်းပြင် ဧဝံဂေလိတရားတော်၌ မြင့်မားသောအကျင့်တံဆိပ်ပါ၏။ သမ္မာတရားကိုလက်ခံ၍ ခွန်အားသတ္တိနှင့်ပြည့်စုံသောသူအများတို့သည် ဘုရားသခင်၏အလုပ်ထဲသို့ဝင်၍ ကြိုးစားအားထုတ်လျက်လုပ်ကိုင်ကြလိမ့်မည်။

ဘုရားသခင်သည် ယုံကြည်စိတ်ချရသောအဆင့်အတန်း၌ရှိသောသူတို့ကိုလည်းကောင်း၊ ကိုယ်တော်၏ဆုလာဘ်များကိုကြည့်ရှုစောင့်ထိန်းရန် အပ်နှံထားခြင်းခံရသောသူတို့ကိုလည်းကောင်း၊ ကိုယ်တော်၏အမှုတော်၌ သူတို့၏ဉာဏ်ပညာအစွမ်းသတ္တိနှင့်ကြေးငွေများကိုအသုံးချရန် ခေါ်တော်မူသည်။ ကျွန်ုပ်တို့၏အမှုတော်ဆောင်များသည် ဤလူများရှေ့၌ ကျွန်ုပ်တို့လုပ်ဆောင်နေသည့်အလုပ်အကိုင်နှင့်ပတ်သက်၍ ရှင်းလင်းသောစာရင်းဖော်ပြချက်ကိုပြသရမည်။ ကျွန်ုပ်တို့သည် အခက်အခဲတွေ့နေသောသူများကို မစခြင်းပေးဖို့ရန် မည်သည့်အရာများလိုအပ်နေကြောင်း၊ ၎င်းပြင် ဤအလုပ်မျိုးကို ခိုင်ခံ့သော



အခြေခံပေါ်၌ထား၍ ပြုလုပ်လိုကြောင်းကိုပြောပြရမည်။ ဤလူများထဲမှ အချို့သောလူတို့သည် ဘုရားသခင်၏ကြေးငွေများကို ကိုယ်တော်၏အမှုတော်တိုးတက်ဖို့အတွက် ရင်းနှီးရန် သန့်ရှင်းသောဝိညာဉ်တော်သည် သူတို့ကိုပြုပြင်လိမ့်မည်။ မြို့ကြီးများတို့၌ သြဇာတန်ခိုးပြန့်ပွားဖို့ရန်နေရာများကို ဖွင့်လှစ်ပေးခြင်းဖြင့် ကိုယ်တော်၏အကြံအစည်ကို သူတို့သည် ပြည့်စုံစေကြလိမ့်မည်။ 7T 112.

## ကြေးငွေချမ်းသာကြွယ်ဝသောသူတို့ကိုခေါ်ခြင်း

ကမ္ဘာတစ်ခုလုံးကိုသတိပေးဖို့ရန် တာဝန်ရှိသည်။ ကျွန်ုပ်တို့သည် ကြေးငွေချမ်းသာကြွယ်ဝသောသူတို့အား ကျွန်ုပ်တို့၏အလုပ်ကိုမစခြင်းပေးရန် တောင်းခံခြင်း၌ နှေးကွေးလျက်ရှိကြသည်။ ခရစ်ယာန်ဟုပြောဆိုသောသူအားလုံးတို့သည် ကျွန်ုပ်တို့နှင့်အတူရပ်တည်ရန် အလိုရှိသည်။ ကျွန်ုပ်တို့၏ ကမ္ဘာမြေကြီးတွင် ဘုရားသခင်၏နိုင်ငံတော်ကိုတည်ဆောက်ရာ၌ ရက်ရောစွာထောက်ပံ့ခြင်းရရှိဖို့ရန် အလိုရှိသည်။ ခရစ်ယာန်ကြိုးစားခြင်းအလုပ်၌ ကျွန်ုပ်တို့အားမစရန် လူကြီးလူကောင်းများကို ပန်ကြားပါသည်။ ပျောက်ဆုံးသောဝိညာဉ်များကိုရှာဖွေ

ခြင်းအလုပ်၌ ကျွန်ုပ်တို့၏ကြိုးပမ်းဆောင်ရွက်ခြင်းကိုမစရန် သူတို့ကိုဖိတ်ခေါ်ရမည်။ (The Origin and Development of the Thanksgiving Plan, p. 5 (written Feb. 28, 1900).

## ဘုရားသခင်သည်လမ်းဖွင့်ပေးလိမ့်မည်

အချိန်ကာလသည်လည်းကောင်း၊ ငွေရေး၊ ကြေးရေး ကျပ်တည်းလာခဲ့သည်။ သို့သော်လည်း ဘုရားသခင်သည် ကျွန်ုပ်တို့အဖို့ ပြင်ပမှလမ်းဖွင့်ပေးလိမ့်မည်။ ကျွန်ုပ်တို့အချင်းချင်းထံမှမဟုတ်ဘဲ ယုံကြည်ခြင်းမတူသောသူတို့ထံမှ ကျွန်ုပ်တို့သည်မည်ကဲ့သို့အလှူငွေများကိုလက်ခံနိုင်အံ့နည်း။ လက်ခံသောအခါ၌လည်း တစ်မျိုးတစ်မည်အားဖြင့် ပြောင်းလဲ၍ လုပ်ကိုင်ဖို့ရန် ခွင့်ပြုချက်မရသောအရာများကိုကြည့်ရှုရပေမည်။ ဤကမ္ဘာမြေကြီးသည် ဘုရားသခင်၏ကမ္ဘာမြေကြီးဖြစ်တော်မူသည်။ ဘုရားသခင်သည် လူတို့၏စိတ်နှလုံးကိုပြောင်းလဲရန်၊ သတင်းစကားကိုဝေးသောနေရာများ၌ ကြွေးကြော်နိုင်ရန် ရန်သူလက်၌ရှိသောမြေကြီးကို ကျွန်ုပ်တို့၏လက်တွင်းသို့ရောက်အောင် ပြုလုပ်တော်မူပါက လူသည် မိမိ၏ကျဉ်းမြောင်းလှသောအတွေ့အမြင်ကလေးအားဖြင့် ဘုရားသခင်၏နည်းလမ်းကို ပိတ်ပင်တားဆီး



မည်လော။ ဤကဲ့သို့သောအသိတရားသည် အကျိုးပြုသည့်အရာသာလျှင်ဖြစ်တော့သည်။ သန့်ရှင်းသောဝိညာဉ်တော်သည် လူတို့အား ထိုသို့သောနည်းလမ်း (ဘုရားသခင်၏နည်းလမ်းကိုပိတ်ပင်တားဆီးသောနည်းလမ်း) မျိုးကိုရှာကြံရန် ဦးဆောင်လမ်းညွှန်မည်မဟုတ်။ TM 210.

## ပြောင်းလဲခြင်းနည်းလမ်းတစ်ရပ်

တစ်ပါးအမျိုးသားတို့ထံမှ အဘယ်ကြောင့်ကူညီမစခြင်းကိုမတောင်းခံထိုက်သနည်း။ လောက၌ ကိုယ်ချင်းစာနာတတ်သောစိတ်သဘောရှိသည့်သူများရှိကြရာ သူတို့အား ဒုက္ခဆင်းရဲခံစားနေရသောသူများအကြောင်းကိုပြောပြလျှင် သနားသောစိတ်ဖြစ်ပေါ်လာလိမ့်မည်အကြောင်း ကျွန်ုပ်အားသွန်သင်ခြင်းပေးခဲ့ပြီ။

သူတို့၏ကြေးငွေများကို ကျောင်းများနှင့်ဆေးရုံများအဖို့ပေးကမ်းမည့်လူများ ကမ္ဘာပေါ်၌ရှိကြသည်။ ဤအကြောင်းနှင့်စပ်ဆိုင်၍ ကျွန်ုပ်ကိုအလင်းပေးခဲ့ပြီ။ ကျွန်ုပ်တို့၏အလင်းသည် တိုက်စစ်အနေဖြင့်လုပ်ကိုင်ရမည့်အလုပ်ဖြစ်သည်။ ငွေသည် ဘုရားသခင်၏ပစ္စည်းဖြစ်သည်။ ကြေးငွေဥစ္စာရှိသောသူတို့ကို

နည်းလမ်းမှန်ကန်စွာဖြင့် ချဉ်းကပ်ခဲ့လျှင် ဘုရားသခင်သည် သူတို့၏စိတ်နှလုံးကိုပြုပြင်၍ သူတို့၏ကြေးငွေကိုပေးကမ်းရန် စေခိုင်းလိမ့်မည်။ ဘုရားသခင်၏ကြေးငွေသည် ဤသူများ၏ လက်ဝယ်တွင်ရှိသောကြောင့် မစခြင်းတောင်းခံလျှင် အချို့တို့သည် ဂရုစိုက်ကြလိမ့်မည်။

ဤကိစ္စကိုပြောဆိုတိုင်ပင်၍ အလှူငွေရရှိရန် တတ်နိုင်သမျှကြိုးစားဆောင်ရွက်ပါ။ လောကဌ်ရှိသောသူတို့ထံမှ ကြေးငွေများကိုတောင်းခံဖို့ရန်မသင့်ဟု ကျွန်ုပ်တို့၌ထင်မြင်ခြင်းမရှိရာ။ ဤအလုပ်ကို ကျွန်ုပ်တို့ဧကန်အမှန်လုပ်ရမည်။ လောကဌ်ရှိသောသူဌေးသူကြွယ်များနှင့်တွေ့ဆုံနိုင်ရန် ဤအကြံအစည်ကို ကျွန်ုပ်အားဖွင့်ပြခဲ့ပြီ။ ဤကဲ့သို့ပြုလုပ်ခြင်းဖြင့် လူမြောက်မြားစွာတို့သည် စိတ်ဝင်စားလာကြ၍ ဤအချိန်နှင့်သမ္မာတရားကို ကြားနာ၍ ယုံကြည်ကြမည်။ Stewardship Series. No. 1, pp. 15, 16.

–၀–

# (၃၈) အကျိုးအမြတ်စုသိမ်းခြင်းအလုပ်

ယခုခေတ်နှင့်စပ်ဆိုင်သောသမ္မာတရားအသိဉာဏ်ကို အခြားသောသူများထံသို့ ယူဆောင်သွားဖို့ရန် အကြံအစည် ပြုလုပ်လိုက်လျှောက်ရာ၌လည်းကောင်း၊ တိုးတက်လျက်ရှိသော အမှုတော်နှင့်ဆက်သွယ်နေသည့်အဖွဲ့ဩဖွယ်ရာကောင်းသော ပြင်ဆင်ထားခြင်းများကြောင့်လည်းကောင်း ပထမဦးဆုံး ကျွန်ုပ်တို့ချီးမြှင့်လိုသော ကိုယ်တော်ထံ၌ ကျွန်ုပ်တို့ကိုယ်ကိုလုံးဝ အပ်နှံခြင်းပြုကြစို့။ ကျွန်ုပ်တို့သွားရောက်လည်ပတ်ကြမည့်သူတို့ အဖို့လည်း စိတ်ထက်သန်စွာဆုတောင်းပေး၍ အသက်ရှင်သော ယုံကြည်ခြင်းဖြင့် သူတို့ကိုတစ်ယောက်စီဘုရားသခင်၏ရှေ့တော်သို့ခေါ်ဆောင်လာကြစို့။

ဘုရားသခင်သည် လူတို့၏စိတ်ကူးနှင့်အကြံအစည်များကိုသိတော်မူသည်။ ကိုယ်တော်သည် ကျွန်ုပ်တို့၏စိတ် လွယ်ကူစွာပျော့ပျောင်းစေနိုင်သည်။ ဘုရားသခင်၏ဝိညာဉ်တော်သည် မီးကဲ့သို့ဖြစ်၍ မီးခတ်ကျောက်ကဲ့သို့သောစိတ်နှလုံးကို ပြုပြင်နိုင်သည်။ စိတ်နှလုံးကိုချစ်ခြင်းမေတ္တာနှင့် နူးညံ့သိမ်မွေ့ခြင်းဖြင့် ဖြည့်ပေးနိုင်သည်။ ဝိညာဉ်များအဖို့ လုပ်ကိုင်

ဆောင်ရွက်ခြင်း၌ ဝင်နိုင်ထွက်နိုင်အောင်ထိုက်တန်စေသည်။ အောင်မြင်သောကျေးဇူးတော်၏တန်ခိုးသည် ယနေ့အသင်းတော်၌ ခံစားခြင်းရှိရမည်။ ခရစ်တော်၏အကြံအစည်များကို ကျွန်ုပ်တို့သည်ခံယူပါက ကိုယ်တော်၏နောက်လိုက်များကဲ့သို့ ခံစားခြင်းရှိကြမည်။ ကျွန်ုပ်တို့ကယ်တင်ရှင်ခရစ်တော်၏သွန်သင်ခြင်းဩဝါဒကိုခံယူရန် ကျွန်ုပ်တို့သည် သင်ကြားသောအခါ ဘုရားသခင်၏ကယ်တင်တော်မူခြင်းကို ဧကန်မုချတွေ့မြင်ရမည်။

အကျိုးအမြတ်စုသိမ်းခြင်း (သို့မဟုတ်) အလှူငွေကောက်ခံခြင်းအလုပ်ကိုလုပ်ကိုင်ဖို့ရန် အထူးပြင်ဆင်ထားသောစာရွက်စာတမ်းများကိုယူဆောင်၍ အလှူတော်ငွေခံဖို့ရန် သွားသောသူများကို ကျွန်ုပ်ပြောဆိုလိုသည်မှာ သင်၏ကြိုးစားခြင်း၌သည်းခံမှုရှိပါ။ သန့်ရှင်းသောဝိညာဉ်တော်၏သွန်သင်လမ်းပြခြင်းအောက်၌နေပါ။ သင်၏ခရစ်ယာန်ဗဟုသုတ၌ နေ့စဉ်ဖြည့်သွင်းပါ။ အထူးသင့်လျော်ခြင်းရှိသောသူများကို အသက်တာ၏အထက်တန်းကျသောနေရာများ၌လည်းကောင်း၊ အောက်တန်းကျသောနေရာများ၌လည်းကောင်း ရှိကြသောမယုံကြည်သည့်သူများအဖို့ လုပ်ဆောင်ပါစေ။ ပျက်စီးနေသောအသက်ဝိညာဉ်များကို ကြိုးစားအားစိုက်ထုတ်၍ရှာဖွေပါ။ လမ်းလွဲသွားသောသူများကို မိမိ၏သိုးခြံတွင်းသို့ပြန်၍ခေါ်ဆောင်လာဖို့ရန်



ခရစ်တော်၏တောင့်တလျက်ရှိသောဆန္ဒကို စဉ်းစားကြည့်ရှုပါ။ စာရင်းရှင်းတမ်းပေးရမည်ကဲ့သို့ အသက်ဝိညာဉ်များကိုစောင့်မျှော်ကြလော့။ သင်၏အသင်းတော်နှင့်အနီးအနားတစ်ဝိုက်တွင် ဘုရားသခင်၏အမှုတော်လုပ်ကိုင်ရာ၌ သင်၏အလင်းကိုတောက်ပနေအောင်ထွန်းလင်းရမည်။ တရားစီရင်ရာနေ့၌ မည်သူမျှသင့်တစ်ဖက်၌ထ၍ သင်သည် ကျွန်ုပ်တို့ကိုအဘယ်ကြောင့်ဤသမ္မာတရားအကြောင်းကိုမပြောဆိုသနည်း။ သင်သည် ကျွန်ုပ်တို့၏အသက်ဝိညာဉ်ကို အဘယ်ကြောင့်မစောင့်ရှောက်သနည်းဟု ပြောဆိုနိုင်ခွင့်ရှိမည်မဟုတ်ပေ။

သို့ဖြစ်၍ ကျွန်ုပ်တို့နှင့်ယုံကြည်ခြင်းမတူသောသူတို့တွင် အသုံးပြုရန် သေချာစွာပြင်ဆင်ထားသောစာပေများကိုဝေငှရာ၌ ကြိုးစားကြစို့။ ကျွန်ုပ်တို့၌ရှိသော အခွင့်အရေးအားလုံးတို့ကို လုပ်ကိုင်ရာတွင် မယုံကြည်သောသူတို့ရှေ့၌ သူတို့၏စိတ်ဝင်စားမှုကိုခံယူရမည်။ ကျွန်ုပ်တို့၏စာပေများကို လက်ခံသောသူတို့၏လက်တွင်းသို့ထည့်ကြစို့။ သတင်းစကားကိုကြေညာခြင်းပြုရာ၌ ကျွန်ုပ်တို့ကိုယ်ကိုအပ်နှံကြစို့။ “ထာဝရဘုရားကြွတော်မူရာလမ်းကိုပြင်ကြလော့။ ငါတို့ဘုရားသခင်၏လမ်းခရီးတော်ကို လွင်ပြင်၌ဖြောင့်စေကြလော့။” ကြီးသောရည်မှန်းချက်တစ်ခုကိုပြီးစီးဖို့ရန် မြင့်မြတ်တော်မူသောသခင်နှင့်လူတို့သည်

ပူးပေါင်း၍ လုပ်ကိုင်ရမည်။ ယခုအချိန်သည် ကျွန်ုပ်တို့အဖို့ တာဝန်ဆောင်ရွက်ရမည့်နေ့ဖြစ်သည်။ "ဝိညာဉ်တော်နှင့်သတို့သမီးက လာခဲ့ပါဟုဆိုကြ၏။ ကြားသောသူကလည်း လာခဲ့ပါဟုပြောဆိုပါစေ။ အလိုရှိသောသူသည် အဖိုးကိုမပေးဘဲ အသက်ရေကိုယူပါစေ။" MS 2, 1914.

## ဤနှစ်ဆသောကြိုးစားခြင်း၏အသီး

ဘုရားသခင်၏စီမံခန့်ခွဲခြင်း၌ ကိုယ်တော်၏အမှုတော်ကိုထမ်းဆောင်နေသောသူများသည် လုပ်ကိုင်ဆောင်ရွက်ခြင်းနည်းလမ်းဟောင်းများ၌ အသစ်သောအသက်တာကိုသွင်းပေးလျက်ရှိကြသည်။ ၎င်းပြင် အသင်းသားများတို့သည် ပူးပေါင်း၍ ကြိုးစားခြင်းအားဖြင့် လောကကြီးသို့ရောက်နိုင်ရန် အသစ်သောအကြံအစည်များနှင့်လုပ်နည်းကိုင်နည်းများကို တီထွင်လျက်ရှိသည်။ မယုံကြည်သောသူတို့ထံသို့ ရောက်နိုင်သောနည်းလမ်းတစ်ခုမှာ အသင်းတော်အဖို့ အလှူငွေကောက်ခံခြင်းအလုပ်ပင်ဖြစ်သည်။ လွန်ခဲ့သောနှစ်အနည်းငယ်ခန့်အချိန်က အများအပြားသောနေရာများ၌ ဤအလှူငွေကောက်ခံခြင်းအလုပ်သည် အောင်မြင်ခြင်းနှင့်တွေ့ဆုံခဲ့ရ၍ လူအများကောင်းချီးမင်္ဂလာခံစား



ကြရသည်။ အသင်းတော်၏ဘဏ်တိုက်သို့လည်း ကြေးငွေစီးဆင်းဝင်လာခဲ့သည်။ သူတို့၏ကိုယ်ချင်းစာနာမှုသည် နိုးကြားလာခဲ့၍ စိတ်နှလုံးနှင့်အသက်တာများကို ဤမျှပြုပြင်ပြောင်းလဲပေးသောတန်ခိုးကို ပိုမိုသိရှိရန်ရှာကြံကြသည်။ လူမျိုးအတန်းအစားတိုင်းသို့ရောက်ရှိခဲ့၍ ဘုရားသခင်၏နာမတော်သည် တန်ခိုးအသရေထွန်းတောက်ခဲ့သည်။

ကုန်လွန်ခဲ့သောနှစ်များ၌ ကျွန်ုပ်သည် ကျွန်ုပ်တို့၏မိတ်ဆွေများနှင့် အိမ်နီးချင်းများ၏ရှေ့၌ ကျွန်ုပ်တို့အသင်းတော်၏အလုပ်အကိုင်နှင့်တိုးတက်ခြင်းများကိုတင်ပြရန် အကြံအစည်ကိုသဘောတူကြောင်း ပြောဆိုခဲ့၍ နေဟမိ၏ပုံသက်သေကိုညွှန်ပြခဲ့ပါသည်။ သို့ဖြစ်၍ ဆုတောင်းခြင်း၊ ယုံကြည်ခြင်းနှင့်ခိုင်မာသောဝေဖန်တတ်ခြင်းရှိသည့် ဤပုဂ္ဂိုလ်ကြီး၏ဗဟုသုတကိုပြန်၍လေ့လာကြရန် ယခုအချိန်၌ ညီအစ်ကိုမောင်နှမတို့အားတိုက်တွန်းပြောဆိုရန် ကျွန်ုပ်၌ဆန္ဒရှိပါသည်။ သူသည် သူ၏မိတ်ဆွေအာတေဇရစ်မင်းအား ဘုရားသခင်၏အမှုတော်၌တိုးတက်ခြင်းရှိဖို့ရန် မစခြင်းလိုကြောင်း သတ္တိရှိစွာတောင်းခံခဲ့လေသည်။ ကျွန်ုပ်တို့၏အမှုတော်ဆောင်ရွက်ခြင်း၌ လိုအပ်နေသောအရာများကို တင်ပြရာ၌ ယခင်အချိန်က နေဟမိသည် ဘုရားသခင်ထံသို့ချဉ်းကပ်၍ ကိုယ်တော်နှင့်နီးကပ်စွာရှိနေ

သကဲ့သို့ ယုံကြည်သောသူများသည်လည်း ဤနည်းတူလုပ်ကိုင်ဆောင်ရွက်မှသာလျှင် အခြားသူများအပေါ်သို့ အလင်းရောင်ပေးနိုင်လိမ့်မည်။ ကျွန်ုပ်တို့၏အသက်ဝိညာဉ်သည် သမ္မာတရားကိုသိကျွမ်းခြင်း၌ မြဲမြံစွာအမြစ်စွဲလျက်ရှိရမည်။ ကျွန်ုပ်တို့သည် သမ္မာကျမ်းစာကို ကြိုးစားအားထုတ်ရှာဖွေရမည်။ ကျွန်ုပ်တို့သည် မယုံကြည်သောသူများတို့နှင့်သိကျွမ်းလာသောအခါ သူတို့ရှေ့၌ ခရစ်တော်ကို ဘိသိက်ခံရသောသခင်၊ အသက်ကိုစွန့်တော်မူသောသခင်၊ ထမြောက်တော်မူသောကယ်တင်ရှင်အဖြစ် သက်သေခံ၍ ကိုယ်တော်၏နာမတော်ဖြင့် ကျွန်ုပ်တို့သည် အပြစ်များမှလွတ်ငြိမ်းချမ်းသာခွင့်ရရှိကြသည်။ MS 2, 1914.

–ဝ–

# (၃၉) ဆောင်ရွက်ခြင်းအားလုံး၌မှန်ကန်သော အကြောင်းရင်း

လောကစည်းစိမ်နှင့်ဥစ္စာစီးပွားတိုးတက်ခြင်းသည် အကျင့်ကောင်းမှု၏ဆုလာဘ်ပင်ဖြစ်သည်ဟုယူဆ၍ ခရစ်တော်လက်ထက်အချိန်အခါ၌ရှိကြသောဖါရိရှဲများသည် ကောင်းကင်ဘုံမှကျေးဇူးပြုခြင်းကိုခံစားဖို့ရန် အစဉ်မပြတ်ကြိုးစားအားထုတ်နေကြသည်။ လူတို့၏ဂရုစိုက်ခြင်းကိုဆွဲဆောင်၍ သန့်ရှင်းခြင်းရှိသည်ဟူသောကျက်သရေကိုရရှိရန် ထိုအချိန်၌ပင် သူတို့သည် သူတို့၏ပေးကမ်းစွန့်ကြဲခြင်းအလုပ်ကို ခင်းကျင်းပြသကြသည်။

သခင်ယေရှုသည် သူတို့၏ဟိတ်ဟန်ပြခြင်းကိုဆုံးမ၍ ဘုရားသခင် ဤကဲ့သို့ပြုလုပ်ခြင်းများကို အသိအမှတ်မပြု၊ သူတို့သည် သူတို့တက်ကြွစွာရှာဖွေနေသောလူတို့၏မြှောက်ပင့်ခြင်းနှင့်ချီးမွမ်းခြင်းဆုကိုသာရရှိလိမ့်မည်ဟု မိန့်တော်မူသည်။

“သင်သည် အလှူကိုပေးသောအခါ ပေးကြောင်းကိုမထင်ရှားစေခြင်းငှာ လက်ယာဘက်ပြုသည့်အမှုကို လက်ဝဲဘက်ကမသိစေနှင့်။ မထင်ရှားသောအရာကိုမြင်တော်မူသောသင်၏အဘသည် အကျိုးကိုထင်ရှားစွာပေးတော်မူလတ္တံ့” ဟုမိန့်တော်မူ၏။

ဤစကားကို သခင်ယေရှုမိန့်တော်မူရာ၌ သနားကြင်နာတတ်သောအလုပ်မျိုးကို လျှို့ဝှက်စွာပြုလုပ်ရမည်ဟု သွန်သင်တော်မူခြင်းမပြုပေ။ တမန်တော်ပေါလုသည် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ရေးသားရာတွင် မာကေဒေါနိခရစ်ယာန်တို့၏ သဘောကြီးသည့် အနစ်နာခံခြင်းများအကြောင်းကို ကွယ်ဝှက်၍မထားပေ။ လူတို့၌ ခရစ်တော်၏ကျေးဇူးတော်သည် မည်ကဲ့သို့ပြုလုပ်ကြောင်းကိုပြောဆိုသည်။ ဤနည်းဖြင့် အခြားသောသူများတို့၌လည်း ထိုသန့်ရှင်းသောဝိညာဉ်တော်ဖြင့် သက်ဝင်စေခဲ့သည်။ သူသည် ကောရိန်သုအသင်းတော်သို့ စာရေး၍ပြောဆိုသည်မှာ "သင်တို့၏စေတနာစိတ်အားကြီးခြင်း အကြောင်းအရာသည် အများသောသူတို့ကို နှိုးဆော်တိုက်တွန်းလေပြီ။"

ခရစ်တော်ကိုယ်တိုင်မိန့်တော်မူသောစကားများသည် ကိုယ်တော်၏အဓိပ္ပါယ်ကိုပေါ်လွင်စေသည်။ ပေးကမ်းစွန့်ကြဲခြင်း၌ လူတို့ထံမှချီးမွမ်းခြင်းနှင့် အရိုအသေပြုခြင်းခံရဖို့ ရည်ရွယ်ခြင်းမရှိရ။ ဧကန်အမှန်ဘုရားသခင်၌မွေ့လျော်ခြင်းသည် ဟန်ပြဖို့ရန် ကြိုးစားခြင်းမဟုတ်ပေ။ ချီးမွမ်းခြင်း၊ မြှောက်ပင့်ပြောဆိုသောစကားများကို နှစ်သက်သောသူများသည် ထိုသို့သော



စကားများကို ချိုမြိန်သောအစာအနေဖြင့် စားကြ၍ ထိုသူတို့သည် နာမည်၌သာ ခရစ်ယာန်များဖြစ်ကြသည်။

သူတို့၏ကောင်းသောအလုပ်များအားဖြင့် ခရစ်တော်၏နောက်လိုက်များသည် မိမိတို့အဖို့ တန်ခိုးအသရေကိုမယူနိုင်ပေ။ ကျေးဇူးတော်နှင့်တန်ခိုးတော်ဆင်းသက်လာခဲ့သောသခင်ကိုသာ ပေးရမည်။ သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ကောင်းသောအလုပ်ဟူသမျှသည် ပြီးဆုံးခြင်းသို့ရောက်သည်။ တန်ခိုးတော်ထွန်းတောက်စေဖို့ရန် ဝိညာဉ်ကိုပေးတော်မူသည်။ လက်ခံရရှိသောသူမဟုတ်။ ပေးကမ်းသောသူဖြစ်သည်။ အသက်ဝိညာဉ်ထဲ၌ ခရစ်တော်၏အလင်းသည် ထွန်းလင်းနေသောအခါ နှုတ်ခမ်းများသည် ဘုရားသခင်ကိုချီးမွမ်းခြင်း၊ ကျေးဇူးတင်ခြင်းဖြင့် ပြည့်နေလိမ့်မည်။ သင်၏ဆုတောင်းခြင်းများ၊ သင်၏တာဝန်ဆောင်ရွက်ခြင်း၊ သင်၏အလေးအမြတ်ပြုခြင်း၊ သင့်ကိုယ်ကိုငြင်းပယ်ခြင်းများသည် သင်၏ကြံစည်ခြင်း (သို့မဟုတ်) စကားပြောဆိုခြင်း၏ရည်ရွယ်ချက်မဟုတ်ပေ။ ခရစ်တော်သည် ချီးမြှောက်ခြင်းခံရမည်။ ကိုယ်တိုင်ဝှက်ထားခြင်းရှိလိမ့်မည်။ ခရစ်တော်သည် အမြင့်မြတ်ဆုံးဖြစ်လိမ့်မည်။

ကျွန်ုပ်တို့သည် ရိုးသားမှန်ကန်ခြင်းဖြင့် ပေးကမ်းရမည်။ ကျွန်ုပ်တို့၏ကောင်းသောပြုမူခြင်းများကို ထင်ရှားပေါ်လွင်အောင်

မပြရ။ အခက်အခဲတွေ့နေသောသူများကို သနားကြင်နာမှုရှိခြင်း၊ ချစ်ခြင်းကိုပြရမည်။ အကြံအစည်၌ရိုးသားခြင်း၊ စိတ်နှလုံး၌ ဧကန်အမှန်သနားကြင်နာတတ်ခြင်းကိုသာလျှင် ကောင်းကင်ဘုံသည်အဖိုးထိုက်တန်သည်ဟု ယူဆသည်။ ချစ်ခြင်းမေတ္တာ၌ ရိုးသားမှန်ကန်ခြင်းရှိသောအသက်ဝိညာဉ်၊ ဘုရားသခင်ကို ရိုသေခြင်း၌ စိတ်ရောကိုယ်ပါရှိခြင်းကို ဘုရားသခင်သည် ဩဖိရ ရွှေစင်ထက် တန်ဖိုးရှိသည်ဟုယူဆသည်။ ကျွန်ုပ်တို့သည် ဆုလာဘ်ရရှိဖို့ရန် မစဉ်းစားရ၊ အကျိုးဆောင်ခြင်းကိုသာစဉ်းစားရမည်။ MB 120, 121.

## ပေးကမ်းခြင်း၏ရည်ရွယ်ရင်းကိုမှတ်တမ်းတင်ထားခြင်း

ဘုရားသခင်ကိုပေးကမ်းလိုက်သောအလှူငွေတိုင်းကို ဘဏ္ဍာတိုက်ထဲသို့ထည့်သွင်း၍ နောက်ဆုံးထိုသို့ဆက်လုပ်သောငွေသည် မည်ကဲ့သို့အကျိုးသက်ရောက်ခြင်းရှိခဲ့ကြောင်း အစရှိသည်တို့ကိုမှတ်တမ်းတင်သောကောင်းကင်တမန်သည် သစ္စာရှိစွာမှတ်တမ်းတင်ထားလျက်ရှိကြောင်းကို ကျွန်ုပ်တို့အား ပြပါသည်။ ကိုယ်တော်၏အမှုတော်အတွက် သီးသန့်ထားသော ပိုက်ဆံပြားတိုင်းကို ဘုရားသခင်သည် သိမြင်ခြင်းရှိတော်မူသည်။



ငင်းပြင် ပေးကမ်းသောသူ၌ စေတနာပါရှိခြင်း (သို့မဟုတ်) တွန့်တိုခြင်းကိုလည်း မှတ်သားတော်မူသည်။ ပေးကမ်းခြင်း၏ ရည်ရွယ်ရင်းကိုလည်း မှတ်တမ်းတင်ထားလေသည်။ မိမိကိုယ်ကို အနစ်နာခံ၍ ဘုရားသခင်အား ပေးကမ်းထားသောသူများသည် ဘုရားသခင်အလိုတော်ရှိသည်အတိုင်း ကိုယ်တော်ပိုင်သော အရာများကို ကိုယ်တော်အား ပြန်၍ပေးလှူလျှင် သူတို့၏အလုပ် အတိုင်း အကျိုးဆပ်ပေးခြင်းခံရမည်။ 2T 518, 519.

## ကိုယ်ချင်းစာနာခြင်းထက်သာ၍မြင့်သောရည်ရွယ်ချက်

ပျက်စီးနေသောကမ္ဘာကြီး၌ ကျင့်ဝတ္တရားမှောင်မိုက်သို့ ကျရောက်နေခြင်းသည် ခရစ်ယာန်တို့အား ကိုယ်စီကိုယ်င ကြိုးစား၍ သူတို့၏ကြေးငွေများနှင့်ဩဇာသက်ရောက်ခြင်းကို အသုံးပြုဖို့ရန် ပန်ကြားနေသည်။ သူတို့သည် ကိုယ်တော်၏ ပုံသဏ္ဌာန်နှင့်တူကြ၍ ကိုယ်တော်၌မကုန်ခန်းနိုင်သောကြွယ်ဝ ချမ်းသာခြင်းရှိခဲ့သော်လည်း ကျွန်ုပ်တို့အတွက် ဆင်းရဲခြင်းသို့ ရောက်ခဲ့တော်မူသည်။ ခရစ်တော်နှင့်အတူ လုပ်ဆောင်သော သူများဖြစ်ဖို့ တိုက်တွန်းနှိုးဆော်၍မရပါက ဘုရားသခင်၏ ဝိညာဉ်တော်သည် သူတို့၌တည်ရှိခြင်းမပြုနိုင်ပေ။ ပေးကမ်းခြင်း

ဝတ္တရား၌ လူအချင်းချင်းသနားကြင်နာ၍ ပေးကမ်းခြင်းထက် မြင့်မြတ်သောစိတ်ထားဖြင့် ပေးကမ်းရန် တမန်တော်သည် တိုက်တွန်းသည်။ အကြောင်းမှာ လူ၏စိတ်ခံစားခြင်း၌ လှူပ်ရှားခြင်းရှိသောကြောင့် ဖြစ်သည်။ ကိုယ်ကျိုးကိုမကြည့်သော လုပ်ဆောင်ပေးခြင်းကျင့်ဝတ်ကို သူသည် တိုက်တွန်းပြောဆို၍ ကျွန်ုပ်တို့သည် ဘုရားသခင်၏တန်ခိုးတော်ကိုသာ မျက်မှောက်ပြုရကြမည်။ 3T 391.

## လှုပ်ရှားခြင်းကျင့်ဝတ်ကိုချစ်မြတ်နိုးခြင်း

မေတ္တာသည် လှုပ်ရှားခြင်း၏ကျင့်ဝတ္တရားပင်ဖြစ်သည်။ မေတ္တာသည် ကောင်းကင်ဘုံနှင့်မြေကြီးပေါ်၌ရှိသော ဘုရားသခင်၏အုပ်စိုးတော်မူခြင်းအရင်းခံကျင့်ဝတ္တရားဖြစ်သည်။ ၎င်းသည် ခရစ်ယာန်၏အကျင့်အုတ်မြစ်လည်းဖြစ်ရမည်။ ဤအရာကသာလျှင် သူ့ကိုတည်ကြည်မြဲမြဲအောင်ပြုလုပ်ပေးနိုင်သည်။ ဤအရာကသာလျှင် သူ့ကိုစုံစမ်းနှောင့်ယှက်ခြင်းခံနိုင်ရန် စွမ်းဆောင်နိုင်စေသည်။

မေတ္တာသည် အနစ်နာခံခြင်း၌ဖော်ပြလိမ့်မည်။ ကယ်တင်ခြင်းအကြံအစည်တော်သည် အနစ်နာခံခြင်း၌တည်ဆောက်



ထားသည်။ အနစ်နာခံခြင်းသည် အလွန်ကျယ်ဝန်းခြင်း၊ နက်ရှိုင်းခြင်းနှင့်မြင့်မားခြင်းရှိရာ တိုင်းတာ၍မရနိုင်ပေ။ ခရစ်တော်သည် ကျွန်ုပ်တို့အဖို့ အားလုံးပေးတော်မူ၍ ခရစ်တော်ကိုရသော သူတို့သည် သူတို့၏ကယ်တင်ရှင်အဖို့ အနစ်နာခံရန် အဆင်သင့်ရှိကြလိမ့်မည်။ ကိုယ်တော်၏တန်ခိုးတော်သည် အခြားသော အရာတို့ထက် အလျှင်အဦးကျလိမ့်မည်။

ကျွန်ုပ်တို့သည် သခင်ယေရှုကိုချစ်ပါက ကိုယ်တော်ဖို့ အသက်ရှင်ရန် နှစ်သက်ကြမည်။ ကိုယ်တော်အား ကျေးဇူးတင် အလှူငွေများကိုပေးကမ်းကြမည်။ ကိုယ်တော်အဖို့လုပ်ဆောင်မည့် လုပ်ကိုင်သောအလုပ်သည် ပေါ့လိမ့်မည်။ ကိုယ်တော်အတွက် ကျွန်ုပ်တို့သည် နာကျင်ခံရခြင်း၊ ပင်ပန်းစွာလုပ်ကိုင်ရခြင်းနှင့် အနစ်နာခံရခြင်းများကို တပ်မက်မောခြင်းရှိကြလိမ့်မည်။ လူတို့ ကယ်တင်ခြင်းရရှိဖို့ရန် ကိုယ်တော်၏တောင့်တခြင်း၌ ကျွန်ုပ်တို့သည် စာနာတတ်ခြင်းရှိရကြမည်။ ကိုယ်တော်သည် အသက်ဝိညာဉ်များကို ကြင်နာသောသဘောရှိသကဲ့သို့ ကျွန်ုပ်တို့၌လည်း ထိုသဘောမျိုးရှိရကြမည်။

ဤအရာသည် ခရစ်တော်၏ဘာသာတရားဖြစ်သည်။ ဤအခြေအနေထက်နိမ့်ကျခြင်းသည် လိမ်လည်လှည့်ဖြားခြင်းသာဖြစ်သည်။ အပေါ်ယံက တပည့်တော်ဖြစ်သည်ဟု နာမည်

ခံယူခြင်းသည် မည်သည့်အသက်ဝိညာဉ်ကိုမျှ ကယ်တင်ခြင်း မပေးနိုင်။ ကျွန်ုပ်တို့သည် လုံးလုံးကိုယ်တော်ပိုင်မဖြစ်လျှင် ကိုယ်တော်နှင့်ကျွန်ုပ်တို့သည် မည်သို့မျှမဆိုင်ပေ။ ခရစ်ယာန် အသက်တာ၌ လုံးလုံးမပါသောကြောင့် လူသည် အကြံအစည်၌ အားနည်း၍ အလိုဆန္ဒ၌ပြောင်းလဲခြင်းရှိသည်။ စိတ်နှလုံးခိုင်မာ သောသူဖြစ်၍ စုံစမ်းခြင်းသည် သူ့အပေါ်သို့ကျရောက်လာသော အခါ သူ၌ခံနိုင်ရည်မရှိတော့ပေ။ COL 49, 50.

–၀–

# (၄၀) စေတနာအလျောက်ပေးကမ်းသော အလှူငွေများ

ကျွန်ုပ်တို့လုပ်ကိုင်လေသမျှတို့၌ စေတနာရှိသောလုပ်ကိုင်ခြင်းဖြစ်ရမည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏အလှူငွေများကို ပျော်ရွှင်ခြင်း၊ ကျေးဇူးတင်ခြင်းသဘောဖြင့် ယူဆောင်လာ၍ ကိုယ်တော်ထံပေးကမ်းသောအခါ ပြောဆိုရမည်မှာ ကိုယ်တော်ပိုင်တော်မူသောအရာကို ကိုယ်တော်အားရက်ရောစွာပေးကမ်းပါသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်အား တန်ဖိုးအရှိဆုံး ပေးကမ်းနိုင်သောအရာကို လောကအဖို့ ဘုရားသခင်ပေးသော ဆုလာဘ်နှင့်နှိုင်းယှဉ်ပါက ကျွန်ုပ်တို့ပေးသောအရာသည် မရေရာသောအခြေအနေ၌ရှိသည်။ ခရစ်တော်သည် နေ့စဉ် ဆုလာဘ်ဖြစ်တော်မူသည်။ ဘုရားသခင်သည် ခရစ်တော်ကို ဤလောကသို့စေလွှတ်တော်မူ၍ ကိုယ်တော်သည် ကျေးဇူးပြုတတ်သောသဘောဖြင့် ထိုဆုလာဘ်ကိုယူဆောင်ပြီးလျှင် ကိုယ်တော်၏အမှုတော်သည် ဤလောက၌အောင်မြင်ဖို့ရန် လူသားတို့၏လက်သို့အပ်နှံလိုက်သည်။ အားလုံးသောအရာ

များကို ဘုရားသခင်သည် လုံးဝပိုင်ဆိုင်ကြောင်းကို ဤနည်းဖြင့် ကျွန်ုပ်တို့သည် အသိအမှတ်ပြု၍ဝန်ခံကြသည်။ MS 124, 1898.

မေတ္တာဖြင့်ပြည့်ဝနေသော စိတ်နှလုံးမှပေးသောအလှူငွေကို ဘုရားသခင်သည် ချီးမြှင့်ရန် ဝမ်းသာတော်မူ၍ ကိုယ်တော်အဖို့လုပ်ဆောင်ပေးခြင်း၌ အမြင့်ဆုံးသောစွမ်းဆောင်နိုင်ခြင်းကိုပြသည်။ ကျွန်ုပ်တို့၏စိတ်နှလုံးကို သခင်ယေရှုအားအပ်နှံခဲ့ပါက အလှူငွေလက်ဆောင်များကို ကိုယ်တော်ထံသို့ယူဆောင်လာရကြမည်။ ကျွန်ုပ်တို့၏ရွှေနှင့်ငွေ၊ မြေကြီးနှင့်ဆိုင်သောအဖိုးထိုက်တန်ဆုံးကိုယ်ပိုင်ပစ္စည်းများ၊ ကျွန်ုပ်တို့၏စိတ်နှင့်ဝိညာဉ်ရေးဆိုင်ရာအစွမ်းသတ္တိများကို ကျွန်ုပ်တို့ကိုချစ်တော်မူ၍ မိမိအသက်ကိုစွန့်တော်မူသောကိုယ်တော်အား လုံးလုံးပေးအပ်ကြလိမ့်မည်။ DA 65.

## ကျေးဇူးတင်ခြင်းနှင့်အပြစ်ဖြေလွှတ်ခြင်းအလှူငွေများ

ဘုရားသခင်အထံတော်သို့ လွန်ပြီးကာလနှင့်ယခုကာလ၌ရရှိသောသနားကြင်နာမှုသက်ရောက်ခြင်းများအတွက် ကျေးဇူးတင်ခြင်းနှင့်ပြည့်ဝနေသောစိတ်နှလုံးဖြင့်လာကြလော့။ ဘုရားသခင်အထံတော်မှ ကြွယ်ဝစွာခံစားရသောအရာများအတွက်



အလေးအမြတ်ပြုခြင်းကို ကိုယ်တော်ထံသို့ သင်၏ကျေးဇူးတင်အလှူငွေများ၊ စေတနာအတိုင်းပေးသောအလှူငွေများနှင့် သင်၏အပြစ်ဖြေလွှတ်ခြင်းအလှူငွေများယူဆောင်လာခြင်းဖြင့် ဖော်ပြလော့။ R & H, Jan. 4, 1881.

## စေတနာမဲ့သောအလှူသည်ဘုရားသခင်ကို ပြောင်လှောင်ခြင်းဖြစ်သည်

ဘုရားသခင်သည် လူအား မိမိ၏အလှူပစ္စည်းများကို တစ်ဆင့်ပေးကမ်းစွန့်ကြဲရသောသူအနေဖြင့်လည်းကောင်း၊ မြေကြီးပေါ်၌ မိမိ၏နိုင်ငံတော်တိုးတက်ဖို့ရန် အတူလုပ်ဆောင်သောသူများအနေဖြင့်လည်းကောင်း ခန့်ထားတော်မူ၏။ သို့သော်လည်း သူတို့သည် သစ္စာမရှိသောကျွန်လိုက်သောလမ်းသို့လိုက်လျှောက်ကြပေမည်။ ဤကဲ့သို့ပြုလုပ်ခြင်းကြောင့် လူတို့အားပေးကမ်းထားသောအဖိုးထိုက်တန်သည့်အခွင့်အရေးများဆုံးရှုံးသွားခဲ့လေသည်။ ဘုရားသခင်သည် နှစ်ပေါင်းထောင်ချီ၍ လူတို့မှတစ်ဆင့် လုပ်ကိုင်တော်မူခဲ့သော်လည်း ကိုယ်တော်အလိုတော်ရှိခဲ့လျှင် ကိုယ်ကျိုးရှာခြင်း၊ ငွေကိုချစ်ခြင်းနှင့် တပ်မက်မောခြင်းရှိသောလူကို ဖယ်ရှားပစ်နိုင်တော်မူသည်။ ကိုယ်တော်

သည် ကျွန်ုပ်တို့၏ကြေးငွေများအပေါ်၌ အားကိုးခြင်းမရှိ။ လူ၏ချုပ်ချယ်ခြင်းကိုလည်း ခံတော်မူမည်မဟုတ်။ ကျွန်ုပ်တို့သည် ဝင်ရောက်၍လုပ်ကိုင်ခြင်းမရှိသော်လည်း ကိုယ်တော်တစ်ပါးတည်း မိမိအလုပ်ကိုလုပ်ကိုင်တော်မူနိုင်သည်။ သို့သော်လည်း ကျွန်ုပ်တို့တွင် မည်သူသည် ဤကဲ့သို့ကိုယ်တော်တစ်ပါးတည်း ဆောင်ရွက်လုပ်ကိုင်လျက်ရှိသည်ကို ရှုစိမ့်အံ့နည်း။

စေတနာကင်းသောအလှူငွေကို လှူမည့်အစား မလှူဘဲနေခြင်းက သာ၍ကောင်း၏။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ကြေးငွေများကို ရက်ရောစွာမပေးကမ်းလိုလျှင် ကျွန်ုပ်တို့သည် ဘုရားသခင်ကိုရိုသေလေးစားရာမရောက်။ ကျွန်ုပ်တို့သည် ကောင်းချီးမင်္ဂလာတိုင်းရရှိဖို့ရန် မှီခိုနေရသောသခင်နှင့်ဆက်ဆံနေသည်ကို သတိပြုရမည်။ ကျွန်ုပ်တို့၏စိတ်နှလုံးအကြံအစည်အားလုံးနှင့် စိတ်ကူးခြင်းအားလုံးတို့ကို သိမြင်တော်မူသောသခင်ဖြစ်သည်။ R & H, May 15, 1900.

## ရှင်လန်းသည့်စိတ်ရှိသောအလှူရှင်ကိုလက်ခံခြင်း

"အနည်းငယ်သောမျိုးစေ့ကိုကြဲသောသူသည် စပါးအနည်းငယ်သာရိတ်ရမည်။ များစွာကြဲသောသူသည် များစွာ



ရိတ်ရမည်ဟု မှတ်ကြလော့။ လူတိုင်း ကိုယ်အလိုအလျောက်လှူရ၏။ နှမြောသောစိတ်နှင့်မလှူရ။ မလှူဘဲမနေရဟုစိတ်ထင်နှင့်မလှူရ။ အကြောင်းမူကား၊ စေတနာနှင့်လှူသောသူကိုသာ ဘုရားသခင်နှစ်သက်တော်မူသည်။" ဤသွန်သင်အကြံပေးချက်အတိုင်း ကျွန်ုပ်တို့ပြုကျင့်လျှင် လောကနှင့်ဆိုင်သောကျွန်ုပ်တို့၏ ပစ္စည်းဥစ္စာအခြေအနေစစ်ဆေးရန် ဘုရားသခင်အား ဖိတ်ခေါ်လျက်ရှိမည်။ ဘုရားသခင်အပ်နှံထားသောဆုလာဘ်မှ ကျွန်ုပ်တို့သည် အလှူငွေများကိုပေးကမ်းနေသည်ဟု ထင်မြင်ခြင်းရှိကြမည်။

ဤလောကကြီး၏လမ်းမြောင်၊ လမ်းသွယ်၊ လမ်းမကြီးတို့၌ ဘုရားသခင်၏တရားအောင်လံတော်ကို လွင့်နိုင်ဖို့ရန်လည်းကောင်း၊ ကိုယ်တော်၏အမှုတော်သည် ရှေ့သို့တိုးတက်ဖို့ရန် ဆောင်ရွက်ခြင်း၌လည်းကောင်း အောင်မြင်စွာပြီးဆုံးစေဖို့ရန် ဘုရားသခင်သည် ကြေးငွေများကို ကျွန်ုပ်တို့၌အပ်နှံထားသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့၏အလှူငွေအားလုံးကို စေတနာစိတ်ဖြင့်ပေးကမ်းကြရမည်။ သမ္မာတရားကို ယုံကြည်သောသူအားလုံးတို့သည် ကိုယ်တော်ပိုင်ဆိုင်သောငွေကို ဆယ်ဖို့တစ်ဖို့၊ လက်ဆောင်ပဏ္ဏာများနှင့် အလှူငွေများအားဖြင့် ပေးကမ်းခဲ့လျှင် ဘုရားသခင်၏အိမ်တော်၌ စားစရာရှိလိမ့်မည်။ ကောင်းမှုပြုလို

သောဆန္ဒသည် လက်ဆောင်ပဏ္ဏာပေးဖို့ရန် မရေရာသော စိတ်လှုပ်ရှားခြင်းအပေါ်၌လည်းကောင်း၊ လူတို့၏ပြောင်းလဲ တတ်သောခံစားမှုအပေါ်၌လည်းကောင်း မှီခိုနေမည်မဟုတ်ပေ။ ဘုရားသခင်တောင်းဆိုခြင်းကို ကြိုဆိုလက်ခံပါသည်။ ကိုယ်တော် ၏အမှုတော်အတွက် ကျွန်ုပ်တို့လက်ဝယ်၌အပ်နှံထားသော ကြေးငွေထဲမှ မှန်ကန်သောအလှူပေးအပ်ရမည်။ ဘုရားသခင်၏ အလှူငွေများကို တစ်ပြားတစ်ချပ်မျှမလျော့စေဘဲ ရရှိသော ဆုလာဘ်များမှ တိုးပွားခြင်းရရှိနိုင်ဖို့ရန် သစ္စာရှိစွာဖြင့် ဆောင်ရွက်ကြမည့်ဘဏ္ဍာစိုးများအရေအတွက် မည်မျှရှိကြ သနည်း။ ဘဏ္ဍာစိုးသည် မည်သူ့အဖို့လုပ်ဆောင်ပေးနေသနည်း။ မည်သူ့အဖို့ အလှူငွေကို စုဆောင်းပေးနေသနည်း။ သူခံစားနေ ရသည့်ကောင်းမွန်သောအရာဟူသမျှပေးသနားတော်မူသော သခင်အပေါ်၌ သူသည် မှီခိုနေရသည်။ သို့ဖြစ်၍ ခရစ်တော်၏ ကျေးဇူးတော်ကိုခံစားရသောသူတစ်ဦးတစ်ယောက်မျှ ကျွန်ုပ်တို့၏ ပြုမူကျင့်ကြံခြင်းကြောင့် ကောင်းကင်တမန်များရှက်ကြောက်ခြင်း မဖြစ်စေပါနှင့်။ သခင်ယေရှုသည် ကျွန်ုပ်တို့အား ညီအစ်ကိုဟု ခေါ်ရန် ရှက်ကြောက်ခြင်းမဖြစ်စေပါနှင့်။

ကျေးဇူးမတင်တတ်သောသဘောကိုမပြုစုပါနှင့်။ ဘုရား သခင်၏အမှုတော်အတွက် ပေးကမ်းဖို့ရန်လည်း မနှောင့်နှေးပါ



နှင့်။ ကျွန်ုပ်တို့ကိုယ်ကို အသက်ရှင်နေသည့်အနစ်နာခံသောသူ အနေဖြင့် သခင်ယေရှုအား ရှိသမျှကိုအပ်နှံကြစို့။ ကိုယ်တော် ပိုင်တော်မူ၏။ ကျွန်ုပ်တို့သည် ကိုယ်တော်ဝယ်ယူပြီးသောအပိုင် ပစ္စည်းဖြစ်သည်။ ကိုယ်တော်၏ကျေးဇူးတော်ကိုခံစားရသော သူတို့နှင့် ကိုယ်တော်သက်တော်စွန့်တော်မူခြင်းကို အာရုံပြုသော သူတို့ပေးရမည့်အလှူကို မေးမြန်းကြမည်မဟုတ်။ မည်မျှပင် အလှူငွေပေးကမ်းသော်လည်း ထိရောက်မည်မဟုတ်။ ဘုရားသခင် ၏တစ်ပါးတည်းသောသားတော်ကို ဆုလာဘ်အဖြစ်ပေးခြင်းနှင့် နှိုင်းယှဉ်၍မရသောစွန့်လှူခြင်းဖြစ်သည်။ မိမိကိုယ်ကိုငြင်းပယ် ခြင်းဖြင့် အဆင်းရဲဆုံးသောသူသည် ဘုရားသခင်ကို တစ်စုံ တစ်ခုပြန်၍ပေးကမ်းဖို့ရန် နည်းလမ်းတွေ့ရှိလိမ့်မည်။ R & H, July 14, 1896.

–o–

## (၄၁) ပန်ကြားခြင်းခံခေတ်ကြိုက်နည်းလမ်းများ

ယခုကျွန်ုပ်တို့ခေတ်၌ရှိသောအသင်းတော်များသည် အသင်းတော်ဘဏ္ဍာတိုက်၌အလှူငွေရရှိဖို့ရန် စားသောက်ပွဲလုပ်ခြင်းနှင့် အပျော်အပါးကြူးဖို့ရန် အားပေးသောညဥ့်အချိန်စားသောက်ပွဲများ၊ ယာယီဈေးတည်ခင်းရောင်းချခြင်းများ၊ ကခုန်ပွဲများပြုလုပ်ကြသည်။ ဤနည်းလမ်းများသည် တစ်ကိုယ်ကောင်းစိတ်ရှိလူတို့ပြုရိုးပြုစဥ်ထုံးတမ်းများသာဖြစ်၏။ ရန်ပုံငွေရရှိရန် ထိုနည်းလမ်းများကိုအသုံးပြုကြသည်။

ဤကဲ့သို့သောထုံးတမ်းများသည် လူငယ်တို့၏စိတ်၌ စွဲမြဲနေတတ်သည်။ ထီဖွင့်ခြင်း၊ ယာယီဈေးတည်ခင်းရောင်းချခြင်းနှင့် ကစားပွဲများကို အသင်းတော်သည် ခွင့်ပြုနိုင်သည်ဟု ထင်မှတ်ကြ၍ ဤနည်းလမ်းဖြင့် ရန်ပုံငွေရှာဖွေခြင်းသည် နည်းလမ်းကောင်းဖြစ်သည်ဟု သူတို့စိတ်၌ထင်မြင်ကြသည်။ လူငယ်တစ်ယောက်အဖို့ စုံစမ်းနှောင့်ယှက်ခြင်းများနှင့်ဝန်းရံနေသည်။ သူသည် ကစားပွဲကြည့်ရန် ဘောလုံးကွင်းထဲသို့လည်းကောင်း၊ လောင်းကစားခန်းထဲသို့လည်းကောင်း ဝင်ရောက်သွားသည်။ အနိုင်ရသောသူသည် လောင်းကြေးသိမ်းယူသွားသည်ကို သူတွေ့မြင်ရသည်။ ဤအခြင်းအရာကိုတွေ့မြင်ရသောအခါ သူ၌





စိတ်ဝင်စားခြင်းဖြစ်လာသည်။ ပင်ပန်းစွာလုပ်ကိုင်၍ ချွေတာစုဆောင်းရခြင်းထက် ဤအလုပ်ဖြင့် အမြတ်ကြေးငွေရရှိဖို့ရန် နည်းလမ်းကသာ၍လွယ်ကူကြောင်း တွေ့မြင်ရသည်။ သူ၏စိတ်ကိုဆွဲဆောင်ခဲ့သည်။ အသင်းတော်၌ ရန်ပုံငွေရရှိဖို့ရန် ဤကဲ့သို့သောနည်းများကို အသုံးပြုခဲ့သည်ဖြစ်၍ ဤအလုပ်၌လည်း ဘေးအန္တရာယ်မရှိတန်ရာဟု ယူဆလေသည်။ သို့ဖြစ်၍ သူသည် ဤနည်းမျိုးဖြင့် မိမိကိုယ်ကို အဘယ်ကြောင့်အကျိုးအမြတ်မယူနိုင်သနည်းဟု ထင်မှတ်လာသည်။

သူ၌ကြေးငွေအနည်းငယ်ရှိသဖြင့် ဤနည်းဖြင့် ရင်းနှီးလိုက်ပါက ငွေအတော်အသင့်ရရှိနိုင်လိမ့်မည်ဟုထင်မြင်သည်။ သူသည် နိုင်သည်ဖြစ်စေ၊ ရှုံးသည်ဖြစ်စေ ပျက်စီးခြင်းလမ်းထဲသို့ ဆင်းသက်လျက်နေသည်။ သို့သော်လည်း အသင်းတော်၏ ပုံသက်သေကြောင့် သူ့ကို ဤမှားယွင်းသောလမ်းထဲသို့ ရောက်စေခဲ့သည်။

### နည်းလမ်းမမှန်သောအလှူငွေများ

ကျွန်ုပ်တို့သည် အသင်းတော်ကိုဖျက်ဆီးနေသော ဤအပျော်အပါးလိုက်စားခြင်းများနှင့် ပွဲလမ်းသဘင်များမှ

လွတ်ကင်းစွာနေကြစို့။ ဤထုံးတမ်းနည်းလမ်းများသည် လူငယ်များအပေါ်၌လည်းကောင်း၊ လူကြီးများအပေါ်၌လည်းကောင်း ကျင့်ဝတ္တရားဖောက်ပြားစေတတ်သောတန်ခိုးအာနိသင်ဖြစ်လေသည်။ ဝင်ငွေများကို အသင်းတော်အဖို့အသုံးပြုရမည်ဖြစ်သော်လည်း ၎င်းမသန့်ရှင်းသောနည်းလမ်းများကို အားမပေးရ။ ထိုကဲ့သို့သောအလှူများသည် မသန့်ရှင်း၍ ဆိုးကျိုးဖြစ်သည်။ ၎င်းတို့သည် အသက်ဝိညာဉ်များ၏တန်ဖိုးဖြစ်သည်။ အသင်းတော်အဖို့ ရန်ပုံငွေရဖို့ရန် ပွဲလမ်းသဘင်ကျင်းပခြင်းများ၊ ကပွဲများ၊ ထီဖွင့်ခြင်း၊ ယာယီဈေးတည်ခင်းရောင်းချခြင်းများနှင့် စားသောက်ပွဲများကျင်းပခြင်းများသည် မှန်သောနည်းလမ်းများဖြစ်သည်ဟု အချို့ကထောက်ခံပေလိမ့်မည်။ သို့သော်လည်း ကျွန်ုပ်တို့သည် ဤကဲ့သို့သောနည်းလမ်းများ၌ ပါဝင်ခြင်းလုံးဝမရှိစေရ။ အကယ်၍ ကျွန်ုပ်တို့ပါဝင်ပြုလုပ်ခဲ့ပါက ဘုရားသခင်သည် နှစ်သက်တော်မူလိမ့်မည်မဟုတ်။ ဘုရားသခင်၏သားသမီးများ၌ ဘုရားသခင်အပ်နှံထားသောကြေးငွေများကို ဤတပ်မက်ခြင်းအပျော်အပါးနည်းလမ်းများဖြင့် သွေးဆောင်၍မယူနိုင်ပေ။ ခရစ်တော်ကိုချစ်၍ ကိုယ်စိတ်စေတနာအရမပေးပါက ဘုရားသခင်သည် ထိုသို့သောငွေကို လက်ခံတော်မူမည်မဟုတ်။



## **အကျင့်များပျက်စီးခြင်း**

သေမင်းသည် ကောင်းကင်ဝတ်စုံတန်ဆာကိုဝတ်ဆင်၍ လူငယ်တို့၏သွားရာလမ်း၌ရပ်နေသည်။ အပြစ်ကို အသင်းတော်၏သန့်ရှင်းခြင်းရွှေရည်ဖြင့်သုတ်လိမ်းထားသည်။ ကျွန်ုပ်တို့ခေတ်၌ အသင်းတော်များတွင် ပုံသဏ္ဍာန်အမျိုးမျိုးဖြင့်ရှိနေသောပျော်ပါးခြင်းများသည် လူငယ်အပေါင်းကိုထောင်ချီ၍ ပျက်စီးခြင်းသို့ပို့ခဲ့ပြီ။ ဤအရာများသာမရှိခဲ့ပါက သူတို့သည် တည်ကြည်၍ ခရစ်တော်၏နောက်လိုက်များဖြစ်ကြမည်။ ဤခေတ်ကြိုက်အသင်းတော်ပွဲလမ်းသဘင်များနှင့် အခြားကပွဲခုန်ပွဲများ၊ အရေအတွက်အားဖြင့် ထောင်ချီ၍ရှိသောအခြားပွဲများသည် ဖျက်ဆီးခြင်းခံရလိမ့်မည်။ သို့သော်လည်း လူတို့သည် ဘေးအန္တရာယ်ကိုမတွေ့မြင်ကြပေ။ ကျရောက်မည့်ကြောက်မက်ဖွယ်ရာကောင်းသောဘေးကိုလည်း မမြင်ကြပေ။ ဤဖောက်ပြန်သောအရာများကြောင့် များစွာသောလူငယ်များတို့၏အသက်ဝိညာဉ်များတို့သည် ဆုံးရှုံးခြင်းနှင့်တွေ့ဆုံခဲ့ကြသည်။ R & H, Nov. 21, 1878.

## ကိုယ်ကျိုးကိုစဉ်းစား၍ပေးကမ်းခြင်း

ခရစ်ယာန်အသင်းအဖွဲ့များ၌ သူတို့အားသန့်ရှင်းခြင်းလက္ခဏာရှိသည်ဟု ထင်မှတ်စေရန် စာတန်သည် လှည့်စားတတ်သောအပျော်အပါးများနှင့် မသန့်စင်သောပျော်ပါးမြူးထူးခြင်းများအပေါ်၌ ဘာသာရေးအရေခြုံထား၍ပြုသောအခါ အများသောသူတို့၏အသိစိတ်သည် ငြိမ်သက်သွားကြသည်။ အကြောင်းမှာ ၎င်းမှရရှိသောကြေးငွေများသည် အသင်းတော်၏ကုန်ကျစရိတ်များကို ဆပ်ပေးနိုင်သောကြောင့်ဖြစ်သည်။ လူတို့သည် ဘုရားသခင်၏ချစ်ခြင်းမေတ္တာတော်အတွက် စွန့်ကြဲပေးကမ်းရန် ငြင်းပယ်ကြသည်။ သို့သော်လည်း အပျော်အပါးလိုက်စားရန်နှင့် ကိုယ်ကျိုးအတွက် အရသာခံစားဖို့ဆိုပါက သူတို့၏ငွေကို သုံးဖြုန်းကြသည်။

အကြောင်းမှာ ခရစ်တော်၏ကောင်းမှုပြုလိုသောတန်ခိုးသည် သူတို့၏စိတ်ကိုမပြုပြင်နိုင်ခြင်းဖြစ်သလော။ လူသည် ဘုရားသခင်အား သူတို့၏ဥစ္စာပစ္စည်းဖြင့်ချီးမြှင့်ရန် ဘုရားသခင်၏ကျေးဇူးတော်နှင့်ပုံသက်သေသည် သူတို့၏စိတ်နှလုံး၌မရှိ၍ ဤသို့သောမသန့်ရှင်းသောထုံးတမ်းဖြင့် အသင်းတော်ကိုထောက်ပံ့ရန် ငွေရှာရသလော။ ဤအပျော်အပါးစားသောက်ကြူးခြင်းကြောင့် ကာယ၊ ဉာဏနှင့်အကျင့်၊ ကျန်းမာခြင်းတို့၌ရရှိ



ခဲ့သောဒဏ်ရာဒဏ်ချက်သည် မသေးငယ်လှပေ။ နောက်ဆုံးတရားစီရင်ရန်အချိန်ရောက်သောအခါ ဤမိုက်မဲခြင်းအမှုကိုပြုလုပ်ခြင်းကြောင့် ပျောက်ဆုံးခဲ့သောအသက်ဝိညာဉ်များထင်ရှားလိမ့်မည်။

ဧဝံဂေလိတရားတော်ကိုထောက်ပံ့ရန် စေတနာနှင့် ပေးလှူရမည့်အလှူငွေများပေးလှူနိုင်ရန် ခရစ်တော်၏နောက်လိုက်များ၏စိတ်နှလုံးကို သန့်ရှင်းခြင်းနှင့်ထာဝရဆင်ခြင်ရမည့်အရာတို့သည် သူတို့၏စိတ်နှလုံးကို ပြောင်းလဲစေနိုင်သောတန်ခိုးမရှိဘဲ စားသောက်ခြင်းပွဲနှင့်ပျော်ပွဲရွှင်ပွဲကိုသာ စွန့်ကြဲပေးကမ်းလိုသောဆန္ဒကိုဖြစ်စေသောကြောင့် အလွန်ဝမ်းနည်းစရာကောင်းပါသည်။ သန့်ရှင်း၍ ထာဝရတည်သောအရာများသည် စိတ်နှလုံးအပေါ်၌ဩဇာညောင်းခြင်းမရှိ။ ပေးလှူလိုသောစိတ်ဆန္ဒစေတနာကို မဖြစ်ပွားစေဘဲ ပျော်ပွဲရွှင်ပွဲနှင့်စားသောက်ပွဲများ၏ဆွဲဆောင်မှုကြောင့်သာ စိတ်နှလုံး၌ ကောင်းမှုပြုလိုသောသဘောပေါ်ပေါက်လာရခြင်းသည် ဝမ်းနည်းစရာကောင်းသောဖြစ်ရပ်ဖြစ်ပါသည်။

## မောရှေသည်ထိထိုးခြင်းကိုစီမံခြင်းမပြု

မောရှေသည် တောဌ်ကြေးငွေရရှိဖို့ရန် ကြံစည်ရာ၌များစွာအောင်မြင်ခြင်းနှင့်တွေ့ရသည်။ အတင်းအကျပ်တောင်းခံ

ဖို့ရန်မလိုခဲ့ပေ။ မောရှေသည် ကြီးကျယ်သောစားသောက်ပွဲများကိုကျင်းပခြင်းမပြု၊ ပျော်ပွဲရွှင်ပွဲများ၊ ကခုန်ခြင်းများ၊ ပွဲသို့လူအပေါင်းတို့ကိုလာရန် ဖိတ်ခေါ်ခြင်းမပြု၊ တော၌ ဘုရားသခင်အဖို့ တဲတော်ဆောက်ရာ၌ ကုန်ကျမည့်စရိတ်အတွက် ငွေကြေးရရှိဖို့ရန် ထီဖွင့်ခြင်းလည်းမလုပ်ပေ။ ဘုရားသခင်သည် မောရှေမှတစ်ဆင့် ဣသရေလလူမျိုးတို့အား အလှူငွေယူဆောင်လာကြရန် အမိန့်ပေးလိုက်သည်။ မောရှေသည် လူတို့ထံမှ ကိုယ့်စေတနာအလျောက် စိတ်ပါ၍ပေးသောလက်ဆောင်ပဏ္ဏာများကိုလက်ခံယူရမည်။ ဤကဲ့သို့ကိုယ့်စေတနာအလျောက်ပေးကမ်းသောအလှူငွေသည် အလွန်များပြားသည်ဖြစ်သောကြောင့် ထပ်၍မမေးရန် ကြေညာလိုက်သည်။ သူတို့သည် မြောက်မြားစွာပေးကမ်းခဲ့ပြီဖြစ်၍ ရပ်တန့်ရမည်။ အသုံးပြုနိုင်သည်ထက်ပို၍နေသည်။

အပျော်အပါးလိုက်စားခြင်းနှင့် ခံတွင်းအရသာခံယူခြင်း၌စာတန်သည် ခရစ်တော်၏နောက်လိုက်များအပေါ်၌ အနိုင်ယူလိုက်လေသည်။ အလင်း၏ကောင်းကင်တမန်ကဲ့သို့ဝတ်ဆင်လျက်သူသည် သမ္မာကျမ်းစာမှအချက်အလက်များကို ရွတ်ဆိုပြသလိမ့်မည်။ လူတို့အား လောကနှင့်ဆိုင်သောအရာများကိုလုပ်ကိုင်ရန် သွေးဆောင်ခြင်းတွင် သူ၌အပြစ်လွှတ်ခွင့်ပြုထား



သည်ဟူသောသဘောကို သက်ရောက်စေခဲ့သည်။ ခရစ်တော်၏နောက်လိုက်များဟုပြောဆိုသောသူများသည် ကျင့်ဝတ္တရား၌ခွန်အားနည်းကြ၍ သူတို့ရှေ့၌စာတန်ပြသထားသောတံစိုးလက်ဆောင်များ၌သာ နှစ်ခြိုက်နေကြသည်။ ဤနည်းဖြင့် စာတန်သည် အောင်မြင်ခြင်းကိုရရှိခဲ့သည်။

ဤနည်းဖြင့် ငွေကြေးထောက်ပံ့ခြင်းရနေသောအသင်းတော်များကို ဘုရားသခင်သည် မည်ကဲ့သို့ကြည့်ရှုတော်မူသနည်း။ သခင်ခရစ်တော်သည် ဤအလှူငွေများကို လက်ခံတော်မမူနိုင်ပေ။ အကြောင်းမှာ သူတို့သည် ကိုယ်တော်ကိုချစ်၍ ကိုးကွယ်ဝတ်ပြုလိုသောကြောင့် ပေးကမ်းခြင်းမဟုတ်။ မိမိတို့ကိုယ်တိုင် မမှန်သောဘုရားသခင်ကိုကိုးကွယ်ခြင်းဖြင့်ပေးသည်။ အများသောသူတို့သည် ခရစ်တော်ကိုချစ်၍ မပြုလုပ်သောအရာများကိုသူတို့သည် လောကစည်းစိမ်ခံစားခြင်းအဖို့လည်းကောင်း၊ ဇာတိပကတိနှလုံးကိုနှစ်သက်စေဖို့ရန်လည်းကောင်း ပြုလုပ်ကြလိမ့်မည်။ R & H, Oct. 13, 1874.

## နာဒပ်နှင့်အဘိဟုတို့၏အပြစ်ကိုထပ်၍ပြုလုပ်ခြင်း

ခရစ်ယာန်ဟုခေါ်သောသူတို့သည် ကိုယ်တော်၏အမှုတော်အတွက် ကိုယ်တော်အကြံအစည်ရှိသောငွေကြေးရှာခြင်း

နည်းလမ်းကိုပယ်ကြသည်။ လိုအပ်သောကြေးငွေကိုရရှိဖို့ရန် သူတို့သည် မည်သည့်အရာကိုလုပ်ကိုင်ကြသနည်း။ သူတို့လိုက်နာသောနည်းလမ်း၏ဆိုးယုတ်ခြင်းကို ဘုရားသခင်တွေ့မြင်တော်မူသည်။ ဝတ်ပြုကိုးကွယ်သောနေရာများသည် ဖောက်ပြန်သောအရာများနှင့် ရုပ်ထွေးလျက် အသင်းတော်သို့ပေးအပ်ရမည့်ငွေအနည်းငယ်ကိုပင် အပျော်အပါးလိုက်စားခြင်း၌ သုံးဖြုန်းလိုက်ကြသည်။ ဤလူအများတို့သည် သူတို့၏စိတ်အလိုအတိုင်း ဘာသာရေးအတွက် တစ်ပြားတစ်ချပ်မျှပေးကြမည်မဟုတ်။ ကိုယ်တော်၏အမှုတော်ကိုထောက်ပံ့ဖို့ရန် ဘုရားသခင်ညွှန်ကြားချက်၌ ယာယီဈေးတည်ခင်းရောင်းချခြင်းများ၊ ကပွဲများနှင့် အခြားပျော်ရွှင်ပွဲများကိုပြုလုပ်ရမည်ဟု မိန့်တော်မူခဲ့သလား။ ဘုရားသခင်၏နှုတ်ကပတ်တော်မှ ပိတ်ပင်ထားသောအရာများကို ကိုယ်တော်၏အမှုတော်တိုးတက်ရေးအတွက် ထောက်ပံ့ခြင်းရရှိဖို့ရန် မှီခိုရမည်လား။ ထိုအရာများသည် စိတ်နှလုံးကို ဘုရားသခင်အထံတော်မှဝေးကွာစေသည်မဟုတ်လော့။

မယုံကြည်သောသူတို့၏စိတ်၌ မည်သည့်ထင်မြင်ခြင်းကိုဖြစ်ခဲ့သနည်း။ ဘုရားသခင်နှုတ်ကပတ်တော်၏သန့်ရှင်းခြင်းအဆင့်အတန်းသည် မြေတိုင်အောင်ကျဆင်းခဲ့ပြီ။ ဘုရားသခင်နှင့်



ခရစ်ယာန်တို့၏နာမည်ကို မထီလေးစားပြုလုပ်ခဲ့ပြီ။ သမ္မာကျမ်းစာ၏ညွှန်ကြားချက်မရှိသောကြေးငွေကောက်ခံခြင်းကြောင့် ဖောက်ပြန်သောကျင့်ဝတ်များသည် ခိုင်ခံ့ခြင်းသို့ရောက်ခဲ့သည်။ ဤနည်းသည် စာတန်အလိုရှိသောနည်းလမ်းဖြစ်သည်။ လူတို့သည် နာဒပ်နှင့်အဘိဟု၏အပြစ်ကိုပြန်၍ပြုလုပ်နေကြသည်။ သူတို့သည် ဘုရားသခင်၏အမှုတော်၌ သန့်ရှင်းသောမီးအစား ထူးခြားသောမီးများကိုအသုံးပြုနေကြသည်။ ဘုရားသခင်သည် ဤကဲ့သို့သောအလှူငွေများကိုအလိုမရှိ။

ဤနည်းလမ်းများဖြင့် ကိုယ်တော်၏ဘဏ်တိုက်သို့ ငွေကိုယူဆောင်လာခြင်းသည် ကိုယ်တော်အဖို့ စက်ဆုပ်ရွံရှာဖွယ်ရာဖြစ်သည်။ မမှန်ကန်သောဝတ်ပြုကိုးကွယ်ခြင်းဖြစ်၍ ဤနည်းလမ်းများကိုသုံးကြသည်။ ခရစ်ယာန်များဟုခေါ်သောသူတို့အပေါ်၌ မိုက်မဲခြင်းဖြစ်စေခဲ့ပြီ။ နောဧလက်ထက်၌ လူအပေါင်းတို့၏စိတ်နှလုံးသည် အစဉ်မကောင်းမှုနှင့်ပြည့်ဝနေသကဲ့သို့ အသင်းသားများတို့သည် ဤအခြေအနေ၌ရှိကြသည်။ ဘုရားသခင်ကိုကြောက်ရွံ့သောသူအားလုံးတို့သည် ခရစ်တော်၏ဘာသာတရားကိုအလွဲဖော်ပြသော ဤအလေ့အကျင့်များကို ရွံရှာကြလိမ့်မည်။
R & H, Dec. 8, 1896.

## မူမမှန်သောရက်ရောခြင်း

တရားဟောဆရာသည် ချမ်းသာကြွယ်ဝသောသူအချို့တို့အတွက် အထူးမြတ်နိုးအပ်သောသူဖြစ်ကောင်းဖြစ်လိမ့်မည်။ သူ့အပေါ်၌ အလွန်ရက်ရောခြင်းရှိပေမည်။ ထိုကြောင့် တရားဟောဆရာသည် ကျေနပ်နှစ်သက်ခြင်းရှိ၏။ သူသည်လည်း အလှူရှင်သူဌေး၏စေတနာကို အထူးချီးကျူးပြောဆိုသည်။ လူများရှေ့တွင် ထင်ပေါ်၍ သူ၏နာမည်သည် ချီးမြှောက်ခြင်းခံရပေမည်။ သို့သော်လည်း အလှူရှင်သည် သူရရှိသောချီးမွမ်းခြင်းနှင့် လုံးဝမထိုက်တန်ပေ။

သူ၏ရက်ရောခြင်းသည် သူ၌ရှိသောကြေးငွေများဖြင့် ကောင်းမှုပြုလိုသောအကျင့်များမှပေါ်လာခြင်းမဟုတ်။ သူ၌ ဘုရားသခင်၏အမှုတော်တိုးတက်ဖို့ရန် နှစ်သက်သဘောကျသောကြောင့်လည်းမဟုတ်။ မိမိကိုယ်ကျိုးကိုကြည့်၍ ရက်ရောခြင်းရှိသည်ဟု လူများရှေ့၌ထင်ပေါ်လိုသောဆန္ဒကြောင့်ဖြစ်သည်။ စိတ်၌လှုပ်ရှားလာခြင်းကြောင့် ပေးကမ်းခြင်းဖြစ်ပေမည်။ သို့သော် သူ၏ရက်ရောခြင်းကျင့်ဝတ္တရားသည် လေးနက်ခြင်းမရှိပေ။ စိတ်ထကြွစရာကောင်းသောသမ္မာတရားကို နားထောင်ရသောကြောင့် လှုပ်ရှားခြင်းဖြစ်လာသောအခါ သူ၏စေတနာ



ထက်သန်လာခဲ့သည်။ သို့သော်လည်း သူ၏ရက်ရောခြင်း၌ နက်ရှိုင်းသောရည်ရွယ်ချက်မရှိပေ။ သူသည် သူ၏စိတ်အလိုလိုက်ခြင်းကိုမှီ၍ပေးကမ်းသည်။ သူ၏ငွေအိတ်သည် စေတနာရှိသောအခါတိုင်း ပွင့်လာသည်။ စေတနာတွန့်တိုသောအခါ ပိတ်သွားပြန်သည်။ သူ့ကိုချီးမွမ်းစရာမလိုပေ။ တည့်တည့်ပြောဆိုရလျှင် သူသည် စေးနှဲသောသူဖြစ်သည်။

သူ၌မှန်ကန်သောပြောင်းလဲခြင်းမရှိလျှင် သူ၏ပိုက်ဆံအိတ်နှင့်အတူ အပြစ်တင်ပြောဆိုခြင်းခံရမည်။ "အချင်းသူဌေးသူကြွယ်တို့၊ ယခုလာကြ၊ သင်တို့အပေါ်၌ရောက်လတ္တံ့သောဆင်းရဲဒုက္ခဝေဒနာကြောင့် ငိုကြွေးအော်ဟစ်ကြ၊ သင်တို့၏ဥစ္စာပစ္စည်းသည် ပုပ်စပ်လျက်ရှိ၏။ အဝတ်ကိုလည်း ပိုးကိုက်စားလေပြီ။"

ထိုသို့သောလူများသည် မိမိကိုယ်ကိုလိမ်လည်လှည့်ဖြားခြင်းမှနိုးလာကြလိမ့်မည်။ သူတို့၏အပေါ်ယံကရက်ရောခြင်းကိုချီးမွမ်းသောသူတို့သည် သူတို့ကိုလိမ်လည်ဖို့ရန် စာတန်ကိုလမ်းစပေးကြသည်။ သူတို့၌ အလွန်ရက်ရောခြင်း၊ အလွန်အနစ်နာခံခြင်းများရှိသည်ဟု ထင်မြင်စေသည်။ အမှန်မှာ သူတို့သည် ပထမဆုံးဖြစ်သောရက်ရောခြင်း (သို့မဟုတ်) ကိုယ်ကိုအနစ်နာခံခြင်းကို မသိကြပေ။ 1T 475, 476.

–၀–